




# မြေခွန်တော်၊ မြေပိုင်ဆိုင်မှုနှင့်

## မြေယာဆိုင်ရာ သိမှတ်ဖွယ်ရာများ

ဦးကျော်မင်း ၊ နတ်မောက် ၊



mgyoe.com SAMPLE BOOK

ဤစာအုပ်သည် သက်ဆိုင်ရာ မြေယာစီမံခန့်ခွဲရေး ဝန်ထမ်းများအတွက်သာမက မြေယာသမိုင်းကို စိတ်ဝင်စားသူများ၊ မြေယာဥပဒေကို အခြေခံ၍ နားလည်သဘောပေါက်လိုသူများအပြင် မြေယာနှင့်ပတ်သက်နိုင်ကြသည့် အများပြည်သူကို အားကိုးအားထားပြုရမည့် စာအုပ် တစ်အုပ် ဖြစ်ပါသည်။

- မြို့မြေ (Urban Survey) တိုင်းတာပြီး ဆိုပါက မပြီးမနေ ဆောင်ရွက်ရသည့် Boundary Officer နှင့် Demarcation Officer များ ခန့်ထားသည့်နှင့် ၎င်းတို့ တာဝန်ယူရမည့် ကိစ္စရပ်များ၊ တိုင်းတာ ရရှိလာသော မြို့ကွက်မြေပုံသစ်၌ ဦးပိုင် ခွဲခြား စုံစမ်းခြင်း (Tenure Enquire) ဆောင်ရွက်မှု လုပ်ငန်း၏ သဘောသဘာဝနှင့် Tenure Enquire နှင့် တစ်ဆက်တည်း မြို့မြေ စီမံခန့်ခွဲမှု၌ အရေးပါလှသော မြေပိုင်ဆိုင်မှုမှတ်တမ်း မြေရာဇဝင် (I-A) ၏ ကနဦး မူလအစ ဖြစ်သည့် Town Land Roll ကို မည်သို့ရေးဆွဲ၍ မြေရာဇဝင်မှတ်တမ်း (၁-က မှတ်ပုံတင်စာရင်း) ဆက်လက်တည်ဆောက်ရမှုတို့ကို တည်ဆဲဥပဒေ၊ ညွှန်ကြားချက်များနှင့် အညီ ရှင်းလင်းဖော်ပြထားပါသည်။

- လယ်ယာမြေကို အခြားနည်း သုံးစွဲခွင့်ပြုမိန့်ကောက်ခိုင်း လန ၃၉ သို့မဟုတ် လယ ၃၀ ခွင့်ပြုမိန့်ရရှိမြေအပေါ် နောက်ဆက်တွဲ စီမံခန့်ခွဲရသည့် လုပ်ထုံးလုပ်နည်းများနှင့် ဂရန်မြေအဖြစ် မည်သို့ပြောင်းလဲနိုင်မှုများကို လေ့လာသိရှိရန်နှင့် ၁၉၅၃ လယ်နိုင် အက်ဥပဒေအရ သိမ်းဆည်းခဲ့သော လယ်ယာမြေများကို ၁၈၉၄ မြေသိမ်းဥပဒေတွင် ပြဋ္ဌာန်းထားသော ဈေးကွက်တန်ဖိုး (Market Value) အရ ပေးလျော်မှု မရှိခဲ့ဘဲ မြေခွန်၏ ၁၂ ဆမှ အဆ ၂၀ သာ ပေးလျော်ခဲ့ရသည် ဆိုသော အကြောင်းရင်းကိုပါ စိစစ်တင်ပြထားပါသည်။

- ၁၉၅၃ လယ်နိုင်ဥပဒေအရ သိမ်းယူခြင်းခံရသော လယ်ယာမြေသည် တားမဦးရ ဘိုးဘပိုင် ဖြစ်စေကာမူ နိုင်ငံတော်က မြေ ပြန်လည် ရယူလိုက်၍ လယ်ယာမြေ သိမ်းဆည်းခံရသူများ၏ အစဉ်အဆက် တည်ရှိနေသည့် သိမ်းယူခြင်း မပြုမီက ဆက်ရောက်သမျှသော အခွင့်အရေး အားလုံးသည် ထိုလယ်ယာမြေကို နိုင်ငံတော် သမ္မတက ပြန်လည်သိမ်းယူသည့်အခါ၌ လုံးဝ ရပ်စဲသွားခြင်းကိုလည်း သိရှိလေ့လာရပါမည်။ မြေခွန်တော်အရပ်ရပ် စည်းကြပ်မှု အကြောင်းအရာနှင့် တစ်ခေတ်တစ်ခါက အဓိကကျသည့်အခွန်တော်ဖြစ်သော လူခွန်တော်နှင့် သဿ မေဓခွန်တို့၏ ရာဇဝင်တို့ကို မြေယာစီမံခန့်ခွဲရေးပညာရှင်က စေ့စေ့သေချာစွာ ရှင်းလင်း တင်ပြထားချက်များကို ဗဟုသုတအဖြစ် လေ့လာနိုင်ပါသည်။

- ယနေ့ နိုင်ငံတော်၏ Pro-Poor plan အရ Landless Farmers and Small Holder များကို မြေယာချထားမှု စီစဉ်သည့်လုပ်ငန်းတွင် နည်းယူ ကိုးကား၍ ခေတ်မီ နည်းနိဿယတို့ဖြင့် ပြန်လည်အသုံးပြုသင့်သည့် ဗြိတိသျှကိုလိုနီခေတ်ကာလတွင် မြေမဲ့ယာမဲ့များကို လယ်ယာ လုပ်ကိုင်နိုင်ရန် အစိုးရက စီမံဆောင်ရွက်ခဲ့သော နယ်သစ်ဖွင့်မြေချထားမှုစနစ် (State Colony System) ကိုလည်း ရှာဖွေထုတ်နုတ်၍ တင်ပြထားပါသည်။

mgyoe.com

mgyoe.com
SAMPLE BOOK
mgyoe.com

mgyoe.com SAMPLE BOOK

- စာရေးသူအနေဖြင့်မူ စာတစ်စောင် ပေတစ်ဖွဲ့ ပြုစုထားရှိသင့်သော မြေယာနှင့်စပ်ဆိုင်သည့်အကြောင်းအရာတချို့ကို ဤစာအုပ်ဖြင့် မှတ်တမ်းတင်ပြုစုနိုင်ခဲ့ခြင်းကြောင့် ကျေနပ်အားရ ဖြစ်ရပါသည်။ တစ်ခေတ်တစ်ခါက ဗြိတိသျှတို့၏ မြေယာစီမံခန့်ခွဲမှု သဘောတရားနှင့် လုပ်ထုံးလုပ်နည်းများကိုပါ ယနေ့ခေတ်လူငယ်များသို့ လက်ဆင့်ကမ်းပေးခြင်း ဖြစ်ရာ ယနေ့ မြေယာပြဿနာများ၊ မြေယာစီမံခန့်ခွဲမှုကိစ္စများ ဆောင်ရွက်ရာတွင် ဆက်စပ် အသုံးပြုသင့်သော အချက်များကို ယူတတ်က ယူနိုင်စေရန်အလို့ငှာ စုစည်း တင်ပြပေးခြင်း ဖြစ်ရာ အကျိုးရှိစွာ အသုံးချနိုင်ပါစေဟု ဆန္ဒပြုအပ်ပါသည်။

*ဤစာအုပ် ထုတ်ဝေရခြင်းနှင့် ပတ်သက်၍ မှ*

- အင်္ဂလိပ်အစိုးရက သူ့ကိုလိုနီနယ်မြေပေါ်မှာ နေတဲ့ ပြည်သူတွေဆီကနေ ရနိုင်သမျှ အခွန်ကို နည်းမျိုးစုံ ခြစ်ကုတ် တောင်းခံတဲ့ သဘောပါ။ တစ်ခုကံကောင်းတာက လူခွန်တော် ပေးဆောင်ရတာ မိန်းမသားတွေ မပါဘဲ ယောကျ်ားသားတွေကိုပဲ ပေးဆောင်စေတာပါ။ တစ်ချက်ခုတ် နှစ်ချက်ပြတ်သဘော အခွန်လည်း ရအောင်၊ မိမိတို့အုပ်စိုးသူတွေကို တော်လှန် ပုန်ကန်နိုင်မယ့် အရွယ်ရောက် ယောကျ်ားသားတွေ စာရင်းကို ထိန်းချုပ် စောင့်ကြည့်နိုင်အောင် ဆိုတဲ့ ရည်ရွယ်ချက် ပါများပါနေမလား တွေးကြည့်မိပါတယ်။ လူခွန်တော် ထမ်းဆောင်ရမယ့် အမျိုးသားတွေကတော့ အသက် ၁၈ နှစ်အတွင်းကနေ အသက် ၆၀ အတွင်းရှိ အမျိုးသားတွေ ဖြစ်ပါတယ်။

*မြေခွန်တော်နှင့် သဿမေဓခွန်၊ လူခွန်တော် မှ*

mgyoe.com

mgyoe.com SAMPLE BOOK

❑ မြေတိုင်းတာပြီး ဖြစ်ပေမဲ့လည်း မြေပုံဟောင်းနဲ့ စာရင်းဟောင်းကိုပဲ ဆက်အသုံးပြုနေရသေးတဲ့ မြို့တွေ အများကြီးပါ။ မြို့ကွက် ပြန်တိုင်းပြီးပေမဲ့လည်း မြေပုံသစ်ကို အသုံးမချနိုင်ဘဲ မြေကြီးမြေပုံ မကိုက်တော့တဲ့အပြင် စာရင်းအချက်အလက် မမှန်ကန်တော့တဲ့မြေပုံစာရင်းတွေနဲ့ နှစ်ပါးသွားနေရတာ အမြင်မတော်ဆင်တော်နဲ့ ခလောက် ဆိုသလိုပါပဲ။ အခု မြေစာရင်း (လယ်စီအင်း) ဌာနက မြို့မြေတွေ ပြန်တိုင်းပါပြီ ဆိုစေဦး၊ အခြေခံ လုပ်ရမယ့် အလုပ်တွေ မလုပ်တတ်၊ မထူထောင်တတ်ရင်တော့ ဘာမှ ထူးခြားလာမှာ မဟုတ်ပါဘူး။

*မြို့မြေတိုင်းရာတွင်* မှ

❑ အရင်က ကွင်းမြေပုံ တိုင်းတာမှု မရှိခဲ့တဲ့ Unsurvey Area တွေမှာ အခုမှ မြေပုံရရှိအောင် တိုင်းတာတဲ့ မူလတိုင်း တောကွင်းတွေ၊ မြို့ကွက်သစ် အကွက်မြေပုံတွေအတွက် ဦးပိုင်များ စုံစမ်းခွဲခြား သတ်မှတ်ခြင်း ပြီးပြီ ဆိုရင် အသစ်တိုင်းတာ ရရှိတဲ့ ကွင်းမြေပုံ/မြို့ကွက်မြေပုံအရ ဆက်လက် ဆောင်ရွက်ရတဲ့ လုပ်ငန်းဟာ မြေပိုင်ဆိုင်မှုနည်းလမ်းတွေ စုံစမ်းမှတ်တမ်းတင်ခြင်း ဖြစ်ပါတယ်။ မြေတန်ဖိုး ကြီးမြင့်လို့ ပိုင်ဆိုင်မှုပြဿနာ ရှုပ်ထွေးတတ်တဲ့ မြို့မြေအကွက်တွေအတွက် မြေပိုင်ဆိုင်မှု စုံစမ်းဖို့ သင့်လျော်တဲ့ အရာရှိတစ်ဦးကို အချိန်ကာလတစ်ရပ် သတ်မှတ်ပြီး အမိန့်ထုတ်ပြန် တာဝန်ပေးအပ် ခန့်ထား ဆောင်ရွက်စေလေ့ ရှိပါတယ်။

*မြေပိုင်ဆိုင်မှု စုံစမ်းခြင်းများ (Tenure Enquiries)* မှ

❑ မြေအသိမ်းခံရပြီဆိုပါက မြေကို သိမ်းချင်သလို မသိမ်းသွားစေရန်၊ လိုသည်ထက်ပိုမသိမ်းနိုင်စေရန်၊ အမှန်တကယ် နိုင်ငံတော်နှင့် ပြည်သူများအတွက် အကျိုးရှိမည့် လုပ်ငန်းမှလွဲ၍ မသိမ်းနိုင်စေရန်၊ မြေသိမ်းခံရသူများ၊ မြေနှင့် ပတ်သက်ဆက်စပ်သူများ၊ Affected Family များအတွက် နစ်နာမှုများ၊ မြေ၊ အဆောက်အအုံသာမက အသက်မွေးဝမ်းကျောင်းလုပ်ငန်း ဆုံးရှုံးရမှုများအတွက် ပြန်လည်နေရာချထားရေးနှင့် ပြန်လည်ထူထောင်ရေး အစီအစဉ်များ ပြည့်စုံစွာ ပါရှိစေရန်၊ ပြန်လည်အခြေချ နေထိုင်မှုများအတွက် သင့်လျော်မျှတသည့် အစီအစဉ်များ ဖြည့်ဆည်းပေးစေရန်၊ အသိမ်းခံရစဉ်အတွင်း နစ်နာသူ ပြည်သူများက တားဆီး ကန့်ကွက်ခွင့်များ၊ ပူးပေါင်း ဆောင်ရွက်နိုင်ခွင့်များ၊ အရေးဆိုခွင့်များ ရှိစေရန် စသည့် အချက်များ ဥပဒေမှာ ပါ မပါက ပိုအရေးကြီးပါသည်။

*မြေသိမ်းဥပဒေများ၏ အခြေခံမှုများ* မှ

mgyoe.com

mgyoe.com

SAMPLE BOOK

WISDOM HOUSE
စာအုပ် ၂၀၉

# မြေခွန်တော်၊ မြေပိုင်ဆိုင်မှုနှင့် မြေယာဆိုင်ရာ သိမှတ်ဖွယ်ရာများ

ဦးဇော်မင်း ၊နတ်မောက်၊

WISDOM HOUSE
၀၁-၅၄၅၀၃၆၊ ၀၉-၅၀၅-၈၅၃၃၊ ၀၉-၄၃၀-၄၁၈၅၇။
*wisdomhouse.mm@gmail.com*

mgyoe.com

mgyoe.com SAMPLE BOOK


| | |
|---|---|
| ပထမအကြိမ် | ဇူလိုင်လ၊ ၂၀၁၈ ခုနှစ်။ |
| အုပ်ရေ | ၁၀၀၀ |
| ထုတ်ဝေသူ | ဦးမောင်မောင်<br>Wisdom House စာအုပ်တိုက် (မြ-၀၀၄၇၁)၊<br>အခန်း (၂၀၄)၊ တိုက် (၈၇၅-၈၇၆)၊<br>လက်ဝဲမင်းဒင်လမ်း၊ မေတ္တာညွှန့်ရပ်ကွက်၊<br>တာမွေမြို့နယ်၊ ရန်ကုန်မြို့။ |
| ပုံနှိပ်သူ | ဦးတင်အောင်ကျော်<br>စွယ်တော်ပုံနှိပ်တိုက် (မြ-၀၀၄၁၁)၊<br>အမှတ် (၁၄၇)၊ (၅၁) လမ်း (အထက်)၊<br>ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်။ |
| မျက်နှာဖုံးဒီဇိုင်း | ကိုကြီးဌေး |
| အတွင်းအပြင်အဆင် | H. Lwin |
| တည်းဖြတ် | အေးကျော်မင်း |
| တန်ဖိုး | ၆၀၀၀ ကျပ် [illegible] ၁,၂၀၀၀ |

၃၃၀

ဇော်မင်း၊ ဦး (နတ်မောက်)

မြေဥပဒေ၊ မြေပိုင်ဆိုင်မှုနှင့် မြေယာဆိုင်ရာ သိမှတ်ဖွယ်ရာများ /

ဦးဇော်မင်း (နတ်မောက်) - ရန်ကုန်။

Wisdom House စာအုပ်တိုက်၊ ၂၀၁၈။

၃၀၃ စာ၊ ၁၃ × ၂၀. ၅ စင်တီ။

(၁) မြေဥပဒေ၊ မြေပိုင်ဆိုင်မှုနှင့် မြေယာဆိုင်ရာ သိမှတ်ဖွယ်ရာများ


mgyoe.com

mgyoe.com SAMPLE BOOK

## ဦးဇော်မင်း (နတ်မောက်)

အဖ နတ်မောက်ဦးဘုန်းကျော်၊ အမိ ဒေါ်အေးရီ (ညီညက်) တို့မှ ရန်ကုန်မြို့ စမ်းချောင်းရပ်တွင် ၁၉၅၂ ခုနှစ် နိုဝင်ဘာလ ၇ ရက်နေ့တွင် မွေးဖွားခဲ့သည်။ မူလတန်းနှင့် အလယ်တန်းပညာများကို မြို့မအမျိုးသား အထက်တန်းကျောင်း [အထက (၂)၊ ဒဂုံ]၊ အထက်တန်းပညာကို အထက (၂) ကြည့်မြင်တိုင်၊ အထက (၁) တာမွေတို့တွင် သင်ကြားခဲ့ပြီး ၁၉၆၉ ခုနှစ်တွင် တက္ကသိုလ်ဝင်တန်းစာမေးပွဲ အောင်မြင်ခဲ့သည်။ ၁၉၇၄ ခုနှစ်တွင် ရန်ကုန် ဝိဇ္ဇာနှင့်သိပ္ပံတက္ကသိုလ်မှ သိပ္ပံဘွဲ့ (ဓာတုဗေဒ) ရရှိသည်။

တက္ကသိုလ်ကျောင်းသားဘဝတွင် ယဉ်မင်းလတ် (ရန်ကုန်တက္ကသိုလ်)၊ ကိုဇော် (နတ်မောက်) ကလောင်အမည်တို့ဖြင့် ဝတ္ထုများ စတင် ရေးသားခဲ့ပြီး ၁၉၇၄ တက္ကသိုလ်နှစ်လည်မဂ္ဂဇင်းတွင် ရေးသားခဲ့သော စိမ့်မြိုင်က စောင်းသမား ဝတ္ထုတိုကို ဒါရိုက်တာ မောင်တင်ဦးနှင့် ၁၉၇၆ ၌ ရုပ်ရှင်ရိုက်ကူးခဲ့သည်။

ကြေးတိုင်နှင့်မြေစာရင်းဦးစီးဌာနသို့ မြို့နယ်မြေစာရင်းဦးစီးဌာနမှူး ရာထူးဖြင့် ၁၉၇၆ တွင် ဝင်ရောက်အမှုထမ်းသည်။ မြို့နယ်မြေစာရင်းဦးစီးမှူးနှင့် ခရိုင်မြေစာရင်းဦးစီးမှူးအဖြစ် နမ့်ခမ်း၊ ဖျာပုံ၊ ကျိုက်လတ်မြို့နယ်တို့တွင်လည်းကောင်း၊ ဗဟိုမြေယာကော်မတီ (ရှင်းလင်းရေး) ဌာနခွဲ၊ လယ်ယာသန်းခေါင်စာရင်း စီမံကိန်းရုံးနှင့် အောက်မြန်မာပြည် ကြေးတိုင်ဦးစီးဌာနတို့တွင်လည်းကောင်း၊ ဖျာပုံခရိုင်၊ ကသာခရိုင်၊ ရွှေဘိုခရိုင်တို့တွင်လည်းကောင်း အမှုထမ်းခဲ့သည်။ ၂၀၀၅ ခုနှစ်တွင် ရှမ်းပြည်နယ် (တောင်ပိုင်း) ပြည်နယ်မြေစာရင်းဦးစီးဌာန၌ ဒုတိယပြည်နယ်ဦးစီးမှူး၊ ၂၀၀၆ ခုနှစ်တွင် ကြေးတိုင်နှင့် မြေစာရင်းဦးစီးဌာန (ရုံးချုပ်) မြေယာစီမံဌာနခွဲ၌ ဒုတိယညွှန်ကြားရေးမှူး၊ ၂၀၀၇ ခုနှစ်မှ ၂၀၁၁ ခုနှစ်အထိ ပဲခူးတိုင်းဒေသကြီး မြေစာရင်းဦးစီးမှူး၊ ၂၀၁၁ မှ ၂၀၁၂ အထိ ရန်ကုန်တိုင်းဒေသကြီး မြေစာရင်းဦးစီးမှူးတာဝန်များ ထမ်းဆောင်ခဲ့ပြီး ၂၀၁၂ နိုဝင်ဘာလတွင် သက်ပြည့်အငြိမ်းစားယူခဲ့သည်။

၁၉၉၀-၁၉၉၁ ခုနှစ်တွင် အမေရိကန်ပြည်ထောင်စုသို့ လယ်ယာသန်းခေါင်စာရင်း ဘာသာရပ်များကို F.A.O Fellowship Program ဖြင့် သွားရောက်

mgyoe.com

mgyoe.com SAMPLE BOOK

သင်ကြားခဲ့သည်။ ၂၀၀၇ နှင့် ၂၀၁၀ ပြည့်နှစ်များတွင် တရုတ်နိုင်ငံနှင့် ထိုင်းနိုင်ငံတို့သို့ ဌာနတာဝန်ဖြင့် လေ့လာရေး သွားရောက်ခဲ့သည်။

အငြိမ်းစား ယူခဲ့ပြီးနောက် အရပ်ဘက် လူမှုအဖွဲ့အစည်းများ၊ အစိုးရမဟုတ်သော အဖွဲ့အစည်းများနှင့် ပူးတွဲ၍ တောင်သူအသိအမြင်ဖွင့် မြေယာဥပဒေ သင်တန်းများ၊ အလုပ်ရုံ ဆွေးနွေးပွဲများကို နယ်လှည့် ဆောင်ရွက်ရင်း မြေယာဥပဒေ လုပ်ထုံးလုပ်နည်းများနှင့် မြေယာစီမံခန့်ခွဲမှု ပညာပေးဆောင်းပါးများကို ဦးဇော်မင်း (နတ်မောက်)၊ ကိုဇော် (နတ်မောက်) ကလောင်အမည်တို့ဖြင့် စာနယ်ဇင်းများတွင် ရေးသား တင်ပြလျက်ရှိသည်။

၂၀၁၆ ခုနှစ်တွင် Wisdom House စာအုပ်တိုက်က 'မြေယာစီမံခန့်ခွဲမှုနှင့် မြေအသုံးချရေးဆိုင်ရာ သိကောင်းစရာများ' စာအုပ်နှင့် 'ဘိုးဘပိုင်မြေများနှင့် လယ်ယာမြေ ဥပဒေဆိုင်ရာ ပြဿနာများ' စာအုပ်တို့ကို ရေးသား ထုတ်ဝေခဲ့သည်။

ယခုအခါ မြေယာမဏ္ဍိုင်အဖွဲ့ Land Core Group တွင် Land Law and Management Consultant အဖြစ် ဆောင်ရွက်ရင်း ရန်ကုန်မြို့၊ ရန်ကင်းမြို့နယ်၊ အမှတ် (၃) ရပ်ကွက်၊ ရွှေအုန်းပင်အိမ်ရာ အမှတ် (၄)၊ တိုက်အမှတ် (၄/၄)၊ အခန်း (၁၄) တွင် နေထိုင်လျက်ရှိသည်။

mgyoe.com

mgyoe.com SAMPLE BOOK

# မာတိကာ


◆ ဤစာအုပ် ထုတ်ဝေရခြင်းနှင့် ပတ်သက်၍ က

၁။ မြေယာမဲ့များအတွက် နယ်သစ်ဖွင့်ဒေသ State Colony များ ထူထောင်ခြင်း ၁

၂။ မြေခွန်တော်နှင့် သဿမေဓခွန်၊ လူခွန်တော် ၄၁

၃။ မြို့မြေ တိုင်းရာတွင် ၇၇

၄။ မြေပိုင်ဆိုင်မှု စုံစမ်းခြင်းများ (Tenure Enquiries) ၁၀၅

၅။ မြေခွန်စည်းကြပ်ခြင်း အမျိုးအစားများနှင့် အသုံးပြုသည့် ပြေစာများ ၁၃၇

၆။ လယ်ယာမြေ လွှဲပြောင်းမှုများနှင့် အောက်မြန်မာပြည် – မြေနှင့်အခွန်တော် ဥပဒေ ပုဒ်မ ၂၂ (က) ၁၅၇

၇။ မြေသိမ်းဥပဒေများ၏ အခြေခံမှုများ ၁၆၉

၈။ လယ်နိုင် ၃၉ ၏ နောက်ဆက်တွဲ ကိစ္စရပ်များ ၁၉၉

၉။ လယ်ယာမြေ နိုင်ငံပိုင်ပြုလုပ်ရေး ဥပဒေ၏ မြေသိမ်းလျော်ကြေး ဘာကြောင့် နည်းရသလဲ ၂၄၅

၁၀။ လန ၃၉ ခွင့်ပြုမိန့် ကျသည်နှင့် ဂရန်ပေးနိုင်သည့်မြေ ဖြစ်ပြီလား ၂၅၃

၁၁။ မြေစာရင်းပညာရပ်သည် မြေပုံ ရရှိရာမှ အစပြုသည် ၂၆၅

၁၂။ မြန်မာနိုင်ငံ၏ ပထမဆုံးသော မြေတိုင်းကျောင်း အောင်လက်မှတ် ရခဲ့သည့် အမျိုးသမီးကြီး ဒေါ်အမာ ၂၇၃


mgyoe.com

mgyoe.com SAMPLE BOOK

## ဤစာအုပ် ထုတ်ဝေရခြင်းနှင့် ပတ်သက်၍

ယခုစာအုပ်မှာ Wisdom House စာအုပ်တိုက်နှင့် ထုတ်ဝေသော ကျွန်တော်၏ တတိယမြောက် စာအုပ် ဖြစ်ပါသည်။ ယခုစာအုပ်တွင် မြေယာစီမံခန့်ခွဲရေးနှင့် မြေခွန်တော်သမိုင်းတွင် တိမ်မြုပ်နေသော ကိစ္စရပ်များကို အဓိက ပြုစု ရေးသားထားပါသည်။ နှောင်းလူများ သဘောမပေါက်သည့် ၁၉၅၃ လယ်ယာမြေ နိုင်ငံပိုင်ပြုလုပ်ရေး ဥပဒေအရ လယ်ယာမြေများ သိမ်းဆည်းခဲ့ခြင်းတွင် လျော်ကြေး သတ်မှတ်ခဲ့မှုသည် ထိုစဉ်က တည်ဆဲဥပဒေတစ်ရပ်ဖြစ်သော ၁၈၉၄ မြန်မာနိုင်ငံ မြေသိမ်းအက်ဥပဒေပါ သိမ်းယူစဉ် တည်ရှိသည့် ဈေးကွက်တန်ဖိုး (market value) အရ မဟုတ်ဘဲ မြေခွန်၏ ၁၂ ဆမှ အဆ ၂၀ သာ ပေးလျော်ခဲ့ရမှု၏ အခြေခံ သဘောတရားများ၊ လန ၃၉ ရရှိမြေကို စီမံအုပ်ချုပ်သည့် နည်းလမ်းများ၊ ယနေ့ခေတ်တွင် နိုင်ငံတကာ၌ ခေတ်စားနေသည့် Community Land ဆန်ဆန် အင်္ဂလိပ်ခေတ်က မြေမဲ့ယာမဲ့များကို ကျေးရွာတည်ထောင် မြေခွဲဝေချထားပေး၍ သမဓေးငွေ ဖက်စပ် လယ်ယာစနစ် ကျေးရွာတည်ထောင် ဆောင်ရွက်ခဲ့သည့် နယ်သစ်ဖွင့်ဒေသခေါ် State Colony ခေါ်သည့် မြေချထားမှုအကြောင်း၊ ကြားဖူးနားဝအဆင့်သာ ရှိတော့သည့် တစ်ခေတ်တစ်ခါက ဆရာစံ တောင်သူလယ်သမား အရေးတော်ပုံကြီး ဖြစ်စေခဲ့သည့် လူခွန်တော်နှင့် သဿမေဓခွန် စည်းကြပ်မှုများ၊ ကြေးတိုင်နှင့်မြေစာရင်းဌာနက စာရင်းမှတ်သား ပြုစု စည်းကြပ်ပေးနေသော မြေခွန်ပြေစာအရပ်ရပ်၏ အကြောင်းခြင်းရာများကို ဇောင်းပေး တင်ပြထားပါသည်။



mgyoe.com

mgyoe.com SAMPLE BOOK

ထို့ပြင် မြို့မြေစီမံခန့်ခွဲမှုတွင် အရေးပါလှသော မြို့မြေ တိုင်းတာစဉ် ဦးပိုင်တစ်ရပ်၊ မြေကွက်အတွက် ပိုင်ဆိုင်မှုမှတ်တမ်း ပြုစုရာတွင် အချက်အချာကျသည့် Boundary Officer နှင့် Demarcation Officer များ ခန့်ထားမှုနှင့် ၎င်းတို့ ဆောင်ရွက်ရသည့် Boundary Proceeding နမူနာအပြင် ဦးပိုင် ခွဲခြားခြင်း (Tenure Enquiry) လုပ်ငန်းများ၏ သဘောသဘာဝနှင့် မြို့မြေ မြို့ကွက်တိုင်းရာတွင် Tenure Enquiry ပြီးသည်နှင့် တစ်ဆက်တည်း Townland Roll ရေးဆွဲ၍ မြေရာဇဝင်မှတ်တမ်း (၁-က မှတ်ပုံတင်စာရင်း) တည်ဆောက်ရမှုတို့ကိုပါ ရှင်းလင်းပြထားပါသည်။

အထူးသဖြင့် မြေတိုင်းပညာရပ်များကို လွတ်လပ်ရေးရပြီးစ ကာလတွင် လုပ်ငန်းလိုအပ်ချက်အရ နိုင်ငံတော်အတွင်း၊ ကြေးမြေဌာနအတွင်း ပြန့်ပွားအောင် ဆောင်ရွက်ရာတွင်လည်းကောင်း၊ ဌာနဝန်ထမ်းများ မွေးထုတ်ပေးရာတွင်လည်းကောင်း တစ်ခန်းတစ်ကဏ္ဍမှ တာဝန်ကျေစွာ ထမ်းဆောင်ခဲ့ကြသော ပုဂ္ဂလိက မြေတိုင်းကျောင်း (Private Survey School) များ မည်သို့တည်ရှိ ဆောင်ရွက်ခဲ့သည်ကို မှတ်တမ်းအဖြစ် ပြန်တင်သည့် သဘောဖြင့် ကြေးမြေ နှစ်တစ်ရာပြည့် မဂ္ဂဇင်း၌ ဖော်ပြခဲ့သော ဆောင်းပါးကိုလည်း ပြန်လည် ထည့်သွင်းပါသည်။

ဆောင်းပါးအများစုမှာ on line ပေါ်တွင် အပိုင်းများ ခွဲ၍ အချို့အဝက် တင်ဖူးသော်လည်း print media အဖြစ် စာစောင်၊ ဂျာနယ်များတွင် မဖော်ပြဖူးသည့် ပုံမနှိပ်ဖူးသေးသော စာစုများ ဖြစ်ပါသည်။ ယင်းစာစုများကို ရေးသားပြုစုဖြစ်ခြင်းမှာလည်း ဌာနတွင်းက လည်းကောင်း၊ ပြင်ပ မိတ်ဆွေများက လည်းကောင်း မေးမြန်းသော ကိစ္စတချို့တွင် သမိုင်းကြောင်းအရသော်လည်းကောင်း၊ ဥပဒေကြောင်းအရသော်လည်းကောင်း၊ လုပ်ထုံးလုပ်နည်းအရသော်လည်းကောင်း အများပြည်သူသို့ ဗဟုသုတ ဖြန့်ဝေ အသိပေးသင့်သော၊ အများပြည်သူ သိသင့်သိထိုက်သော ကိစ္စရပ်များ ပါဝင်နေရာ မိမိထံရှိ မှတ်စုဟောင်းများ၊ စာရွက်စာတမ်းများကို လှန်လှော မွှေနှောက်ခြင်း၊ သိမီသူ ဆရာသမားများထံ ချဉ်းကပ်မေးမြန်းခြင်းဖြင့် စာတစ်စောင် ပေတစ်ဖွဲ့ ဖြစ်လာရခြင်း ဖြစ်ရာ မေးမြန်းသူ မိတ်ဆွေများ၊ တပည့်များကို ကျေးဇူးတင်ရပါသည်။ Land Acquisition ကို သဘောပေါက်စေရန်အလို့ငှာ မြေသိမ်းခြင်း၏ အခြေခံ သဘောတရားများကို အကျဉ်းဖော်ပြသော ဆောင်းပါးတစ်ပုဒ်လည်း ပါဝင် ထည့်သွင်းပါသည်။

ယခု မှတ်စုများ ပြုစုနိုင်ရန် လိုအပ်သော စာအုပ်စာတမ်းအများစုကို ဖခင် ဖြစ်သူ၏ စာအုပ်ဘီရိုကို မွှေနှောက် ရှာဖွေ အသုံးပြုနိုင်ခဲ့ပါသည်။



mgyoe.com

mgyoe.com SAMPLE BOOK

ထိုသို့ မှီငြမ်းပြုနိုင်မည့် စာအုပ်စာတမ်းများကို စုဆောင်း၍ 'နတ်မောက် ဘုန်းကျော် အိမ်တွင်းစာကြည့်တိုက်'ဟု ထူထောင်သွားသော ဖခင်ကြီး၏ ကျေးဇူးဂုဏ်ကိုလည်း ဦးခိုက်ရပါသည်။ သသာမေခခွန်နှင့် လူခွန်တော် ဖျက်သိမ်းရေးအတွက် စုံစမ်းရေးကော်မတီ၏ အစီရင်ခံစာနှင့် နယ်သစ်ဖွင့် ဌာနခွဲ၏ လုပ်ငန်းဆောင်တာများအကြောင်း သိကောင်းစရာများ စာအုပ်တို့ကို ဖခင်ကြီး၏ စာအုပ်ဘီရိုအတွင်းမှ ရရှိလေ့လာ မှတ်စုထုတ်နိုင်ခြင်းကြောင့် အမှတ်စဉ် (၁) နှင့် အမှတ်စဉ် (၂) ပါ စာစုများ ရေးသားနိုင်ခြင်း ဖြစ်သည်ဟု ဆိုရပါမည်။

စာရေးသူအနေဖြင့်မူ စာတစ်စောင် ပေတစ်ဖွဲ့ ပြုစုထားရှိသင့်သော မြေယာနှင့် စပ်ဆိုင်သည့် အကြောင်းအရာတချို့ကို ဤစာအုပ်ဖြင့် မှတ်တမ်းတင် ပြုစုနိုင်ခဲ့ခြင်းကြောင့် ကျေနပ်အားရ ဖြစ်ရပါသည်။ တစ်ခေတ်တစ်ခါက ဗြိတိသျှတို့၏ မြေယာစီမံခန့်ခွဲမှု သဘောတရားနှင့် လုပ်ထုံးလုပ်နည်းများကိုပါ ယနေ့ခေတ် လူငယ်များသို့ လက်ဆင့်ကမ်းပေးခြင်း ဖြစ်ရာ ယနေ့ မြေယာပြဿနာများ၊ မြေယာစီမံခန့်ခွဲမှုကိစ္စများ ဆောင်ရွက်ရာတွင် ဆက်စပ်အသုံးပြုသင့်သော အချက်များကို ယူတတ်က ယူနိုင်စေရန်အလို့ငှာ စုစည်းတင်ပြပေးခြင်း ဖြစ်ရာ အကျိုးရှိစွာ အသုံးချနိုင်ပါစေဟု ဆန္ဒပြုအပ်ပါသည်။

ဦးဇော်မင်း (နတ်မောက်)



mgyoe.com

mgyoe.com SAMPLE BOOK

# မြေယာမဲ့များအတွက် နယ်သစ်ဖွင့်ဒေသ State Colony များ ထူထောင်ခြင်း

အဓိက ရည်ရွယ်ချက်က နိုင်ငံအတွင်း ပေါ်များလှတဲ့ မြေလွတ်မြေရိုင်းတွေကို စိုက်ပျိုးမြေများအဖြစ် တိုးချဲ့စိုက်ပျိုးလာစေဖို့၊ လယ်မဲ့ယာမဲ့ တောင်သူလယ်သမားများအတွက် မြေယာဖော်ထုတ် လုပ်ကိုင်နိုင်စေဖို့ ဖြစ်ပါတယ်။

mgyoe.com

mgyoe.com SAMPLE BOOK

# မြေယာမဲ့များအတွက် နယ်သစ်ဖွင့်ဒေသ State Colony များ ထူထောင်ခြင်း

ကျွန်တော် အရာရှိငယ်ဘဝမှာ ပင်လယ်ပိုင်းဒေသတွေ၊ မြစ်ဝကျွန်းပေါ်ဒေသတွေဘက် တာဝန်ကျဖူးပါတယ်။ အဲဒီမှာ 'နယ်သစ်ဖွင့်ဒေသ' ဆိုတဲ့ ဝေါဟာရတစ်ရပ်ကို ရင်းနှီး တွေ့မြင်လာရပါတယ်။ နယ်သစ်ဖွင့်ဒေသတွေရဲ့ ကွင်းမြေပုံပေါ်မှာ အစက် အစက် ပြထားတဲ့ နယ်နိမိတ်မျဉ်းတွေနဲ့ ဦးပိုင်တွေကို ခွဲခြားထားပါတယ်။ ဦးပိုင်တွေက လေးထောင့်ကျကျ စတုရန်းကွက်ပုံစံမျိုး။ မြေပုံပေါ်မှာ ပြထားတဲ့ ဦးပိုင်လုပ်ကွက်ကသာ လေးထောင့် ဖြစ်နေပေမဲ့ မြေကြီးပေါ်ကျလုပ်ကိုင်သူက ရေမြေအနေအထားအလိုက်လိုက်ပြီး ကန်သင်း ကန့်ထားတာကမြေပုံနဲ့ တခြားစီပါ။ မြေတိုင်းစာရေးက သူ့ဟာသူ Offset ဝါးနဲ့ တိုင်းပြီး ခဲနဲ့ကန်သင်းတွေ ပြင်ထား ထည့်ထားတာ ရှုပ်လို့ ပွေလို့။ ကြည့်ရတာကို တော်တော်ဦးနှောက်စားတယ်။ မြေတိုင်းစာရေးအဖို့တော့ သူ့ဇာတ်နဲ့ သူ နိုင်လို့ပဲ။

ဖျာပုံခရိုင်နေစဉ်က ဘိုကလေး၊ စက်စု၊ ဟေမာန်၊ အမာဘက်မှာ တွေ့ခဲ့ရသလို ဗိုလ်ချုပ်ကြီးမြင့်အောင် ဝန်ကြီးဘဝ မင်းတို့ SLRD ရုံးချုပ်က ငတိတွေ ရန်ကုန်တိုင်းထဲ မြေကြီးမြေပုံ မှန်အောင် ဆင်းလုပ် ဆိုပြီး ကွင်းထဲ မောင်းချတော့လည်း ခရမ်း၊ သုံးခွဘက်မှာ တွေ့ရပြန်ရော။ နယ်သစ်ဖွင့် လုပ်ကွက်တွေကို တွေ့ဖန်မြင်ဖန် များလာတော့ တော်တော် စိတ်ဝင်စားလာရပါတယ်။

နယ်သစ်ဖွင့်ဒေသ ကိုလိုနီတွေအကြောင်း ဆရာသမားတွေကို မေးကြည့်တော့လည်း အစုံအစေ့ အဖြေ မပေးကြဘူး။ တစ်ယောက်စီက အဖြေတစ်မျိုး



mgyoe.com

mgyoe.com SAMPLE BOOK

စုဆောင်းခဲ့ရတယ်။ အစိုးရ နယ်သစ်ဖွင့်ဒေသ ဆိုတဲ့ State Colony အကြောင်း စာအုပ်စာတမ်းကလည်း ရှားပါးပါဘိသနဲ့။ ဒီဘက်ခေတ်မှာ ဆရာဦးဝင်းနိုင် (ညွန်မှူး-ငြိမ်း) ကတော့ ရသမျှ အထောက်အထားကလေးတွေနဲ့ သူ့ရဲ့ 'မြန်မာ့လယ်ယာမြေ မူဝါဒနှင့် စီမံခန့်ခွဲမှုသမိုင်း' စာအုပ်မှာ အတော်အသင့် ဖော်ပြရေးသွားတာ ကျေးဇူးတင်ဖွယ် တွေ့ရပါတယ်။ အခု ကျွန်တော် ရေးမယ့် အချက်တွေဟာလည်း ဆရာဦးဝင်းနိုင် စာအုပ်ထဲကအချက်တွေ ပါသလို အစိုးရ နယ်သစ်ဖွင့် ဌာန၏ လုပ်ငန်းရပ်များ အကျဉ်းချုပ် စာစောင်ငယ်ပါ အချက်တွေ၊ ကျွန်တော် လေ့လာ စုဆောင်းထားတဲ့ အချက်တွေကို တွဲသီ ဖော်ပြသွားမှာ ဖြစ်ပါတယ်။

## ကိုလိုနီခေတ် မြေလွတ်မြေရိုင်း လုပ်ပိုင်ခွင့်ပြုသည့်စနစ်များ

ဗြိတိသျှလက်အောက် ကိုနီခေတ်မှာ အင်္ဂလိပ်သခင်ကြီးတွေက သူတို့ သိမ်းပိုက်ထားတဲ့ မြန်မာပြည်က မြေဆီမြေနှစ် ပေါကြွယ်လှတဲ့ မြေလွတ်မြေရိုင်း သယံဇာတတွေ အများကြီး ရှိနေတာကို ဖော်ထုတ်၊ စနစ်တကျ အသုံးချနိုင်မယ့် နည်းလမ်းတွေ ကြံဆပြီး မြေယာလုပ်ပိုင်ခွင့်တွေ သတ်မှတ်ခွင့်ပြု အသုံးချစေခဲ့ပါတယ်။ 'မြေ အားလုံး နိုင်ငံပိုင် ဖြစ်တယ်၊ အစိုးရက ချထားပေးမှသာ တရားဝင် လုပ်ကိုင်ခွင့် ရရှိစေတယ်' ဆိုတဲ့ မူကို အခြေခံပါတယ်။

နည်းလမ်း ငါးမျိုးနဲ့ မြေလွတ် မြေရိုင်းတွေကို ဖော်ထုတ် အသုံးချစေခဲ့ပါတယ်။

**(၁) မြေယာအားလုံး အစိုးရပိုင်အဖြစ် သတ်မှတ်၍ အစိုးရပိုင် မြေလွတ်မြေရိုင်းများတွင် မြေခွန်တော် ပေးဆောင်ရန် ဝန်ခံချက်ပေးသူတို့အား လွတ်လပ်စွာ ဝင်ရောက်လုပ်ကိုင်ခွင့်ပြုသည့် စကွာတာစနစ် (Sqatter System)**

အစိုးရပိုင် မြေလွတ်မြေရိုင်းတွေမှာ အစိုးရရဲ့ခွင့်ပြုချက် မရှိဘဲ မိမိဆန္ဒအရ ဝင်ရောက် လုပ်ကိုင်ရင် အထက်မြန်မာပြည်မှာ မမြဲဦးပိုင် (Non Permanent Holding) အဖြစ် အသိအမှတ်ပြုပြီး အောက်မြန်မာပြည်မှာ Squatter လို့ သတ်မှတ်ပါတယ်။ နှစ်မျိုးစလုံးကို အစိုးရမြေကျူးကျော်လို့ သတ်မှတ်ပြီး မြေခွန် စည်းကြပ်ခြင်း ခံရပါတယ်။ နိုင်ငံတော်က စည်းကြပ်တဲ့ မြေခွန်တော်ကို ပေးဆောင်ရင် ဆက်လက်လုပ်ကိုင်ခွင့် ပြုပြီး အခွန် ပေးဆောင်ဖို့ ပျက်ကွက်ရင် မြေပေါ်က


mgyoe.com

mgyoe.com SAMPLE BOOK

နှင်ထုတ်ခြင်း ခံရမှာ ဖြစ်ပါတယ်။ မြေဟာ အစိုးရပိုင် ဖြစ်လို့ လုပ်ကိုင်သူဟာ လုပ်ကိုင်ခွင့်ပဲ ရရှိပါတယ်။

မြေကို ကျူးကျော် လုပ်ကိုင်ခဲ့တာချင်းအတူတူ အောက်မြန်မာပြည်က Squatter သမားတွေ ရတဲ့ အခွင့်အရေးက အထက်မြန်မာပြည်က မမြဲဦးပိုင်တွေ ရတဲ့ အခွင့်အရေးနဲ့ မတူဘဲ ခွဲခြားထားတာ လေ့လာတွေ့ရှိရပါတယ်။

အောက်မြန်မာပြည်မှာ ကျူးကျော် Squatter ပင် ဖြစ်လင့်ကစားငှင်း ဝင်ရောက်လုပ်ကိုင်နေတဲ့ နိုင်ငံပိုင်မြေလွတ်မြေရိုင်းကို ၁၂ နှစ်ကာလတိုင်တိုင် အဆက်မပြတ် လုပ်ကိုင်နေပြီး မြေခွန်တော်ကို နှစ်စဉ်မပျက် ထမ်းဆောင်နေရင် ၁၈၇၆ အောက်မြန်မာပြည် မြေနှင့် အခွန်တော် ဥပဒေအရ မြေကို လက်ဝယ်ထားရှိခွင့် (Land Holder's Right) ရပါတယ်။ Land Holder's Right ဆိုတာ လက်ဝယ်ထားခွင့် သာမက စိုက်ပျိုး လုပ်ကိုင်ခွင့်၊ ရောင်းချပိုင်ခွင့်၊ ပေါင်နှံခွင့်၊ အမွေ ဆက်ခံခွင့် တို့ ပါဝင်ပါတယ်။ ပိုင်ဆိုင်ခွင့် (Semi-Ownership) ရတဲ့သဘော ဖြစ်ပါတယ်။

အထက်မြန်မာပြည်ရှိ မြေလွတ် မြေရိုင်းတွေအပေါ် အခွင့်မရှိဘဲ ဝင်ရောက် လုပ်ကိုင်မှုတွေအတွက် မမြဲဦးပိုင်အဖြစ် အသိအမှတ်ပြုခံရပြီး မြေခွန် စဉ်ဆက်မပြတ် ထမ်းဆောင်ရငြားပေမဲ့လည်း ပိုင်ဆိုင်လက်ဝယ်ထားခွင့် မပေးပါဘူး။ အရာတော်မြေအဖြစ်သာ သတ်မှတ်ပါတယ်။ လုပ်ကိုင်မှု တည်ငြိမ်လာတဲ့အခါ မြေပေါ် လုပ်ကိုင်သူ Squatter ကို မမြဲဦးပိုင်ကနေ အမြဲဦးပိုင်အဖြစ်ပဲ ပြောင်းလဲ သတ်မှတ်ပေးပါတယ်။ Land Holder's Right မပေးပါဘူး။ ပိုင်ဆိုင်ခွင့် မရရှိဘဲ လုပ်ပိုင်ခွင့်သာပဲ ရရှိပါတယ်။

**(၂) အစိုးရထံ မြေလျှောက်ထားစေ၍ လယ်သမားတစ်ဦးအား ဧက ၅၀ ထိ လုပ်ကိုင်ခွင့်ပြုသည့် ပတ္တာစနစ် (Patta Syatem)**

(အဲဒီပတ္တာစနစ်နဲ့ မြေယာပိုင်ဆိုင်ခွင့်ဟာ ဗြိတိသျှအစိုးရတို့ အသစ်တီထွင်လိုက်တဲ့ စနစ်တစ်မျိုး ဖြစ်ပြီး အိန္ဒိယ ဝေါဟာရအားဖြင့် မြေယာပေးကမ်းခြင်းလို့ အဓိပ္ပာယ် ရပါတယ်။ မြေ ရယူစိုက်ပျိုးလိုတဲ့ တောင်သူလယ်သမားတစ်ဦးကို ဘယ်သူမှ ပိုင်ဆိုင်ခြင်း မရှိသေးတဲ့


mgyoe.com

mgyoe.com SAMPLE BOOK

မြေရိုင်း ၁၅ ဧကကနေ ဧက ၅၀ အထိ အစိုးရက ခွင့်ပြုပေးကမ်းတဲ့ စနစ် ဖြစ်ပါတယ်။)

Patta System နှင့် Squatter System ဘာကွာသလဲ ဆိုတော့ စက္ကွာတာစနစ်က မြေကို လုပ်ကိုင်လိုကြောင်း အစိုးရဆီ လျှောက်ထား ခွင့်ပြုချက် ရယူဖို့ မလိုဘဲ မိမိသဘောအလျောက် ဝင်ရောက် လုပ်ကိုင် နိုင်တဲ့စနစ် ဖြစ်ပါတယ်။ ပတ္တာစနစ်ကတော့ မြေ ရယူလိုသူက အစိုးရ ဆီ လျှောက်ထားရပါတယ်။ လျှောက်ထားသူတွေကို စိစစ်ပြီး နှစ်ကာလ အပိုင်းအခြား မပါဘဲ အပိုင်ပေး အမြဲတမ်း ချထားပေးတဲ့စနစ် ဖြစ် ပါတယ်။ Small Grant System လို့လည်း ခေါ်ကြပါတယ်။ အောက် မြန်မာပြည်မှာသာမက အထက်မြန်မာပြည်မှာပါ အသုံးပြုခဲ့တဲ့စနစ် ဖြစ်ပါတယ်။ မြေ အနေအထားအရဖြစ်ဖြစ်၊ စိုက်ပျိုးမှု အနေအထား အရ ဖြစ်ဖြစ် အခက်အခဲ တွေ့ကြုံရမှု အခြေအနေပေါ် မူတည်ပြီး သင့်လျော်တဲ့ကာလကို အခွန် ကင်းလွတ်ခွင့်ပြုပါတယ်။ အဲဒီ ကာလ အတွင်း ရောင်းချခြင်း၊ ပေါင်နှံခြင်း ပိတ်ပင် တားမြစ်ထားပါတယ်။ မြေကို အပိုင်ပေးပြီး လုပ်ကိုင်စေခြင်းဖြင့် ဖိဖိစီးစီး အောင်မြင်အောင် ဆောင်ရွက်ကြလိမ့်မယ် ဆိုတဲ့ ယူဆချက်နဲ့ အဲဒီစနစ်ကို ဖော်ဆောင် ပေးပေမဲ့လည်း ရည်ရွယ်ချက် မမြောက်ခဲ့ပါဘူး။ ပတ္တာခံပြီး မြေကို ဖြစ်မြောက်အောင် မလုပ်ကြဘဲ မြေရှင်တွေဆီ ရောင်းချ လွှဲပြောင်း ခြင်း၊ ငွေတိုး ချေးစားသူတွေဆီ ပေါင်နှံခြင်းတွေသာ ဖြစ်ပေါ်လာတဲ့ အတွက် ၁၉၀၅ ခုနှစ်မှာ ပတ္တာစနစ်နဲ့ မြေချပေးခြင်းကို ရပ်ဆိုင်းလိုက် ပါတယ်။

**(၃) အစိုးရပိုင် မြေလွတ်မြေရိုင်းကို ၅ နှစ် မှ ၁၀ နှစ် အပိုင်းအခြားဖြင့် ငှားရမ်းလုပ်ခွင့်ပြုသော ဂရန်မြေငှားစနစ် (Lease System)**

စက္ကွာတာစနစ်နဲ့ အစိုးရမြေအပေါ် အခွင့်လျှောက်ထားဖို့ မလိုဘဲ ဝင် ရောက်စေပြီး မြေခွန် ထမ်းဆောင် လုပ်ကိုင်စေခြင်း၊ ပတ္တာစနစ်နဲ့ မြေအပိုင်ပေး လုပ်ကိုင်စေပြီး သတ်မှတ်ကာလ ပြည့်မီတာနဲ့ အခွန် ထမ်းဆောင်စေခြင်း စတာတို့နဲ့ လုပ်ကိုင်ခွင့်ပြုပေမဲ့လည်း စက္ကွာတာ တွေဟာ လုပ်ကိုင်မှု မတည်မြဲဘဲ မကြာခဏ စွန့်ခွာသွားကြခြင်း၊ ပတ္တာ သမားတွေဟာလည်း မိမိတို့ကို အပိုင်ပေးကမ်း လုပ်ကိုင်စေတဲ့ မြေတွေ



mgyoe.com

mgyoe.com SAMPLE BOOK

ကို စွဲစွဲမြဲမြဲ ဖြစ်မြောက်အောင် မလုပ်ကိုင်ဘဲ ပေါင်နှံ ရောင်းချ ထွက်ခွာသွားခြင်းတို့ကြောင့် ကာလတစ်ရပ် သတ်မှတ်ပြီး မြေအငှားချထားတဲ့စနစ် ဖော်ဆောင်လာရပါတယ်။ သက်တမ်း ကာလ ၅ နှစ်ကနေ ၁၀ နှစ် အပိုင်းအခြား သတ်မှတ်ပြီး စပေါ်ငွေ (Premium) ပေးသွင်းစေပြီး အငှားစာချုပ်နဲ့ မြေချထားတဲ့ စနစ် ဖြစ်ပါတယ်။ သက်တမ်းကုန်ဆုံးရင်တော့ အငှားစာချုပ်အသစ် ထပ်မံ လျှောက်ထားစေပါတယ်။ အငှားစာချုပ်နဲ့ မြေချထားမှု အမြောက်အမြား ဆောင်ရွက်ခဲ့ပေမဲ့လည်း စာချုပ်ရသူတွေအနေနဲ့ အဲဒီမြေကို စာချုပ်ပါ သက်တမ်းအတွင်း မိမိတို့နှစ်သက်သလို အသုံးပြုခွင့် ရှိတယ်လို့ သဘောထားပြီး မြေပိုင်သဖွယ်လက်ဝယ်ထားရှိရုံကလွဲလို့ စိုက်ပျိုးမှု တိုးတက်အောင် ဆောင်ရွက်မှုမရှိကြတဲ့အတွက် အဆိုပါ မြေငှားစနစ်ကို ဖျက်သိမ်းလိုက်ရပြီး ၁၈၇၆ ခုနှစ် မြေနှင့်အခွန်တော် ဥပဒေ ပေါ်ပေါက်လာတဲ့အခါ အဲဒီဥပဒေအရ အငှားချတဲ့စနစ်နဲ့ မြေချထားမှု ပြောင်းလဲ ဆောင်ရွက်လာတာတွေ့ရပါတယ်။

**(၄) မြေလွတ်မြေရိုင်းများ တိုးချဲ့လုပ်ကိုင်လိုသူ မည်သူမဆို ဧရိယာ အကန့်အသတ်မရှိ ဂရန်လျှောက်ထား လုပ်ကိုင်ခွင့်ပြုသော ဂရန်ကြီးစနစ် (Grant System)**

မြေလွတ်မြေရိုင်းတွေအပေါ်က စိုက်ပျိုး ထုတ်လုပ်မှု မြင့်မား တိုးတက်လာစေဖို့ ရည်ရွယ်ပြီး ငွေရှင်ကြေးရှင်တွေ၊ လုပ်ငန်းရှင်တွေကို မြေအမြောက်အမြား ချပေးတဲ့ စနစ် ဖြစ်ပါတယ်။ အရင်းအနှီး ငွေကြေးရှိပြီး စိုက်ပျိုးလုပ်ကိုင်ဖို့ ဆန္ဒရှိသူတွေကို တင်းကြပ်တဲ့ စည်းကမ်းချက်တွေ မပါစေဘဲ မြေချပေးတဲ့စနစ် ဖြစ်ပါတယ်။ Premium (စပေါ်ငွေ) တင်သွင်းစေပြီး မြေအများအပြားကို အပိုင်စာချုပ်နဲ့ ချပေးလုပ်ကိုင်စေတဲ့ စနစ် ဖြစ်ပါတယ်။ ပတ္တာအကြီးစား ဖြစ်တဲ့အတွက် ဂရန်ကြီးစနစ်လို့ ခေါ်ပါတယ်။ ၁၈၆၁ ခုနှစ် မြေလွတ်မြေရိုင်းများ ဂရန်ချထားရေး ဥပဒေ (1861 Rules For The Grant of Waste Land) အရ ခွင့်ပြုချက် ဖြစ်ပါတယ်။ အပိုင်စာချုပ်ဖြင့် ချပေးခြင်းမှန်ပေမဲ့လည်း သတ်မှတ်ကာလအတွင်း ချထားမြေကို ပြီးစီးအောင် မလုပ်ကိုင်ရင် ပြန်လည် သိမ်းယူမယ် ဆိုတဲ့ စည်းကမ်းချက် ပါဝင်



mgyoe.com

mgyoe.com SAMPLE BOOK

နေတာကြောင့် လုပ်ငန်းရှင်တွေက လျှောက်ထားဖို့ စိတ်မဝင်စားကြတဲ့အတွက် အဲဒီ ဥပဒေကို ဖျက်သိမ်းရပါတယ်။

ဒါကြောင့် ၁၈၆၅ မှာ စိုက်ပျိုးပြီးစီးရမယ့် ကာလသတ်မှတ်ချက်မပါဝင်တဲ့ 1865 Rules For The Grant of Waste Land ဥပဒေထုတ်ပြန်ပြီး ဂရန်ချပေးမှု ပြုလုပ်ပါတယ်။ လုပ်ငန်းရှင်တွေသာမက ရှေ့နေရှေ့ရပ်တွေ၊ ဝတ်လုံတော်ရတွေ၊ အစိုးရ အမှုထမ်းတွေပါ လျှောက်ထားလာကြပါတယ်။ ၁၈၉၅ ခုနှစ်လောက်မှာတော့ အဲဒီစနစ်လည်း ဖျက်သိမ်းလိုက်ရပါတယ်။

(၅) **မြေလွတ်မြေရိုင်း ပေါများသောနေရာများသို့ အခြားဒေသများမှ လာရောက်လုပ်ကိုင်လိုသူများကို ခေါ်ယူ နေရာချထား၍ သမဝါယမ ငွေချေးအသင်းများ ဖွဲ့ပေးပြီး မြေယာချထား လုပ်ကိုင်စေသော အသင်းမြေစနစ် (State Colony System ခေါ် နယ်သစ်ဖွင့် မြေချစနစ်)**

အထက်မှာ ဖော်ပြခဲ့တဲ့ စနစ်အမျိုးမျိုးနဲ့ မြေလွတ်မြေရိုင်းတွေကို တိုးချဲ့ဖော်ထုတ် စိုက်ပျိုးနိုင်ဖို့အတွက် မြေချထားတဲ့ နည်းလမ်းအမျိုးမျိုး ကျင့်သုံး ဆောင်ရွက်ရာမှာ နောက်ဆုံး စမ်းသပ်ခဲ့တဲ့ စနစ်ဖြစ်ပါတယ်။ အောက်မြန်မာပြည်မှာ ဆောင်ရွက်ခဲ့တဲ့စနစ် ဖြစ်ပါတယ်။ ၁၉၁၄-၁၉၁၅ ခုနှစ်လောက်က ဆောင်ရွက်ခဲ့ပြီး မှတ်တမ်းတွေအရ တော်လှန်ရေးကောင်စီ တက်လာခါစ အချိန်အထိ တည်ရှိခဲ့ပေမဲ့ ဆက်လက် အသက်ဝင်မှု မတွေ့ရှိရတော့ပါဘူး။

အထက်ပါ မြေချစနစ်တွေအနက် Patta System and Grant System တို့ဟာ အောက်မြန်မာပြည်မှာသာမက အထက်မြန်မာပြည်မှာပါ အသုံးပြုခဲ့ကြောင်း တွေ့ရပြီး မြေအခွင့်အရေး (Land Right) နဲ့ စည်းကမ်းချက်တွေ အတူတူ ဖြစ်ပါတယ်။ Lease System နဲ့ Colony System တို့ဟာ အောက်မြန်မာနိုင်ငံမှာသာ အသုံးပြုခဲ့တဲ့ စနစ်တွေအဖြစ် တွေ့ရပါတယ်။

## State Colonies ဆိုတာ ဘာလဲ

ကျွန်တော်တို့ဌာနမှာ လက်ရှိတာဝန်ထမ်းနေကြသူ အမှုထမ်းတွေအနေနဲ့ နည်းပါးသွားပြီလို့ တွက်ဆပါတယ်။ သူတို့လို ၁၉၉၀ ဝန်းကျင်ကစပြီး နောက်ပိုင်းကာလတွေမှာမှ ဌာနတွင်း ရောက်လာသူ ညီငယ်တွေ မဆိုထားဦး၊ ကျွန်တော်


mgyoe.com

mgyoe.com SAMPLE BOOK

တို့လို လွန်ခဲ့တဲ့ နှစ် ၄၀ ကျော် ၁၉၇၆ မှာ ဌာနတွင်း ရောက်ရှိပြီး တာဝန်ယူခဲ့ကြတဲ့ ၁၅၀ ထဲကတောင်မှ State Colony အကြောင်း ကြားဖူးနားဝ ရှိရုံက လွဲလို့ ပြည့်ပြည့်စုံစုံ မသိသူ များပါတယ်။ ကျွန်တော်ကိုယ်တိုင်ပင်လည်းပဲ ထဲထဲဝင်ဝင် သိလှတယ် မဟုတ်ပါဘူး။ မီလည်း မမီခဲ့ကြပဲကိုး။ တော်လှန်ရေးကောင်စီ တက်လာတဲ့အထိ နယ်သစ်ဖွင့်ဌာန ရှိနေသေးတယ် ဆိုပေမဲ့ နောက်ပိုင်း လုံးပါးပါးပြီး နာလန်မထူတော့ဘဲ ကျွန်တော်တို့ မတိုင်မီကပဲ ပျောက်ကွယ်သွားတဲ့သဘော ရှိပါတယ်။

ဒါပေမဲ့ ဌာနသမိုင်းမှာ စိတ်ဝင်စားစရာကောင်းတဲ့ အကြောင်းအရာတစ်ရပ် ဖြစ်တာမို့ ငယ်စဉ်က မေးမြန်း ဆည်းပူးခဲ့ဖူးတဲ့ ဆရာဦးညွန့်တင်တို့ ဆရာဦးသိန်းဇံတို့ဆီက ရထားတဲ့ အချက်အလက်တွေ၊ မြေပေါ်မှာလည်း နယ်သစ်ဖွင့်ကျေးရွာ (သ/မကျေးရွာ) တွေကို ကွင်းဆင်းဖူးတဲ့ အတွေ့အကြုံတွေ၊ ဆရာဦးဝင်းနိုင်တို့လို ပုဂ္ဂိုလ်တို့ရဲ့ ရေးချွတ်ထားတဲ့ မှတ်တမ်းတွေ၊ ကျွန်တော် ရရှိထားတဲ့ စာစောင်တွေကနေ နယ်သစ်ဖွင့်ဒေသတွေအကြောင်းကို နယ်သစ်ဖွင့်ဌာန ဖြစ်ပေါ်လာပုံကစပြီး ဆောင်ရွက်ခဲ့တဲ့ လုပ်ငန်းတွေအကြောင်းအထိ ထပ်ဆင့် ဖော်ပြပေးပါရစေ။

## နယ်သစ်ဖွင့်ဒေသ (State Colony) များ၏ မူလအစ

နယ်သစ်ဖွင့် အသင်းမြေတွေ စတူထောင်ခဲ့ပုံကို လေ့လာကြည့်မိပါတယ်။ အဓိက ရည်ရွယ်ချက်က နိုင်ငံအတွင်း ပေါ်များလှတဲ့ မြေလွတ်မြေရိုင်းတွေကို စိုက်ပျိုးမြေတွေအဖြစ် တိုးချဲ့စိုက်ပျိုးလာစေဖို့၊ လယ်မဲ့ယာမဲ့ တောင်သူလယ်သမားတွေအတွက် မြေယာ ဖော်ထုတ် လုပ်ကိုင်နိုင်စေဖို့ ဖြစ်ပါတယ်။

၁၈၆၂ ခုနှစ်ကစပြီး ရန်ကုန်မြို့မှာ ဘဏ်တွေ စတင် ဖွင့်လှစ်လာတာတွေ့ရပေမဲ့ Commercial Bank တွေသာ ဖြစ်ပါတယ်။ နယ်ချဲ့ဗြိတိသျှခေတ်မှာ ထူးထူးခြားခြား ဆိုသလို လယ်ယာစိုက်ပျိုးစရိတ် သီးသန့် ထုတ်ချေးတဲ့ ဘဏ်တစ်ခု ပေါ်လာပါတယ်။ Mr. Lawrence Dawson ဆိုသူ ၁၉၀၅ ခုနှစ်မှာ တည်ထောင်တဲ့ ဒေါ်ဆင်ဘဏ် (DawSon Bank) ဖြစ်ပါတယ်။ အင်္ဂလန်က ရင်းနှီး မြှုပ်နှံသူတွေရဲ့ မတည် ရန်ပုံငွေနဲ့ ထူထောင် လည်ပတ်ခဲ့တယ်လို့ သိရပါတယ်။ ဧရာဝတီတိုင်း မြစ်ဝကျွန်းပေါ် ဖျာပုံမြို့မှာ ဌာနချုပ် ဖွင့်လှစ်ပြီး ဘိုကလေး၊ ဒေးဒရဲ၊ ကျိုက်လတ်၊ မြင်းကကုန်း၊ မအူပင်၊ မော်လမြိုင်ကျွန်း၊ ပုသိမ်၊ ရန်ကုန်တို့မှာ ဘဏ်ခွဲတွေ ရှိပါတယ်။ ဖျာပုံ ကမ်းနားလမ်း ပြည်သူ့အား


mgyoe.com

mgyoe.com SAMPLE BOOK

ကစားကွင်းကြီးဘေးက အဆောက်အအုံနဲ့ မြေကွက်ဟာ အရင် ဒေါ်ဆင်ဘဏ်နေရာ ဖြစ်ပါတယ်။ အခု အရင် ဘဏ်ကိုယ်စားလှယ်ရဲ့ သားချင်းတွေ ဖြစ်တဲ့ ကျွန်တော့်မိတ်ဆွေ ကိုအေးကွန်းတို့ ဆက်ခံပြီး အသုံးပြုနေပါတယ်။ အဲဒီနေရာမှာ အရင်က စားသောက်ဆိုင် ဖွင့်ထားတယ် ထင်ပါတယ်။ ဘိုကလေး ဒေါ်ဆင်ဘဏ် ကိုယ်စားလှယ်ကတော့ စာရေးဆရာမကြီး ဂျာနယ်ကျော်မမလေးရဲ့ ဖခင်လို့ ကြားဖူးပါတယ်။

## ဒေါ်ဆင်ဘဏ်

ဒေါ်ဆင်ဘဏ်ရဲ့ ရည်ရွယ်ချက်က သိပ်ကောင်းပါတယ်။ ငွေတိုး ချေးစားတဲ့ အိန္ဒိယတိုက်သားတွေ၊ ချစ်တီးတွေ လက်ထဲကို မြန်မာတိုင်းရင်းသား တောင်သူလယ်သမားတွေရဲ့ လယ်ယာမြေတွေ အကြွေးနဲ့ အသိမ်းမခံရအောင်၊ သူတို့ဆီ တောင်သူမြေတွေ ရောက်မသွားအောင် ကူညီမယ် ဆိုတဲ့ ရည်ရွယ်ချက်နဲ့ တောင်သူလယ်သမားတွေကို စိုက်ပျိုးစရိတ်သဘော ငွေထုတ်ချေးတာ ဖြစ်ပါတယ်။ ဒေါ်ဆင်ဘဏ်ဟာ စီမံခန့်ခွဲမှု ကောင်းတာနဲ့အမျှ နာမည်ရလာပြီး ၁၉၁၄ မှာ DawSon's Agricultural Loan Company Ltd အဖြစ် ဖွဲ့စည်းခဲ့ရာက ၁၉၂၁ မှာ DawSon's Bank Limited ဖြစ်လာပါတယ်။ ဘဏ်ကနေ နှစ်စဉ် စိုက်ပျိုးစရိတ် ကျပ် (ရှုးပီး) နှစ်သန်းခွဲလောက် ထုတ်ချေးခဲ့တယ်လို့ ဆိုပါတယ်။ ကိုယ်တိုင် လယ်ယာမြေ လုပ်ကိုင်သူ ကိုယ်ပိုင်လယ်လုပ် တောင်သူလယ်သမားတွေကိုပဲ ငွေထုတ်ချေးပါတယ်။

ငွေထုတ်ချေးတဲ့ နှုန်းထားကတော့ လယ်ယာစိုက်ပျိုးမှုမှာ စပါးကြခင်း ဆိုရင် တစ်ဧက ၅ ကျပ်ကနေ ၆ ကျပ်နှုန်း၊ စိုက်ခင်း ဖြစ်ရင် တစ်ဧက ၁၀ ကျပ်ကနေ ၁၂ ကျပ်နှုန်း ထုတ်ချေးပါတယ်။ စပါးတင်း ၁၀၀ ကိုမှ ကျပ် ၅၀ ဝန်းကျင်တန်ဖိုး ရှိတဲ့ ခေတ်ကာလမှာ ဒေါ်ဆင်ဘဏ်က ထုတ်ချေးတဲ့ နှုန်းထားဟာ တောင်သူလယ်သမားတွေ လုပ်ငန်း ဆောင်ရွက်ဖို့ သင့်လျော်တဲ့ ပမာဏ ဖြစ်ပြီး မနည်းလှဘူးလို့ သုံးသပ်ပါတယ်။ တစ်ကျပ်သား ရွှေဒင်္ဂါး တစ်ပြားမှ ၁၀-၁၂ ကျပ်ခေတ် ဖြစ်ပါတယ်။ အဲဒီအချိန်မှာ ဗြိတိသျှ အစိုးရက ၁၈၈၃ လယ်ယာ ဖွံ့ဖြိုးရေး အမတော် ချေးငွေ ဥပဒေ (Land Improvement Loans Act of 1883) နဲ့ ၁၈၈၄ ခုနှစ် လယ်ယာစိုက်ပျိုးရေးချေးငွေ အက်ဥပဒေ (Agricultural Loans Act of 1884) တို့ကို ပြဋ္ဌာန်းထားပြီး ဖြစ်ပါတယ်။ အဲဒီဥပဒေတွေအရ အစိုးရ ချေးငွေဟာ အတော် သက်သာတဲ့ အတိုးနှုန်း တစ်နှစ်မှ ၆. ၂၅ ရာခိုင်နှုန်းသာ

mgyoe.com

mgyoe.com SAMPLE BOOK

ဖြစ်ပေမဲ့ အဲဒီ ဥပဒေတွေနဲ့ လုပ်ထုံးလုပ်နည်းတွေကို တောင်သူလယ်သမားအနေနဲ့ သိရှိ နားလည်သူ အတော် နည်းပါးပြီး စိတ်မဝင်စားခြင်း၊ ချေးယူရာမှာလည်း အစိုးရငွေ မဆုံးရှုံးဖို့ ချုပ်နှောင်တင်းကျပ်တဲ့ ကြိုးနီစနစ် များပြားတာတွေကြောင့် ချေးယူသူ အတော် နည်းပါးပါတယ်။

ဒါ့အတွက် အစိုးရက တောင်သူလယ်သမားတွေဆီ အမတော် ထုတ်ချေးငွေ ကျပ်သိန်းဂဏန်း အနည်းဆုံး ၃. ၅ သိန်းကနေ အများဆုံး ၉. ၅ သိန်းလောက်ပဲ ထုတ်ချေးပေးနေရချိန်မှာ လယ်သမားတွေအကြား အခြေစိုက်ပြီး ကိုယ့်မြေကို ကိုယ်တိုင်လုပ် လယ်သမားစစ်စစ်တွေကို ပံ့ပိုးကူညီနေတဲ့ ဒေါ်ဆင်ဘဏ်က ကျပ် သန်းဂဏန်း ၂. ၅ သန်း ဝန်းကျင်အထိ ထုတ်ချေးပေးနေရတာ တွေ့ရပါတယ်။

## သမဝါယမချေးငွေအသင်းများနှင့် နယ်သစ်ဖွင့်ဒေသ

လယ်ယာမြေတွေ တိုးချဲ့လာတာနဲ့အမျှ လယ်ယာ လုပ်ကိုင်မှု အရင်းအနှီးအတွက် လယ်သမားတွေအနေနဲ့ ဒေါ်ဆင်ဘဏ်ကနေသာမက ချစ်တီးတွေ၊ တရုတ်တွေ၊ မြန်မာတိုင်းရင်းသား အရင်းရှင်တွေဆီက အတိုးနှုန်း မြင့်မြင့်မားမားနဲ့ ချေးယူရတဲ့ပမာဏဟာလည်း တဖြည်းဖြည်း ကြီးမားလာပါတယ်။ အတိုးနှုန်းကြီးဆို ချစ်တီးတွေဟာ ဘဏ်တွေကနေ ၅ ရာနှုန်းကနေ ၈ ရာနှုန်းအတိုးနဲ့ ချေးယူထားငွေကို လယ်သမားတွေဆီ ၁၄ ရာနှုန်းကနေ ၂၀ ရာနှုန်းအထက် ထပ်ဆင့်ချေးနေတာ ဖြစ်တာကြောင့် လယ်သမားတွေ ချေးငွေ ပြန်မဆပ်နိုင်ဘဲ ချစ်တီးဆီ လယ်ထိုးအပ်ရတာ များလာပါတယ်။ အတိုးနှုန်း ကြီးမြင့်မှုကြောင့် တောင်သူလယ်သမားတွေ ချေးငွေ ပြန်မဆပ်နိုင်ဘဲ ကြွေးမြီ ပြဿနာ ပေါ်ပေါက်လာရပါတယ်။

အဲဒီ ပြဿနာကို ဖြေရှင်းနိုင်ဖို့အတွက် ဗြိတိသျှ အစိုးရဟာ ၁၉၁၄-၁၉၁၆ ခုနှစ်မှာ ငွေစုငွေချေး သမဝါယမအသင်းတွေကို မြန်မာနိုင်ငံအတွင်း စတင်အကောင်အထည်ဖော်ပါတယ်။ သမဝါယမဌာနခွဲရဲ့အောက်မှာ နယ်သစ်ဖွင့် သမဝါယမဌာနစိတ်တစ်ခု ဖွင့်လှစ်ပြီး နယ်သစ်ဖွင့် သမဝါယမအသင်းတွေကို မြန်မာနိုင်ငံ အောက်ပိုင်းမှာ စတင် ဖွဲ့စည်းခဲ့ပါတယ်။

## အစိုးရ သီးသန့်မြေ (Government Estate Land)

၁၉၂၃-၁၉၂၄ ခုနှစ် ရောက်သည့်အခါ သမဝါယမဌာနအတွင်းရှိ ယင်းနယ်သစ်ဖွင့် ဌာနစိတ်ကို အသွင်ပြောင်းပါတယ်။ ဘဏ္ဍာတော်မင်းကြီး လက်အောက်ကို


mgyoe.com

mgyoe.com SAMPLE BOOK

ပြောင်းလဲထားရှိလိုက်ပြီး အစိုးရ သီးသန့်ပိုင်မြေဌာန (Government Estate Land Department) လို့ သီးခြား ဖွဲ့စည်း တည်ထောင်လိုက်တော့ ဌာနတစ်ခု အဖြစ် သီးခြား ဖြစ်လာပါတယ်။ ဒါကြောင့် အစိုးရ သီးသန့်မြေ စီမံခန့်ခွဲတဲ့ ကဏ္ဍတစ်ရပ် ပေါ်ထွက်လာရပါတယ်။

## နယ်သစ်ဖွင့်ဌာန ပြန်လည်ဖွဲ့စည်းခြင်း

အဆိုပါ အစိုးရ သီးသန့်ပိုင်မြေဌာနကိုပဲ ၁၉၃၈ ခုနှစ် ဩဂုတ်လ ၁ ရက်နေ့မှာ အစိုးရ နယ်သစ်ဖွင့်ဌာနလို့ အမည် ပြန်လည်ပြောင်းလဲ သတ်မှတ်ပြီး ဘဏ္ဍာတော်မင်းကြီး လက်အောက်ကနေ လယ်ယာစိုက်ပျိုးရေးနှင့် သစ်တောရေး ဝန်ကြီးဌာန လက်အောက်ကို လွှဲပြောင်းပေးလိုက်ပြန်ပါတယ်။

စစ်အတွင်း နယ်သစ်ဖွင့်လုပ်ငန်းတွေ ဆက်လက်ထိန်းသိမ်းထားပြီး ဒုတိယ ကမ္ဘာစစ်ကြီး ပြီးဆုံးပြီး အုပ်ချုပ်ရေး ယန္တရားတွေ ပြန်လည် စတင်တဲ့အခါမှာတော့ ပထမဦးဆုံး လယ်ယာစိုက်ပျိုးရေးနှင့် သစ်တောရေးဝန်ကြီးဌာန လက်အောက်မှာပဲ ဆက်လက် ထားရှိပါတယ်။

ဒါပေမဲ့ ၁၉၅၀ ပြည့်နှစ်မှာ သမဝါယမနှင့် ကုန်စည် ဖြန့်ဖြူးရေး ဝန်ကြီးဌာန လက်အောက်ကို ရောက်သွားပြန်ပါတယ်။

၁၉၅၃ ခုနှစ် လယ်ယာမြေ နိုင်ငံပိုင် ပြုလုပ်ရေး အက်ဥပဒေ ပြဋ္ဌာန်းပြီးတဲ့ အခါမှာတော့ နယ်သစ်ဖွင့်ဌာနဟာ လယ်ယာမြေ နိုင်ငံပိုင် ပြုလုပ်ရေး ဝန်ကြီး ဌာန လက်အောက်ကို ရောက်ရှိသွားပါတယ်။ ၁၉၆၂ ခုနှစ် တော်လှန်ရေးအစိုးရ တက်စဉ်ကာလထိ လယ်/နိုင် ဝန်ကြီးဌာနအောက်မှာ ရှိနေခဲ့ပါတယ်။

၁၉၅၄ ခုနှစ် ဒီဇင်ဘာလမှာပဲ အစပြုပြီး အစိုးရ နယ်သစ်ဖွင့်ဌာနဟာ အထက်တန်း အုပ်ချုပ်ရေးဌာနကြီးအဖြစ် တိုးမြှင့်ခဲ့ပြီး နယ်သစ်ဖွင့်မင်းကြီး အဆင့် အုပ်ချုပ်တဲ့ဌာန ဖြစ်လာပါတယ်။

အဲဒီတော့ နယ်သစ်ဖွင့်ဌာနရဲ့ သန္ဓေအစဟာ သမဝါယမဌာနအောက်ရှိ နယ်သစ်ဖွင့် ငွေစုငွေချေး သမဝါယမအသင်းတွေကနေ အစပြုလာတာ ဖြစ်ပါတယ်။ အဲဒီနောက် အစိုးရ သီးသန့်ပိုင်မြေ (Government Estates Land) ဌာနအဖြစ်ကို ပြောင်းလဲသွားပြီး အဲဒီကမှတစ်ဆင့် အစိုးရ နယ်သစ်ဖွင့်ဌာန အဖြစ် ပြန်လည် ရောက်ရှိလာသည်ကို တွေ့ရပါတယ်။ ဌာနရဲ့ ခေါင်းကိုင်ဖခင် ဝန်ကြီးဌာနတွေကလည်း လေးဌာနလောက် ပြောင်းခဲ့တာ တွေ့ရပါတယ်။


mgyoe.com

mgyoe.com SAMPLE BOOK

## နယ်သစ်ဖွင့်လုပ်ငန်းများ

၁၉၁၄-၁၉၁၅ ခုနှစ်မှာ သမဝါယမဌာနခွဲ အောက်က နယ်သစ်ဖွင့်ဌာနစိတ်ကို စတင် ဖွင့်လှစ်ပြီး ခရမ်းမြို့နယ် နယ်သစ်ဖွင့် သမဝါယမအသင်းတွေကို ဟံသာဝတီခရိုင် ကတုံးပေါ်ကြီးဝိုင်းပျက်မှာ ပထမဆုံး ဖွဲ့စည်းပါတယ်။ ၁၈၆၉ ခုနှစ်မှာ စူးအက်တူးမြောင်း ဖွင့်လာတာကြောင့် ဆန်ဈေး စပါးဈေး ကောင်းလာတာနဲ့ အမျှ တောင်သူလယ်သမားတွေက မြေလွတ်မြေရိုင်းတွေမှာ လယ်တီကျင်းဖို့ ခုတ်ထွင်ရှင်းလင်း တိုးချဲ့ စိုက်ပျိုးလာကြပါတယ်။ မြေယာတိုးချဲ့ လုပ်ကိုင်လာကြပါတယ်။

မြေလွတ်မြေရိုင်း တိုးချဲ့ပြီး လယ်တီကျင်းဖို့ ဆိုတာဟာ မြေလွတ်မြေရိုင်း ဧရိယာအတွင်းကို ဓားမတိုတစ်ချောင်းနဲ့ တောဝင်တိုးနိုင်ရုံလောက်နဲ့ အလုပ်မဖြစ်ပါဘူး။ ရင်းနှီးမြှုပ်နှံ လုပ်ကိုင်ဖို့ ငွေကြေး ပစ္စည်းပစ္စယ လိုပါတယ်။ အရင်းအနှီး လိုအပ်လာတဲ့အတွက် ငွေရှင်တွေဆီက ငွေတိုးပေး ချေးငှား လုပ်ကိုင်ရာက အတိုးပိပြီး ပြန်မဆပ်နိုင်တော့ဘဲ မိမိတို့ တောတိုး ဖော်ထုတ်ထားတဲ့ လယ်ယာတွေကို လယ်သမားတွေခမျာ ငွေရှင်ကြေးရှင်တို့ဆီ လက်လွှဲရောက်ရှိသွားနေစေတဲ့ အဖြစ်တွေ အဲဒီကာလမှာ ထိန်းမရအောင် ဖြစ်နေပါတယ်။

အဲဒီဖြစ်ရပ်တွေကို သင်ခန်းစာယူပြီး မြေလွတ် မြေရိုင်းတွေကို အစိုးရ ထောက်ပံ့မှုနဲ့ သမဝါယမစနစ် အသုံးပြုပြီး ချထား လုပ်ကိုင်နိုင်ကြစေဖို့ ရည်ရွယ်ပြီး ဗြိတိသျှ အစိုးရက နယ်သစ်ဖွင့် သမအသင်းတွေ ဖွဲ့စည်းပေးခဲ့တာ ဖြစ်ပါတယ်။

## ရည်ရွယ်ချက်များ

နယ်သစ်ဖွင့်အသင်းတွေရဲ့ ရည်ရွယ်ချက် ၄ ရပ် ကြေညာခဲ့တာ တွေ့ရပါတယ်။

(က) စိုက်ပျိုး လုပ်ကိုင်နိုင်သော မြေလွတ်မြေရိုင်းများကို တိုးချဲ့ စိုက်ပျိုး လုပ်ကိုင်စေရန်၊

(ခ) တောင်သူလယ်သမားများ၏ သက်သာ ချောင်ချိမှုကို ရည်စူးလျက် လယ်မဲ့ယာမဲ့ ဖြစ်နေသော တောင်သူလယ်သမားများအား မြေများကို စနစ်တကျ ခွဲဝေချထား လုပ်ကိုင်နိုင်စေရန်၊

(ဂ) ခေါင်းပုံဖြတ် အမြတ်ကြီးစားများ၊ အတိုးကြီးစားများ၏ ကြီးလေးသော မြေငှားခဘေးနှင့် မြေယာဆုံးရှုံးမှုဘေးများကို တွန်းလှန်ဖြိုဖျက်ရန်၊



mgyoe.com

mgyoe.com SAMPLE BOOK

(ဃ) ကျေးလက်ကြီးပွားရေး၊ တိုးတက်ရေး လုပ်ငန်းအဝဝကို အားပေးကူညီ၍ လယ်သမားဘဝကို မြှင့်တင်ရန်

ဆိုတဲ့ ရည်ရွယ်ချက်တွေ ချမှတ်ခဲ့ပါတယ်။

## နယ်သစ်ဖွင့်လုပ်ငန်း ဆောင်ရွက်ခဲ့သောဒေသများ

နယ်သစ်ဖွင့်ဒေသတွေ တည်ထောင်တဲ့အခါ အထက်မြန်မာပြည်က ဧရိယာတွေ မပါပါဘူး။ အောက်မြန်မာပြည်မှာပဲ ထူထောင်ခဲ့ပါတယ်။

- ပဲခူးခရိုင်တွင် ပြွန်တန်ဆာ၊ ဒိုက်ဦး၊ ကဝ၊ ကမာစဲ၊ အုန်းနှဲ၊ သက္ကလ၊ စစ်တောင်းမြောက်၊ ကိုးပင် သီးသန့်မြေများ၊
- ဟံသာဝတီခရိုင်အတွင်း ခရမ်း၊ သုံးခွ၊ ဆင်ကျွန်း၊ အလန်းကုန်း၊ ကျောက်တန်း၊ ကွမ်းခြံကုန်းနှင့် စစ်တောင်းတောင် နယ်မြေများ၊
- ဖျာပုံခရိုင်၌ ဘိုကလေး ပြင်ဒရယ်ကြိုးဝိုင်းမှ လက်ရှိ ဧရိယာ ၃၅၆၄၄ ဧက၊
- မြောင်းမြခရိုင် လပွတ်ကွဲ နယ်သစ်ဒေသ

စတဲ့ အရပ်ဒေသတွေမှာ နယ်သစ်ဖွင့် ကျေးရွာသမအသင်းတွေ ထူထောင် ချထားပေးခဲ့တာ တွေ့ရပါတယ်။

## အသင်းကိုလိုနီများ

အောက်မြန်မာပြည်မှာ နယ်သစ်ဖွင့် ထူထောင်တဲ့ ဒေသတွေဟာ အများအားဖြင့် မုတ္တမပင်လယ်ကွေ့နဲ့ စစ်တောင်းမြစ်ဝတစ်လျှောက်ရှိ သစ်တော ကြိုးဝိုင်းပျက်တွေ၊ မြေလွတ်မြေရိုင်းတွေ၊ ပင်လယ်ကမ်းစပ် သောင်ကုန်းမြေတွေ၊ တာပတ်နိုင်တဲ့ မြေနိမ့်ချိုင့်ဝှမ်းတွေမှာ ဖြစ်ကြောင်း တွေ့ရပါတယ်။ ပင်လယ်ဆားငန်ရေဝင်ရောက်တဲ့ဒေသတွေ ဖြစ်ပြီး ကနစို၊ မဒမ၊ သင်ပေါင်း၊ လမု၊ လမဲ့၊ ဗျိုက်၊ ပြူးခြေထောက်ပင်တွေ ပေါက်ရောက်နေတဲ့ တောကြီးမျက်မည်း ဒေသတွေလည်း ပါဝင်ပါတယ်။

အဲဒီမြေတွေကို အစိုးရ သီးသန့်ပိုင်မြေတွေအဖြစ် သတ်မှတ်ပြီး ဆင်းရဲနွမ်းပါးလို့ လယ်ယာမဲ့ ဖြစ်နေကြတဲ့ လယ်သမားတွေကို သမအသင်းသားတွေအဖြစ် စုစည်း၊ တစ်ဦးချင်း လုပ်ကိုင်ရမယ့်နေရာတွေ ခွဲဝေသတ်မှတ်ပေး၊ အစိုးရက စရိတ်စက အကုန်အကျခံ ချေးငွေ ထောက်ပံ့ပြီး စိုက်ပျိုးလယ်မြေတွေ



mgyoe.com

mgyoe.com SAMPLE BOOK
ဖြစ်ပေါ်လာဖို့ ဖော်ဆောင်ပေးတာ ဖြစ်ပါတယ်။ မြေခွန်တော်မှအပ ဘယ်လို အခွန်မှ ကောက်ခံခြင်း မပြုဘဲ တောင်သူလယ်သမားတို့ရဲ့ ဘဝမြှင့်တင်ရေး လုပ်ငန်းကို ဆောင်ရွက်ခဲ့တဲ့ Project ကြီး ဖြစ်ပါတယ်။ အကြောင်းအမျိုးမျိုး ကြောင့် လယ်ယာမဲ့ ဖြစ်နေသူတွေ၊ ဆင်းရဲနွမ်းပါးပြီး မြေယာ ဖော်ထုတ်ဖို့ အခက်အခဲ ရှိနေတဲ့ တောင်သူလယ်သမားတွေအတွက် အစိုးရ အထောက်အပံ့ နဲ့ စိုက်ပျိုးဖို့ မြေသစ်တွေကို သမဝါယမစနစ်နဲ့ ဖော်ထုတ် ဆောင်ရွက်တာဟာ နယ်သစ်ဖွင့်လုပ်ငန်းပဲ ဖြစ်ပါတယ်။

နယ်သစ်ဖွင့်ဒေသတွေမှာ ကျေးရွာသစ်တွေ တည်ထောင်ပေးပြီး နယ်သစ်ဖွင့် ကျေးရွာလို့ အမည်တွင်စေပါတယ်။ 'ဖက်စပ်မြေငှား သမဝါယမငွေစုငွေချေး အသင်း များ'လို့ ခေါ်ကြပါတယ်။ တစ်ရွာအတွက် အသင်းသား ၂၄ ဦးကနေ ဦးရေ ၄၀ အထိ ဖွဲ့စည်းချထားပေးပါတယ်။ တစ်ဦးကို ၂၅ ဧကလောက်ကနေ ဧက ၄၀ အထိ ခွဲဝေသတ်မှတ်ချပေးပါတယ်။ တစ်ရွာအတွက် ဧရိယာ ဧက ၁၀၀၀ ကနေ ဧက ၁၅၀၀ ဝန်းကျင် ချထားလုပ်ကိုင်ခွင့် ပေးပါတယ်။ နယ်သစ်ဖွင့် ကွင်းမြေပုံ တွေမှာ ဖော်ပြထားတဲ့ ဦးပိုင်ခြား၊ လုပ်ကွက်ခြားတွေက လေးထောင့်ကျကျ အကွက် တွေ ဖြစ်ပြီး အစက်အစက်တွေနဲ့ နယ်နမိတ်မျဉ်း ဆွဲပြီး ဦးပိုင် ခြားပြထားတယ်။ အစိုးရက အကွက်ရိုက် ချထားပေးတယ်။ ရွာ တည်ပေးတယ်၊ ငွေစုငွေချေး ထောက် ပံ့ပေးတယ်။ မိမိ ရတဲ့မြေ မိမိဘာသာ ခုတ်ထွင် ရှင်းလင်း လုပ်ကိုင်စေတဲ့စနစ် ဖြစ်ပါတယ်။ အသင်းသားတွေဟာ အသင်းကနေတစ်ဆင့် အစိုးရဆီကနေ မြေ ကို အငှားရယူပြီး စိုက်ပျိုးစရိတ် ချေးငွေတွေ၊ လယ် တည်ဖို့ နှစ်ရှည် ချေးငွေတွေ ကို အတိုးနှုန်း သက်သက်သာသာနဲ့ ချေးငှား ဆောင်ရွက်ခွင့် ရရှိပါတယ်။

(နယ်သစ်ဖွင့်ဒေသတွေက ကွင်းမြေပုံတွေကို ကြည့်ပြီး သစ်ပင်ကြီးတွေ၊ ကိုင်းတောကြီးတွေ ရှိပြီး ဒီရေအတက်အကျ ရှိနေတဲ့၊ ရေဝပ်နေတတ်တဲ့၊ တော ရိုင်းမြေပြင်ကို ဘယ်လို တိုင်းတာခွဲဝေ အကွက်ရိုက်ပေးခဲ့သလဲ တွေးကြည့် ပုံ ဖော်ရတာ စိတ်ဝင်စားစရာပါ။ ခုခေတ် မြေတိုင်းတာသူတွေအဖို့ ခေတ်မီ မြေ တိုင်းပစ္စည်းတွေ၊ အဆင့်မြင့် နည်းပညာမြင့် တိုင်းတာရေးစနစ်တွေနဲ့ ယဉ်ပါးနေ ကြသူတွေ ဆိုတော့ ဒါလေးများလို့ ထင်စရာပါ။ ခုခေတ် လူငယ်တွေ ကံကောင်း ပါတယ်။ ကျွန်တော်တို့ မြေတိုင်းသင်တန်း တက်ခဲ့ရတုန်းက သာမန် Calculator တောင် ရုံးတွေမှာ မသုံးနိုင်သေးပါဘူး။ ဝင်တောင် မဝင်သေးဘူး ထင်ပါတယ်။ Facit ဆိုတဲ့ လက်နဲ့ လှည့်ရတဲ့ ဂဏန်းပေါင်းစက်က တိုင်းရုံးတွေမှာပဲ သုံးနိုင် သေးတယ်။ မြေတိုင်းတဲ့အခါ Lat Long ရဖို့၊ ကွင်း Setup ခွဲဖို့ ဘာနဲ့ ဂဏန်း


mgyoe.com

mgyoe.com SAMPLE BOOK

တွက်ရလဲ ဆိုတော့ မြေတိုင်းအဖွဲ့တစ်ဖွဲ့မှာ ကျောင်းသုံး လော့ဂရစ်သမ် စာအုပ်ကလေးတစ်အုပ်၊ လော့ဂရစ်သမ် အကြီးစား ဖြစ်တဲ့ ရှော်တြီတို့ ဘွိုင်းလူးတို့ ဆိုတဲ့ စာအုပ်ကြီးက တစ်အုပ်၊ Almanac Table ခေါ်တဲ့ နေ လ နက္ခတ်သွားလမ်းပြစာအုပ်ကြီးနဲ့ ရုံးချုပ်က ဖြန့်ဝေတဲ့ Declination ခေါ်တဲ့ နေဖမ်းဇယားတစ်စောင်ရယ်၊ 1 inch Map ရယ်နဲ့ တွက်ကြရတာပါ။ မနည်း တွက်ရပါတယ်။ သုံးရတဲ့ သီအိုဒလိုက်က ပုံရိပ်ပြောင်းပြန် ပေါ်တဲ့ ER Watts ဒါမှမဟုတ် VO အစုတ်။ သုံးချောင်းထောက်ကို ရေချိန်ညှိရတာနဲ့တင် ချွေးကို ပြန်ရော။ ရောက်တဲ့ အရပ် ဒါမှမဟုတ် Reference Station ကို Lat, Long ရဖို့ နေဖမ်းရတယ်။ ပြွန် ၁၅ လုံးလောက် တိုင်းပြီးရင် နေတစ်ခါ ဖမ်းရပြန်ရော။ ရောက်တဲ့အရပ် ကိုဩဒိနိတ် အမှန် ရဖို့က HS ဖမ်း၊ နေဖမ်း၊ ကြယ်ဖမ်း၊ ခရိုင် Origin East, West တွက်ရတယ်။ ခုခေတ် GPS လို ရောက်တဲ့အရပ် Coordinate တန်းရတဲ့ခေတ် မဟုတ်ဘူး။ တိုးတက်စပြုလာပါပြီ ဆိုတဲ့ ကျွန်တော်တို့ခေတ်မှာတောင် ကွင်းမြေပုံ တစ်ခါ တိုင်းရင် ဖင်ပြဲအောင် တိုင်းရတဲ့ခေတ်ပါ။ သာမန်အားဖြင့် တိုင်းကြီးတစ်တိုင်း ကွင်း ၁၀၀ စီမံချက် ဆိုတော့ ခရိုင်တစ်ခု ကွင်း ၂၀ လောက်ပဲ တိုင်းရတာပါ။ ကျွန်တော်တို့ Wild တို့၊ Kern တို့၊ T1, T2 တို့၊ Theo 020 တို့ ကိုင်ရတဲ့ ၁၉၇၆ ကာလများ မတိုင်မီ၊ လွန်ခဲ့တဲ့ နှစ် ၆၀ လောက် ပထမကမ္ဘာစစ်ပြီးစ ၁၉၁၅ မှသည် ၁၉၂၅ မှာ နယ်သစ်ဖွင့်ဒေသတွေမှာ မြေခွဲဝေချထားဖို့ အကွက်ရိုက် ကွင်းတိုင်းတဲ့ ကွင်းမြေပုံတွေကို အဲဒီကာလက တောကြီးမျက်မည်းထဲ၊ ဒီရေတောတွေကြားထဲ၊ ကိုင်းတော ဗျိုက်တော သင်ပေါင်းတောတွေထဲမှာ ဘယ်လို တိုင်းတာခဲ့ကြသလဲပေါ့လေ။ တွက်ဆကြည့်ရတာကတော့ Bar ဖတ်ပြီး တိုင်းတာ ပုံထုတ်သွားတယ်လို့ ယူဆရပါတယ်။ သံကြိုးလိုင်းဖောက်ရင် သံကြိုးက အဲလို မြေတွေမှာ ဆွဲလို့ ရမှာ မဟုတ်တော့ Bar တွေဖတ်ပုံထုတ်သွားတဲ့သဘောပါ။ အတော်အပင်ပန်းခံ လုပ်သွားကြတာပါ။ တန်းဂျင့်၊ ကိုတန်းဂျင့်တွေနဲ့ ထြီဂိုနိုမေတြီ သဘောတရား သုံးသွားတာပါ။ Indian Survey သမားတွေ ချီးကျူးဖို့ ကောင်းပါတယ်။ တစ်ကွင်းလုံး သံကြိုး မဆွဲဘဲ ဘားနဲ့ပဲ ဖတ်တိုင်းသွားတဲ့ ကွင်းမြေပုံကို စလင်း ဆင်ဖြူကျွန်း မြေနု တညောင်ဘက် ကိုအေးမောင်စိန်နဲ့ ကျွန်တော် မြေသွားတိုင်းတုန်းက တွေ့ဖူးတယ်။ အခုလည်း အဲလိုနည်းနဲ့ Frame ခွေ၊ မိုရဘာ ရိုက်သွားပုံပါ။)

မြေရိုင်းတွေကို ကွင်းဖွဲ့၊ အသင်းသားတွေကို အကွက်ရိုက် ချထားပေးပြီးရင် အသင်းသားအနေနဲ့ မိမိ ရတဲ့အကွက်မှာ တစ်ဦးချင်း မိမိအစီအစဉ်နဲ့ မြေဖော်

mgyoe.com

mgyoe.com
SAMPLE BOOK

ထုတ်ရပါတယ်။ ကွင်းအတွင်း အများနဲ့ ဆိုင်တဲ့ ရေငန်တား တာတမံ၊ ရေကန်၊ ရေနုတ်မြောင်းတွေအတွက် အသင်းအနေနဲ့ စုပေါင်း လုပ်ရပါတယ်။ အစိုးရက လည်း သူတို့ တီကျင်းခုတ်ထွင် လုပ်ကိုင်တဲ့ မြေအတွက် အမတော်ကြေး ချေးငွေ ထုတ်ပေးပါတယ်။ ချေးငွေက အသင်းကို ချေးငွေနဲ့ အသင်းသားကို ချေးငွေ ဆိုပြီး နှစ်မျိုးနှစ်စား ခွဲထားပါတယ်။

(၁) အများနဲ့ ဆိုင်တဲ့ ရေငန်တား တာတမံ၊ ရေကန်၊ ရေနုတ်မြောင်းတွေ အတွက် အသင်းကို ချေးငွေများအတွက် အရစ်ကျ ငါးနှစ် ပြန်ဆပ်ဖို့ ဖြစ်ပါတယ်။

(၂) အသင်းသားသို့ ချေးငွေတွေအတွက် -

| | | |
|---|---|---|
| (က) | စိုက်ပျိုးစရိတ်ချေးငွေ | = နှစ်ချင်း ဆပ် |
| (ခ) | မီးဖိုချောင်စရိတ်ချေးငွေ | = နှစ်ချင်း ဆပ် |
| (ဂ) | ကျွဲနွားဝယ်ရန် ချေးငွေ | = ၃ နှစ် ဆပ် |
| (ဃ) | အိမ်ဆောက်စရိတ် | = ၅ နှစ် ဆပ် |
| (င) | ကြွေးဟောင်းဆပ်ရန် ချေးငွေ | = ၅ နှစ် ဆပ် |

ဖြစ်ကြောင်း တွေ့ရပါတယ်။

မြေခွန်ကိုတော့ လယ် စတင်ဖော်တဲ့ ကာလကစပြီး သုံးနှစ် မြေခွန် ကင်းလွတ်ခွင့် ပြုပါတယ်။

## ငွေစုငွေချေးသမအသင်းများနှင့် နယ်သစ်ဖွင့်အသင်းများ

နယ်သစ်ဖွင့်ဒေသတွေ ထူထောင် တည်ရှိခဲ့ပုံကို ရှေ့မှာ တင်ပြခဲ့ပြီး ဖြစ်ပါတယ်။ အဲဒီခေတ်ကာလမှာ သမဝါယမဌာနရဲ့ လက်အောက်မှာ ငွေစုငွေချေး သမ အသင်းတွေနဲ့ နယ်သစ်ဖွင့် သမအသင်းတွေ ဆိုပြီး နှစ်ပိုင်း ရှိနေတာကို သတိပြုမိဖို့ လိုပါမယ်။

လယ်ယာမြေ ဖော်ထုတ်လုပ်ကိုင်မှု အရင်းအနှီးအတွက် ချစ်တီး စတဲ့ ငွေရှင်တွေဆီကနေ အတိုးနှုန်း မြင့်မြင့်မားမားနဲ့ ချေးယူနေရတဲ့ တောင်သူလယ်သမားတွေရဲ့ ကြွေးမြီပြဿနာကို ဖြေရှင်းပေးဖို့ ရည်ရွယ်ချက်နဲ့ ဗြိတိသျှ ကိုလိုနီအစိုးရဟာ သမဝါယမ ငွေစုငွေချေးအသင်းတွေ တည်ထောင်ပေးသလိုပဲ နယ်သစ်ဖွင့် သမဝါယမဌာနစိတ်တစ်ခု ထပ်မံဖွင့်လှစ် ဆောင်ရွက်ခြင်း ဖြစ်ပါတယ်။ သမဝါယမ ငွေစုငွေချေးအသင်းတွေကို ၁၉၀၅ မှာ စတင် ဖွဲ့စည်းခဲ့ပြီး နယ်သစ်


mgyoe.com

mgyoe.com SAMPLE BOOK

ဖွင့် သမအသင်းတွေကိုတော့ ၁၉၁၄-၁၉၁၅ ခုနှစ်မှသာ စတင် ထူထောင်ခြင်း ဖြစ်ပါတယ်။ ကွဲပြားအောင် ရှင်းလင်း တင်ပြပေးပါမယ်။

သမဝါယမ ငွေစုငွေချေးအသင်းတွေကို ၁၉၀၅ မှာ အသင်း ၁၂ သင်းနဲ့ စတင် ဖွဲ့စည်းမှတ်ပုံတင်ခဲ့ရာက ၁၉၂၅ ခုနှစ်မှာ အသင်းပေါင်း ၄၀၅၇ သင်း၊ အစုဝင်ငွေ ကျပ် ၃၅,၀၀,၀၀၀၊ ရင်းနှီး လည်ပတ်ငွေ ကျပ် ၁၇၈,၀၀,၀၀၀ အထိ တိုးတက်လာခဲ့ပါတယ်။ ဒါပေမဲ့ ၁၉၃၀ ပြည့်နှစ်မှာ ကမ္ဘာ့စီးပွားရေး ဆုတ်ယုတ်မှု ကပ်ဆိုက်တဲ့အခါ သီးနှံဈေးများ၊ စပါးဈေးများ ကျဆင်း၊ မြေခွန်တော်တွေ မပြေမကျေဖြစ်နဲ့ သမအသင်းသား တောင်သူလယ်သမားတွေမှာ နာလန်မထူနိုင်အောင် ဆုံးရှုံးခဲ့ကြရပါတယ်။ အသင်းက ချေးယူထားတဲ့ ချေးငွေတွေကို ပြန်မဆပ်နိုင်တဲ့ တောင်သူလယ်သမားတွေရဲ့ လယ်ယာမြေတွေကို အသင်းရဲ့စည်းကမ်းချက်အရ သိမ်းယူရတဲ့ အခြေအနေတွေ ဖြစ်ပေါ်ရတဲ့အပြင် သမဝါယမ ဘဏ်တွေရဲ့ ငွေပင်ငွေရင်းတွေ ဆုံးရှုံးမှု ဖြစ်လာပါတယ်။ ငွေကြေးကျပ်တည်းလာတဲ့ အသင်းတွေလည်း ပျက်စီးသွားတဲ့ အနေအထား ဖြစ်လာပါတယ်။

၁၉၃၅ ခုနှစ် ရောက်တဲ့အခါ အရင် ရှိနေတဲ့ ငွေစုငွေချေး သမအသင်း ၄၀၅၇ သင်းအနက် ၁၃၇၁ သင်းပဲ ကျန်ရှိတော့တာ တွေ့ရပါတယ်။ ၁၉၄၀ ပြည့်နှစ်မှာတော့ ၁၂၇၃ သင်းအထိ ဆုတ်ယုတ်လာတာ တွေ့ရပြီး အဆိုပါ ကျန်ရှိတဲ့ အသင်းတွေအနက် ၃၄၉ သင်းဟာလည်း ဖျက်သိမ်းရတော့မယ့် အခြေအနေ ရောက်နေပြီလို့ ဆိုရပါမယ်။

ငွေစုငွေချေးသမအသင်းတွေ အောင်မြင်မှု မရှိတာကို ကုစားဖို့ ၁၉၃၅ နောက်ပိုင်း 'သမဝါယမ ငွေစုငွေချေးနှင့် စုပေါင်းရောင်းဝယ်ရေးအသင်းများ' အမည်ကို ပြောင်းလဲ ဖွဲ့စည်းတာ၊ မြန်မာနိုင်ငံလုံးဆိုင်ရာ သမဝါယမဘဏ် ထူထောင် ပံ့ပိုးတာတွေ ဆောင်ရွက်ပေမဲ့လည်း ဆေးချက် မမိတော့ပါဘူး။ စီးပွားပျက်ကပ်ကြောင့် 'မြန်မာနိုင်ငံလုံးဆိုင်ရာ သမဝါယမဘဏ်'တောင်မှ အရှုံးနဲ့ပဲ လည်ပတ်နေရတာကို တွေ့ရပါတယ်။ နောက်ဆုံးမှာ ဗြိတိသျှ အစိုးရဟာ သမငွေချေးသင်းတွေအတွက် ရင်းနှီး မြှုပ်နှံထားတဲ့ ရန်ပုံငွေ ကျပ် ၃၅,၀၀,၀၀၀ (ကျပ် ၃၅ သိန်း) ကို အရှုံးခံပြီး မြန်မာနိုင်ငံလုံးဆိုင်ရာ သမဝါယမဘဏ်ကို ဖျက်သိမ်းပစ်ရတဲ့ဘဝ ရောက်သွားပါတယ်။ အဲသလို ငွေစုငွေချေး သမဝါယမ အသင်းတွေဟာလည်း တဖြည်းဖြည်း ဖျက်သိမ်း ပျောက်ကွယ်သွားတာကို တွေ့ရပါတော့တယ်။


mgyoe.com

mgyoe.com
SAMPLE BOOK

နယ်သစ်ဖွင့်ဒေသ သမအသင်းတွေကတော့ ငွေစုငွေချေး သမဝါယမအသင်းတွေရဲ့မူနဲ့ ကွဲပြားပါတယ်။ 'ဖက်စပ် မြေငှားလုပ်၊ ငွေစုငွေချေး သမအသင်း' ဆိုတဲ့ မူနဲ့ ဖွဲ့စည်းတာ ဖြစ်ပါတယ်။ သီးခြား နယ်သစ်ဖွင့်ဌာနစိတ်နဲ့ ဆောင်ရွက်ပါတယ်။ မြေကို နိုင်ငံတော်က အသင်းကို သတ်မှတ် ချထားပါတယ်။ အသင်းတစ်သင်းကို ဧရိယာ ဧက ၁၀၀၀ ကနေ ဧက ၁၅၀၀ ဝန်းကျင် ခွဲဝေချထားပါတယ်။ အသင်းသားတွေဟာ အသင်းကတစ်ဆင့် အစိုးရဆီက မြေကို အငှားယူတာ၊ အသင်းကတစ်ဆင့် လယ်လုပ် အမတော်ကြေးနဲ့ နှစ်ရှည် ချေးငွေတွေ ရယူတဲ့ နည်းလမ်းကို ကျင့်သုံးပါတယ်။ အဲဒီတုန်းက ဖြစ်ပေါ် တွေ့ကြုံနေရတဲ့ တောင်သူလယ်သမားတွေ မိမိတို့ ဖော်ထုတ် လုပ်ကိုင်မြေတွေကို ကြွေးမြီကြောင့် မြေယာ ဆုံးရှုံး လက်လွှတ်ခံရခြင်းဘေးက ကာကွယ်ပေးဖို့ ဖြစ်ပါတယ်။

## ဗြိတိသျှအစိုးရ၏ မူဝါဒ ပြောင်းလဲခြင်း

၁၉၁၄-၁၉၁၅ ခုနှစ်ကနေ စတင် ထူထောင်ခဲ့တဲ့ နယ်သစ်ဖွင့်လုပ်ငန်းတွေမှာ သမဝါယမစနစ်အရ နယ်သစ်ဖွင့် မြေချထားတဲ့ စနစ်ကို ဗြိတိသျှအစိုးရဟာ ၁၉၂၄-၁၉၂၅ ခုနှစ်မှာ စွန့်လွှတ် ပြောင်းလဲလိုက်ပါတယ်။ ဧရိယာ ပမာဏ သင့်လျော်လို့ တစ်ဆက်တစ်စပ်တည်း ရှိပြီး စိုက်ပျိုးနိုင်တဲ့ မြေလွတ်မြေရိုင်း (waste land and arable or available land) တွေကို အစိုးရ သီးသန့်မြေတွေ (Government Estate Land) အဖြစ် သတ်မှတ်ပြီး တောင်သူလယ်သမားတွေကို တစ်ဦးချင်းစီအတွက် မြေငှားခ ကောက်ခံပြီး ခွဲဝေ ချထားတဲ့ စနစ်ကို ပြောင်းလဲ ကျင့်သုံးတာ ဖြစ်ပါတယ်။

မြေချထားခံရတဲ့ တောင်သူလယ်သမားတွေဟာ အရင်လို အသင်းကတစ်ဆင့် ငွေချေးတဲ့နည်းလမ်း မဟုတ်တော့ဘဲ မြေလုပ်သူ တစ်ဦးချင်းဆီ တိုက်ရိုက် ထုတ်ချေးခဲ့ပါတယ်။ မူလ ရှိနေတဲ့ သမဝါယမဌာနအတွင်းမှ နယ်သစ်ဖွင့်ဌာနစိတ်ကို ခွဲထုတ်ပြီး အစိုးရ သီးသန့်ပိုင်မြေဌာနအဖြစ် သီးခြား ဖွဲ့စည်းတည်ထောင်ပြီး မြေ လုပ်ကိုင်လိုတဲ့ တောင်သူလယ်သမားတွေကို မြေငှားခနဲ့ မြေခွဲဝေချထား ဖော်ထုတ် လုပ်ကိုင်စေပါတယ်။ အစိုးရ သီးသန့်ပိုင်မြေ လုပ်သားလို့ ခေါ်ဆိုစေပါတယ်။

၁၉၃၈ ခုနှစ် ရောက်တဲ့အခါ မြေနှင့် စိုက်ပျိုးရေးကော်မတီက သမဝါယမစနစ်နဲ့ နယ်သစ်ဖွင့် လုပ်ငန်းကို ပြန်လည် ဆောင်ရွက်သင့်ကြောင်း အကြံပြုချက်အရ နယ်သစ်ဖွင့် အသင်းမြေစနစ် ပြန်လည် ကျင့်သုံးပြန်ပါတယ်။ အဲဒီ


mgyoe.com

mgyoe.com SAMPLE BOOK

အခါမှာ အစိုးရသီးသန့်ပိုင်မြေဌာနလက်အောက် ရောက်နေတဲ့ Government Estate Land တွေကို နယ်သစ်ဖွင့် သမသင်းမြေတွေအဖြစ် ဘယ်လိုဘယ်ပုံ စီမံမလဲ ဆိုတာ စဉ်းစားစရာ ဖြစ်လာပါတယ်။ အစိုးရ သီးသန့်ပိုင်မြေအဖြစ် သတ်မှတ်ထားပြီးတဲ့ ဧရိယာတွေအတွင်းကနေ တစ်ဆက်တစ်စပ်တည်း တည်ရှိပြီး ဧရိယာပမာဏ သေးငယ်တဲ့အဝန်းအဝိုင်းမြေတွေကို ခရိုင်ဝန် (DC) တွေ (ကော်လိပ်တော်) လက်အောက်ကို လွှဲပြောင်း အုပ်ချုပ်စေပါတယ်။ အဆိုပါ ပမာဏ သေးငယ်ဧရိယာတွေကို သမအသင်းတစ်သင်းဆီ အရင်လို တစ်ဆက်တစ်စပ်တည်း ကေထောင်ချီ တည်ပေးဖို့ မလုံလောက်တဲ့အတွက် မြေနှင့် အခွန်တော် ဥပဒေတွေပါ လုပ်ထုံးလုပ်နည်းတွေနဲ့အညီ သင့်လျော်တဲ့ ပုဂ္ဂလိကနဲ့ အသင်းအဖွဲ့တွေဆီ ကော်လိပ်တော်ကနေ မြေခွဲဝေချထားနိုင်ဖို့ ဖြစ်ပါတယ်။

မြေလွတ်မြေရိုင်းတွေကို Government Estate Land သတ်မှတ်ထားလိုက်ရာမှာ အကုန်လုံးကို နယ်သစ်ဖွင့် သမအသင်းမြေအဖြစ် ပြန်ပေးဖို့ မဟုတ်ဘဲ တချို့ကို ကော်လိပ်တော် ဖြစ်တဲ့ အရေးပိုင်မင်း ချထားနိုင်တဲ့ Governmemt Estate Land Area အဖြစ် ချန်ထားဖို့ ဖြစ်ပါတယ်။ ဒါပေမဲ့ ကော်လိပ်တော် ချထားနိုင်မယ့် Governmemt Estate Land ဟာ ဧရိယာ အများကြီး မရှိပါဘူး။ ကြိုကြားကြိုကြား တည်ရှိနေတဲ့ အစိုးရ သီးသန့်မြေတွေသာ ဖြစ်ပါတော့တယ်။

၁၉၂၄ ခုနှစ်ကနေ ၁၉၃၈ ခုနှစ်အကြား အစိုးရ သီးသန့်ပိုင်မြေ ချထားမှုအဖြစ် မြေငှားခ ရယူ ချထားခဲ့တဲ့ တောင်သူလယ်သမားတွေ (သီးသန့်မြေလုပ်သားလို့ ခေါ်ပါတယ်) ကို အသင်းသား ၁၀ ဦးထက်မနည်း ရှိတဲ့ နယ်သစ်ဖွင့် သမအသင်းတွေအဖြစ် ဆက်တည်ထောင်ပေးပြီး မြေချပေးပါတယ်။ အစိုးရ သီးသန့်မြေကို နယ်သစ်ဖွင့်မြေနဲ့ ကော်လိပ်တော်က Governmemt Estate Land အဖြစ် စီမံ ချထားဖို့ မြေအဖြစ် ခွဲခြားပေးလိုက်တဲ့သဘောပါ။ အင်မတန် ပညာပါတဲ့ မြေယာစီမံခန့်ခွဲမှုနည်းလမ်း ဖြစ်ပါတယ်။ ၁၀ ဦးထက် နည်းတဲ့ အသင်းတွေကို စာရင်း ရှင်းလင်း ဖျက်သိမ်းပါတယ်။

နယ်သစ်ဖွင့်လုပ်ငန်းတွေရဲ့ ရည်ရွယ်ချက်နဲ့ လုပ်ရမယ့် စနစ်တွေဟာ ကောင်းမွန်ပြီး အဲဒီတုန်းက အနေအထားအရ ခေတ်ရှေ့ကို ပြေးနေတဲ့သဘော အသွင်ဆောင်ပါတယ်။ ဒါပေမဲ့ မူဝါဒ မတည်ငြိမ် မခိုင်မြဲတာ တွေ့ရပါတယ်။ မူလ ဖွဲ့စည်းစဉ်က နယ်သစ်ဖွင့် ငွေစုငွေချေး သမအသင်း ဖြစ်ပါတယ်။ အဲဒီကမှ ၁၀ နှစ်လောက် ကြာတဲ့အခါ နယ်သစ်ဖွင့်သမအသင်းမြေ ဖက်စပ် မြေငှားအဖြစ်ကနေ အစိုးရသီးသန့်ပိုင်မြေအဖြစ်ကို ပြောင်းလဲပြီး အသင်းကို ဦးစား


mgyoe.com

mgyoe.com SAMPLE BOOK

မပေးတော့ဘဲ မြေလုပ်သူကိုပဲ ထိန်းချုပ်ပါတယ်။ အစိုးရ သီးသန့်ပိုင်မြေ လုပ်သားတွေကို အသင်းကတစ်ဆင့် မဟုတ်ဘဲ တစ်ဦးချင်း တိုက်ရိုက်ငွေချေး ပံ့ပိုးတဲ့စနစ် ပြောင်းပစ်လိုက်တယ်။ မကြာပါဘူး၊ နယ်သစ်ဖွင့် သမအသင်းမြေ ပြန်လုပ်ပြန်ပါတယ်။ ဒီတော့ လုပ်ငန်း မတည်ငြိမ်၊ အတည်တကျ မရှိဘဲ မြေစမ်းခရမ်းပျိုးသလို ဖြစ်နေတာကြောင့် Develop မဖြစ်နိုင်တော့တာ သေချာလာပါတယ်။ နယ်သစ်ဖွင့်လုပ်ငန်းကို ၁၉၃၇ နောက်ပိုင်း သမဝါယမစနစ်နဲ့ ပြန်လည်အကောင်အထည်ဖော်တဲ့အခါ အထိုက်အလျောက် အောင်မြင်မှု ရလာပါတယ်။ ဒါပေမဲ့လည်း ငွေရေးကြေးရေးဆိုင်ရာ အသင်းအဖွဲ့တွေရဲ့ထုံးစံအတိုင်း အသင်း အမှုဆောင် ကော်မတီဝင်တွေရဲ့ ဖောက်လွဲဖောက်ပြန်ပြုမှု၊ အလွဲသုံးစားမှုတွေကြောင့် အသင်းတွေရဲ့ ဘဏ္ဍာရေးအခြေအနေ ယိုင်နဲ့လာရပါတယ်။

အဲလို အခြေအနေကနေ ၁၉၄၀ ပြည့်နှစ် ဒုတိယကမ္ဘာစစ်မီး မြန်မာပြည်ကို ကူးစက်လာတဲ့အခါမှာတော့ နယ်သစ်ဖွင့် သမအသင်းလုပ်ငန်းတွေ ပျက်ပြားသွားရပါတယ်။

စစ်ကြီး ပြီးတဲ့အခါမှာလည်း ၁၉၄၈-၁၉၄၉ ကစပြီး နိုင်ငံတစ်ဝန်း ဆူပူသောင်းကျန်းမှုတွေ၊ ပြည်တွင်းစစ်ဖြစ်ပွားမှု အခြေအနေတွေကြောင့် ကျေးလက်ဒေသတွေမှာ အခြေချထားတဲ့ နယ်သစ်ဖွင့်လုပ်ငန်းတွေရဲ့ စီမံအုပ်ချုပ်ရေး၊ လုံခြုံရေး၊ ဘဏ္ဍာရေး၊ စီးပွားရေးကိစ္စရပ်တွေ လစ်ဟာပျက်ယွင်းရပြန်ပါတယ်။ နယ်သစ်ဖွင့် ဖက်စပ်မြေငှား သမသင်းတွေရဲ့ စာရင်းအင်းတွေနဲ့ မြေယာ ပြဿနာတွေ ပွေလီ ရှုပ်ထွေးလျက်ရှိပါတယ်။ လွတ်လပ်ရေးပြီးတဲ့နောက် ပြည်ထောင်စု မြန်မာနိုင်ငံတော် အစိုးရဟာ နယ်သစ်ဖွင့်ဌာနကြီးရဲ့ ပြန်လည် ထူထောင်ရေးလုပ်ငန်းကို များပြားလှတဲ့ အခက်အခဲတွေကြားက ဆောင်ရွက်ရပါတယ်။ နယ်သစ်ဖွင့် အသင်းဟောင်းတွေရဲ့ (၁၉၃၈ မှ ၁၉၄၀ အတွင်း ဖက်စပ် မြေငှား သမအသင်း ၁၅၅ သင်း ရှိခဲ့ပါတယ်။) စာရင်းရှင်းလင်းမှုကို ဆောင်ရွက်ခြင်း၊ အသင်းဟောင်းတွေကို စာရင်းဖျက်သိမ်းခြင်း၊ အသင်းဟောင်းတွေကို ပြန်လည် ထူထောင်ပေးခြင်း၊ အစိုးရ သီးသန့်ပိုင်မြေအဖြစ် အရင် သတ်မှတ်ထားစဉ်က အဲဒီမြေပေါ် လုပ်ကိုင်နေသူ လက်ရှိ လုပ်ကိုင်နေသူ တောင်သူလယ်သမားတွေကို လယ်ယာလုပ်ငန်းနှင့် လုပ်ငန်းပေါင်းစုံ သမဝါယမ အသင်းတွေအဖြစ် အသင်းသစ်တွေ ဖွဲ့စည်းတည်ထောင်ခြင်းတွေကို ဆောင်ရွက်ခဲ့တာ တွေ့ရပါတယ်။ လယ်ယာနှင့် လုပ်ငန်းပေါင်းစုံ သမဝါယမအသင်း (လီမိတက်) ရဲ့ လုပ်ထုံးလုပ်နည်းတွေ၊ စည်းမျဉ်းတွေ ရေးဆွဲပြဋ္ဌာန်းခြင်းတို့ ဆောင်ရွက်တာကိုလည်း တွေ့ရပါတယ်။


mgyoe.com

mgyoe.com SAMPLE BOOK

## ပြန်လည်ထူထောင်ခြင်း

နယ်သစ်ဖွင့်ဒေသတွေ ပြန်လည်ထူထောင်ရေး လုပ်တဲ့အခါ အခက်အခဲ အများကြီး တွေ့ရပါတယ်။ နယ်သစ်ဖွင့်ဒေသ ဆိုတာ လုပ်ကိုင်သူ မရှိတဲ့ ပင်လယ်ကမ်းစပ်ဒေသတွေ၊ သစ်တောကြိုးဝိုင်းပျက်နဲ့ သစ်တောမြေ စပ်ယှက်အရပ်တွေ၊ မြစ်ဝသောင်ခုံ ကိုင်းတောသောင်ကမ်းတွေ၊ တောရိုင်းမျက်မည်းတွေမှာ အများအားဖြင့် တည်ရှိပါတယ်။ ခရီးလမ်းပန်း သွားလာဆက်သွယ်ရေး ခက်ခဲတဲ့ နေရာတွေ ဖြစ်ပါတယ်။ ယာဉ်လမ်းကြောင်း မပေါက်တဲ့နေရာက များပါတယ်။ လမ်းပန်း ဆက်သွယ်ရေး ခက်ခဲညံ့ဖျင်းတဲ့နေရာ ဖြစ်တဲ့အပြင် ပြည်တွင်းသောင်းကျန်းမှုအရှိန် မြင့်နေချိန် လုံခြုံရေး မကောင်းတဲ့ဒေသတွေ ဖြစ်တာကြောင့် ရည်မှန်းသလောက် ခရီးမပေါက်ခဲ့တာ တွေ့ရပါတယ်။

စစ် မဖြစ်မီက တည်ထောင်ထားခဲ့တဲ့ ဖက်စပ်မြေငှား နယ်သစ်ဖွင့်သမဝါယမအသင်း ၁၅ သင်းကို စိစစ်တဲ့အခါ အောက်ပါ စာရင်းကို တွေ့ခဲ့ရပါတယ်။

| | |
|---|---|
| (၁) ဒိုက်ဦးနယ် | ၂၈ သင်း |
| (၂) ပဲခူး (မြောက်) | ၃၃ သင်း |
| (၃) ပဲခူး (တောင်) | ၂၀ သင်း |
| (၄) ခရမ်းနယ် | ၁၅ သင်း |
| (၅) သုံးခွနယ် | ၂၀ သင်း |
| (၆) ဘိုကလေးနယ် | ၃၉ သင်း |

ဖြစ်ပါတယ်။ အဲဒီအသင်းဟောင်းတွေ တည်ရှိတဲ့နေရာကလည်း အဲဒီကာလက နစ်နီ၊ နစ်ဖြူ၊ ရဲဘော်ဖြူ၊ KNDO တို့ အခြေချ အားပြုတဲ့ နေရာတွေ ဆိုတာ တွေ့ရပါတယ်။

အဆိုပါ အသင်းတွေကို စာရင်း ရှင်းလင်းတဲ့အခါ အထောက်အထား မှတ်တမ်းတွေ မပြည့်စုံသော်ငြား အတတ်နိုင်ဆုံး ဖြေရှင်း ဆောင်ရွက်ခဲ့ရပါတယ်။ အမိကအားဖြင့် အစိုးရကို ပေးဆပ်ရမယ့် အမတော်ကြေးနှင့် အခွန်တော်များ ပြေကျေမှု ရှိ မရှိ ဆိုတာနဲ့ပဲ စတုတ်တိုက် စာရင်းရှင်းလင်းတဲ့သဘော တွေ့ရပါတယ်။ မပြေကြွေးငွေ ရှိတဲ့ အသင်းဟောင်းတွေကို စာရင်းရှင်း ဖျက်သိမ်းခြင်း၊ စာရင်း မရှင်းမီအထိ လွန်ခဲ့တဲ့ နှစ်တွေအတွင်း အစိုးရကို ကြွေးငွေ ပေးဆပ်ပြီးဖြစ်တဲ့ အသင်းဟောင်းတွေကိုတော့ အသစ် ပြန်လည်ထူထောင်ပေးခြင်း ပြုလုပ်ခဲ့တာ တွေ့ရပါတယ်။

mgyoe.com

mgyoe.com SAMPLE BOOK

အဲလို ပြန်လည် ထူထောင်ရေး ဆောင်ရွက်ပေးခြင်းဖြင့် အသင်းဟောင်း ၁၅၅ သင်းအနက်-

| | |
|---|---|
| ဒိုက်ဦး | ၁၀ သင်း၊ |
| ပဲခူး (မြောက်) | ၂၉ သင်း၊ |
| ပဲခူး (တောင်) | ၁၁ သင်း၊ |
| ခရမ်း | ၈ သင်း၊ |
| သုံးခွ | ၆ သင်း၊ |
| ဘိုကလေး | ၁၁ သင်း၊ |

ပေါင်း ၇၅ သင်းကို ပြန်လည်ထူထောင်ပေးနိုင်ခဲ့ကြောင်း တွေ့ရပါတယ်။

## အသင်းသစ် ဖွဲ့စည်းခြင်း

၁၉၂၄-၁၉၂၅ မှသည် ၁၉၃၈ အထိ နယ်သစ်ဖွင့် မြေလွတ်မြေရိုင်းတွေကို Government Estate Land အဖြစ် သတ်မှတ်လိုက်ပြီး အစိုးရပိုင် သီးသန့်မြေများ ဌာနက စီမံချထားပါတယ်။ အဲဒီအစိုးရ သီးသန့်မြေတွေအပေါ် မြေငှားခ ထမ်းဆောင်ပြီး လုပ်ကိုင်သူတွေကို သီးသန့်ပိုင်မြေလုပ်သားလို့ အမည်ခံ ဆောင်ရွက်စေခဲ့ပါတယ်။ အဲဒီ တောင်သူလယ်သမားတွေကို အခု လွတ်လပ်ရေး ရပြီး ကာလမှာ နယ်သစ်ဖွင့် သမသင်းတွေအဖြစ် ပြန်လည် ဖွဲ့စည်းပေးဖို့ ဆောင်ရွက်တာကို တွေ့ရပါတယ်။

အဲဒီ သီးသန့်ပိုင်မြေလုပ်သား လယ်သမားတွေကို တစ်သင်းမှာ ၁၀ ဦး ထက်မနည်း စုစည်းပြီး နယ်သစ်ဖွင့် သမအသင်းအဖြစ် အသစ် တည်ထောင် ဖွဲ့စည်းပေးနိုင်ခဲ့မှုကို လေ့လာကြည့်တဲ့အခါ အောက်ပါအတိုင်း အသင်းသစ်တွေ ဖွဲ့စည်းနိုင်ခဲ့ကြောင်း တွေ့ရပါတယ်။

| | |
|---|---|
| (၁) ဒိုက်ဦးတွင် | ၂ သင်း၊ |
| (၂) ပဲခူး (မြောက်)တွင် | ၁ သင်း၊ |
| (၃) သုံးခွတွင် | ၁ သင်း၊ |
| (၄) ကွမ်းခြံကုန်းတွင် | ၉ သင်း၊ |
| စုစုပေါင်း | ၁၃ သင်း |

ဖြစ်ကြောင်း တွေ့ရပါတယ်။



mgyoe.com

mgyoe.com
SAMPLE BOOK

## အသင်းသားများ၊ အခွင့်အရေးများ၊ စည်းကမ်းချက်များ

နယ်သစ်ဖွင့် သမအသင်းတွေမှာ ပါဝင်ဆောင်ရွက်သူ အသင်းသားတွေအတွက် အသင်းက ဘယ်လိုမျိုး ပုဂ္ဂိုလ်တွေကို အသင်းသားအဖြစ် အရည်အချင်း သတ်မှတ် စုစည်းပါသလဲ၊ အသင်းသားတွေကို စည်းကမ်း ကန့်သတ်ချက်တွေ ဘယ်လို ပြဋ္ဌာန်းခဲ့ပါသလဲ၊ သူတို့ရဲ့မြေနှင့် အခွင့်အရေး ခံစားခွင့်တွေကို ဘယ်လို ခံစားစေပါသလဲ ဆိုတာ အောက်ပါအတိုင်း လေ့လာတွေ့ရှိရပါတယ်။

## အစဦး နယ်သစ်ဖွင့် လုပ်ကိုင်သူများအတွက် သတ်မှတ်ချက်

၁၉၂၄-၁၉၂၅ မှာ ပထမဆုံး စတင်ခဲ့တဲ့ဖက်စပ်မြေငှားလုပ် နယ်သစ်ဖွင့် သမအသင်းတွေမှာ ပါဝင်တဲ့ အသင်းသားများအတွက် အရေးကြီးသော စည်းကမ်းချက်တွေအဖြစ် သတ်မှတ်ထားခဲ့မှုဟာ အောက်ပါအတိုင်း ဖြစ်ပါတယ်။

(က) အသင်းသားများသည်-

(၁) အသင်းအတွက် တည်ထောင်ထားသည့် ကျေးရွာတွင် နေထိုင်ရမည်။

(၂) လုပ်ကိုင်ရန် ချထားပေးသောမြေသည် အသင်းမြေသာ ဖြစ်၍ အသင်းသားများသည် သီးစား လုပ်ကိုင်သူသာ ဖြစ်သည်။ စည်းကမ်းဖောက်ဖျက်ခြင်း မရှိက သားစဉ်မြေးဆက်တိုင်အောင် လုပ်ကိုင်ခွင့် ရှိသည်။

(၃) မြေကို ရောင်းချခြင်း၊ ပေါင်နှံခြင်း၊ ခွဲစိတ်ခြင်း၊ တစ်ဆင့် သီးစားချထားခြင်းနှင့် အကြောင်းမဲ့ လုပ်ထားခြင်း မပြုရ။ မြေကို မလုပ်ကိုင်နိုင်လျှင် အသင်းသို့ ပြန်အပ်ရမည်။

(၄) သင်းလုံးကျွတ် အစည်းအဝေးက နှစ်စဉ် သတ်မှတ်ပေးထားသော မြေဆီခကို မှန်မှန် ပေးဆောင်ရမည်။ (သီးစားခကို ဆိုလိုခြင်း ဖြစ်ပါတယ်။)

(၅) ထိုသို့ သတ်မှတ်ပေးသော မြေဆီခမှာ ကျသင့် မြေခွန်ခ နှစ်ဆထက် မပိုစေရ။

(၆) ချေးငွေအမျိုးမျိုးတို့ကို အတိုးနှင့်တကွ နှစ်စဉ်မှန်မှန် ပေးဆပ်ရမည်။

mgyoe.com

mgyoe.com SAMPLE BOOK

(၇) အထက်ပါ စည်းကမ်းချက်များကို လိုက်နာဆောင်ရွက်သော အကြောင်း မရှိဘဲ ဖောက်ဖျက်ပါက အသင်းမှ ထုတ်ပယ်ခြင်းခံရမည်။

(ခ) အသင်းသားများ၏ ပေးလျော်ရန် တာဝန်သည် အကန့်အသတ် မရှိပါ။

(ဂ) အသင်းသို့ ချထားပေးသော မြေအားလုံးအတွက် ကျသင့်သော မြေခွန်နှင့် အသင်းက ပေးဆပ်ရန် ရှိသော တာတမံနှင့် ရေနုတ်မြောင်း ဈေးငွေနှင့် ရေကန်တူးရန် ဈေးငွေတို့ကို ကောက်ခံရရှိသော မြေဆီခ ပိုငွေများနှင့် ဈေးငွေပေါ်တွင် ပိုမိုရရှိထားသော အတိုးငွေများဖြင့် အသင်းမှ ပေးဆပ်ရမည်။

ကနဦး နယ်သစ်ဖွင့် တည်ထောင်စဉ်မှာ အထက်ပါ အရည်အချင်း ကန့်သတ်ချက်တွေ၊ စည်းကမ်းချက်တွေနဲ့ မြေလွတ်မြေရိုင်းတွေကို အသင်းမြေတွေအဖြစ် ချထားပြီး တောရိုင်းတွေကို ခုတ်ထွင်ရှင်းလင်းစေခဲ့ပါတယ်။ မြွေဆိုး၊ တောရိုင်းတိရစ္ဆာန်နဲ့ ရောဂါ ထူပြောတာကြောင့် အစ ပထမမှာ လုပ်ကိုင်သူ နည်းပါးပေမဲ့လည်း ၃ နှစ် ၄ နှစ်လောက် ကြာတဲ့အခါ အခြေအနေတွေ တိုးတက် ကောင်းမွန်လာပြီး အသင်းဖွဲ့စည်း လုပ်ကိုင်လိုသူ ပေါ်များလာတဲ့အတွက် ဟံသာဝတီခရိုင် ယုံးခွမြို့နယ်နဲ့ ပဲခူးခရိုင် စစ်တောင်းမြစ်ဝနဲ့ မုတ္တမ ပင်လယ်ကွေ့နဲ့ တစ်ဆက်တစ်စပ်တည်း မြေတွေကိုပါ တိုးချဲ့ လုပ်ကိုင်လာကြပါတယ်။ လုပ်ငန်းစတင်ခဲ့တဲ့ ၁၉၁၄-၁၉၁၅ ကနေ ၁၉၂၃ အထိ နယ်သစ်ဖွင့် သမအသင်းတွေ တိုးချဲ့ ဖွဲ့စည်းခဲ့ရာမှာ ဧရိယာ ဧက ၁၂၀၀၀၀ အထိ ဖော်ထုတ်လာနိုင်ပြီး ပဲခူးခရိုင်၊ ဟံသာဝတီခရိုင်တို့အတွင်း ဖော်ထုတ်ဒေသတွေကို စစ်တောင်း ကိုလိုနီလို့ ခေါ်တွင်ခဲ့တာ တွေ့ရပါတယ်။

## အစိုးရ သီးသန့်မြေအဖြစ် ချထားခံရသူများအတွက်

နယ်သစ်ဖွင့် သမအသင်းတွေ လုပ်ကိုင်ရတဲ့ မြေဟာ ပင်လယ်ကမ်းစပ်နဲ့ သစ်တောပျက်တွေ၊ သောင်ကမ်းတွေ၊ တောရိုင်း ဆားငန်ပေါက်ကိုင်းတော၊ ဗျိုက်တော ထူထပ်ပြီး သစ်ကြီးဝါးကြီး ပေါက်ရောက်ရာ ဒေသတွေ ဖြစ်တဲ့အတွက် ရာသီဥတု ဖောက်ပြန်မှုကို ပြင်းပြင်းထန်ထန် ခံရလေ့ရှိပါတယ်။ ပိုးမွှားဒဏ် ခံရခြင်း၊ ရေငန်တား တာတမံ မလုံမှုကြောင့် ဆားငန်ရေ ဝင်ခြင်းတို့ကြောင့် သီးနှံ အထွက် မမှန်ပါဘူး။ သီးနှံအထွက် ဆုတ်ယုတ်ပါးတဲ့အလျောက် အသင်းက


mgyoe.com

mgyoe.com SAMPLE BOOK

ချေးငွေကို အသင်းတွေများ အချိန်မှန်မှန် ပြေကျေအောင် ပေးဆပ် ဆောင်ရွက်နိုင်စွမ်း အားနည်းလာပါတယ်။ အဲဒီအချက်ကို အကြောင်းပြပြီး ၁၉၂၄-၁၉၂၅ မှာ နယ်သစ်ဖွင့် သမအသင်းစနစ်နဲ့ မြေချထားခြင်းကို အစိုးရက စွန့်လွှတ်လိုက်ပါတယ်။ မြေလွတ်မြေရိုင်းတွေအတွင်း နယ်သစ်ဖွင့်မြေတွေအစား အစိုးရသီးသန့်မြေတွေကို နိုင်ငံ အနှံ့အပြားမှာ တည်ထောင် သတ်မှတ် ချထားပါတယ်။

အဲလို အစိုးရပိုင် သီးသန့်မြေ ချထားတဲ့စနစ်ကို ပြောင်းလဲ ကျင့်သုံးတဲ့အခါ အရင် အသင်းမြေစနစ်လို လယ်ယာဖော်ထုတ် လုပ်ကိုင်သူတွေကို အစိုးရက တာဝန်ခံပြီး စရိတ်ကြေးငွေ ထောက်ပံ့တဲ့ စနစ် မဟုတ်တဲ့အတွက် မြေတိုးချဲ့လုပ်ကိုင်သူတွေ အခွင့်အရေး နည်းပါးသွားပါတယ်။

(က) အစိုးရက လျှောက်ထားသူတွေကို အကွက်ရိုက် တိုင်းတာ ချထားပေးပါတယ်။

(ခ) လုပ်ကိုင်သူတွေဟာ အစိုးရ အကူအညီ မရရှိဘဲ မိမိတို့ စရိတ်နဲ့ ခုတ်ထွင် ရှင်းလင်း လုပ်ကိုင်ရပါတယ်။

(ဂ) အစိုးရသီးစား ဒါမှမဟုတ် နိုင်ငံတော်သီးစားအဖြစ် အစိုးရထံ သီးစားခံရပါတယ်။

(ဃ) မြေဆီခကို အစိုးရထံ မြေ အကောင်းအညံ့အလိုက် တစ်ဧကကို ၁၀ ကျပ်ကနေ ၁၇ ကျပ်အထိ ပေးဆောင်ရပါတယ်။ (ရွှေတစ်ကျပ်သားမှ ၃၀-၅၀/မျှ ရှိချိန်မှာ စပါးတစ်ရာ ၅၀-၇၀ ဝန်းကျင်ကာလ၊ တစ်ဧကမှ ၃၀-၃၅ တင်း ထွက်တဲ့ကာလ။ ပေးရတဲ့ မြေဆီခက နင့်နေတာတွေ့ရပါတယ်။)

ဒါပေမဲ့ အဲဒီစနစ်လည်း မအောင်မြင်တဲ့အတွက် ၁၉၃၈ မှာ ရပ်ဆိုင်းပြီး နယ်သစ်ဖွင့် အသင်းမြေစနစ် ပြန်လည် ကျင့်သုံးပါတယ်။

## တစ်ကျော့ပြန် အစိုးရ နယ်သစ်ဖွင့်ဌာနလက်ထက် After 1938

နယ်သစ်ဖွင့်ဒေသရှိ သမအသင်းရွာတွေမှာ လယ်ယာနှင့် လုပ်ငန်းပေါင်းစုံအသင်းတွေ ဖွဲ့စည်းပါတယ်။ နောက်ပြီး အသင်းလိုက် အသင်းသားအစုငွေတွေ ထည့်သွင်းစေပြီး၊ ဘဏ်စနစ် ချိတ်ဆက်ပြီး စိုက်ပျိုးစရိတ် ချေးငွေ ထုတ်ပေးပါတယ်။


mgyoe.com

mgyoe.com
SAMPLE BOOK

ချေးငွေ မှန်မှန် မဆပ်နိုင်တဲ့အခါ ချေးငွေ ပြန်ဆပ်နဲ့ မြေဆီခတွေကို ငွေသားနဲ့ မဟုတ်ဘဲ သီးနှံနဲ့ ပေးချေခွင့် ပြုပါတယ်။ ပေးဆပ်တဲ့ သီးနှံတွေကို ဘဏ်အမှုဆောင်တွေက စုစည်း ရောင်းချပါတယ်။

ကိုလိုနီခေတ် သမအသင်းဘဏ်က အစိုးရ နယ်သစ်ဖွင့် သမဝါယမဘဏ် လုပ်ကိုင်ရေးနှင့် ရောင်းဝယ်ရေးအဖွဲ့လို့ ပြောင်းလဲပြီး အဖွဲ့ဝင် အသင်းသားတွေအတွက် စားသောက်ကုန်၊ အဝတ်အထည်၊ သစ်၊ ဝါး၊ ဓနိ စတဲ့ လိုအပ်ချက်တွေကို ဖြည့်ဆည်း ရောင်းချပေးပါတယ်။

## စစ်ကြီးအပြီး နယ်သစ်ဖွင့်အသင်းများ ပြန်လည် ထူထောင်ပြီးနောက်

နယ်သစ်ဖွင့် သမအသင်းတွေ ပြန်လည် ထူထောင်ဖွဲ့စည်းတဲ့အခါ အောက်ပါ ရည်ရွယ်ချက်တွေ ထားရှိပါတယ်။

(၁) အသင်းမြေများကို အသင်းသားများအား ဝေငှချထား၍ ခေတ်မီစနစ်များဖြင့် သီးနှံ ပိုမိုထွက်ရှိရန် စိုက်ပျိုးလုပ်ကိုင်စေရန်၊

(၂) အသင်းသားများ စုပေါင်း၍ လယ်ယာသုံး စက်ကိရိယာများနှင့် အခြား လိုအပ်သောအရာများ ဝယ်ယူအသုံးပြုနိုင်ရန်၊

(၃) အသင်းသားများ၏ လယ်ယာထွက်ကုန်များကို အသင်းမှ စုပေါင်း ရောင်းချပေးခြင်း၊ သိုလှောင်ပေးခြင်း ဆောင်ရွက်ရန်၊

(၄) အသင်းသားများ လိုအပ်သော ကုန်ပစ္စည်း၊ လူသုံးကုန်ပစ္စည်းများကို အသင်းမှ ဝယ်ယူ၍ အသင်းသားများအား စျေးနှုန်း ချိုသာစွာ ပြန်လည် ဖြန့်ဖြူး ရောင်းချပေးခြင်းဖြင့် အသင်းသားများ သက်သာချောင်ချိမှု ရရှိစေရန်၊

(၅) အသင်းသား မိသားစုများအား အလုပ်အကိုင် အခွင့်အလမ်း ဖန်တီးပေးခြင်း၊ အိမ်တွင်း စက်မှုလက်မှုလုပ်ငန်းများ တီထွင်ပေးခြင်း၊ သီးနှံတစ်မျိုးတည်းမက သီးထပ်သီးညှပ် စိုက်ပျိုးနိုင်ရန် ပံ့ပိုးကူညီရန်၊

(၆) လိုအပ်သည့် ချေးငွေများကို အသင်းသားများသို့ ထုတ်ချေးရန်၊

(၇) အသင်းသားများအား သမဝါယမကျင့်စဉ်များနှင့်အညီ ကိုယ်ထူကိုယ်ထကိုယ့်အားကိုယ်ကိုး ဆောင်ရွက်တတ်ရန်၊ ချွေတာစုဆောင်း၍ တစ်ဦးနှင့် တစ်ဦး ရိုင်းပင်းကူညီ ညီညွတ်စွာ နေထိုင်စေရန်၊


mgyoe.com

mgyoe.com SAMPLE BOOK

(၈) အသင်းသားများ စုပေါင်း ထွန်ယက် စိုက်ပျိုး လုပ်ကိုင်စေ၍ စုပေါင်း လယ်ယာအဖွဲ့ကြီးများ ပေါ်ထွန်းလာစေရန်၊

(၉) အသင်းသားများ၏ လူမှုရေး၊ ပညာရေး၊ ကျန်းမာရေး အခြေအနေနှင့် ဘဝမြှင့်တင်ရေးများ ဆောင်ရွက်ရန်

ဆိုပြီး ရည်မှန်း ဖွဲ့စည်းခဲ့တာ တွေ့ရပါတယ်။ စစ်အပြီး လွတ်လပ်ရေး ရခါစ နိုင်ငံတော်အတွင်း နယ်သစ်ဖွင့်အသင်းတွေ ပြန်လည်ထူထောင်ခြင်းနဲ့ အသစ် တည်ထောင်ခြင်းတွေကို အတော် အားထည့် ဆောင်ရွက်ခဲ့တယ် ဆိုတာ မငြင်း နိုင်တဲ့ အထောက်အထားတွေအရ သိရပါတယ်။

စစ်ကြီး မဖြစ်မီက တည်ရှိခဲ့တဲ့ အသင်းဟောင်း ၁၅၅ သင်းအနက် ၇၅ သင်းကို ပြန်လည်ထူထောင်နိုင်ခဲ့ပါတယ်။ ပြည်တွင်းစစ်မီးရဲ့ ပြင်းထန်တဲ့ အပူရှိန် ကြားမှာ မီးအဟပ်ခံပြီး ပြန်ထူထောင်နိုင်ခဲ့တာ ချီးကျူးစရာ ဖြစ်ပါတယ်။ ၁၉၂၅ မှ ၁၉၃၇ ခုနှစ်ခန့်အထိ နယ်သစ်ဖွင့်သမအသင်း ဖက်စပ်အငှားမြေလုပ်စနစ်နဲ့ မတူ ကွဲပြားတဲ့စနစ် ဖြစ်တဲ့ မြေလွတ်မြေရိုင်းတွေကို အစိုးရပိုင် သီးသန့်မြေ (Government Estate Land) သတ်မှတ်ပြီး နိုင်ငံတော်သီးစားအဖြစ် ချထားခဲ့တဲ့ စနစ်အရ အဲဒီ မြေတွေကို လုပ်ကိုင်နေတဲ့ အစိုးရ သီးသန့်မြေလုပ်သားတွေကို စုစည်းပြီး နယ်သစ်ဖွင့်အဖြစ် ပြောင်းလဲ အသစ် ထူထောင်ပေးနိုင်တာ ၁၃ သင်း ရရှိပါတယ်။ အစိုးရသီးသန့်မြေအဖြစ်ကနေ အသင်းမြေအဖြစ် ချထားနိုင် တဲ့ တစ်ဆက်တစ်စပ်တည်း ဧက အများအပြား ရှိတဲ့ မြေရိုင်းတွေကို အသင်း တည်ထောင်ချထားမှု လုပ်လို့ ရတာ ၉ သင်း ပေါ်ပေါက်ခဲ့ပါတယ်။

ထင်ရှားတဲ့ မြေရိုင်းပေါ်က အသင်း ဖြစ်လာတဲ့ မြေတွေကတော့ ဘဏ္ဍာ ရေးနှင့် အခွန်တော်ဝန်ကြီးဌာန (မြေနှင့် ကုန်သွယ်လုပ်ငန်းခွန်ဌာနခွဲ) က ၁၇-၁၂-၁၉၅၂ နေ့ ရက်စွဲပါ ပြန်တမ်းအမှတ် (၇၆၈) နဲ့ လယ်ယာစိုက်ပျိုး လုပ်ကိုင်နိုင်ဖို့ အစိုးရ နယ်သစ်ဖွင့်ဌာနဆီ လွှဲပြောင်းပေးအပ်ခဲ့တဲ့ ပဲခူးခရိုင် ကဝမြို့နယ်က မြေလွတ်မြေရိုင်း ၁၂၅၇၅ ဧကပေါ်မှာ တည်ထောင်ခဲ့တဲ့ အသင်း သစ် ရှစ်သင်း ဖြစ်ပါတယ်။ ခရမ်းမြို့နယ်မှာလည်း ဆင်ကျွန်းသောင်မြေမှာ အသင်းသစ် တစ်သင်း ဖော်ထုတ်နိုင်တဲ့အတွက် မြေလွတ်မြေရိုင်းကနေ အသင်း သစ် ကိုးသင်း ရလာတာ ဖြစ်ပါတယ်။

ဒီတော့ အသင်းဟောင်း ၇၅ သင်း၊ အစိုးရသီးသန့်ပိုင်မြေကနေ ၁၃ သင်းနဲ့ မြေလွတ်မြေရိုင်းကနေ ကိုးသင်း ၊ စုစုပေါင်း ၉၇ သင်းကို စစ်အပြီး နယ်သစ်ဖွင့် လုပ်ငန်းတွေ ပြန်အကောင်အထည်ဖော်တဲ့အခါ ထူထောင်နိုင်ခဲ့ပါတယ်။


mgyoe.com

mgyoe.com SAMPLE BOOK

## စစ်ပြီးခေတ် နယ်သစ်ဖွင့် သမအသင်းသားများ

အဲဒီအသင်းတွေမှာ ပါဝင်လုပ်ကိုင်တဲ့ အသင်းဝင်တွေအတွက် အရည်အချင်း ကန့်သတ်ချက်တွေ၊ စည်းကမ်းချက်တွေကို ဆက်လက် တင်ပြပါမယ်။

### အရည်အချင်း သတ်မှတ်ချက်

(၁) ပြည်ထောင်စု မြန်မာနိုင်ငံသား ဖြစ်ရမည်။ အသင်းကျေးရွာနယ်နိမိတ် အတွင်း အခြေချ နေထိုင်သည့် တောင်သူလယ်သမား ဖြစ်ရမည်။

(၂) အသက် ၁၈ နှစ် ပြည့်ပြီးသူ ဖြစ်ရမည်။ အကျင့်စာရိတ္တ ကောင်းမွန်ပြီး စိတ်ပေါ့သွပ်သူ၊ ကုဋ္ဌနူနာ စွဲကပ်ခြင်း ရှိသူ မဖြစ်ရ။

(၃) အသင်းသားများသည် ဝိ/တန် အစု အနည်းဆုံး ၁၀ စု ထည့်ဝင်ရမည်။

(၄) အသင်းသား ဖြစ်လိုသူသည် စုပေါင်း ရောင်းချခြင်း ကတိစာချုပ်ကို သဘောတူညီ ချုပ်ဆိုနိုင်သူ ဖြစ်ရမည်။

(၅) လယ်လုပ်ကိရိယာ၊ မျိုး၊ ဝမ်းစာ၊ ကျွဲ နွား ပြည့်စုံရမည်။

(၆) အစိုးရသို့လည်းကောင်း၊ အသင်းသို့သော်လည်းကောင်း ပေးရန်ရှိသော အခွန်အခနှင့် ကြွေးမြီ ပြေကျေပြီးသူ ဖြစ်ရမည်။

### စည်းကမ်းချက်များ

- အသင်းသို့ နိုင်ငံတော်မှ ချထားသည့် မြေများကို အသင်း တစ်သင်း အတွက် အငှားစာချုပ်တစ်ခု ပြုလုပ်၍ ချထားပေးသည်။ အသင်းကသာ ပိုင်ဆိုင်မှု ရှိသည်။ အသင်းသား ပိုင်ဆိုင်ခွင့် မရှိ။
- အသင်းမြေမှ အသင်းသား တစ်ဦးချင်းစီအတွက် မည်မျှ လုပ်ခွင့်ပြုမည် ကို နှစ်စဉ် အသင်းသားစုံညီ သင်းလုံးကျွတ် အစည်းအဝေးမှ ဆုံးဖြတ် ခွဲဝေချထားမည်။ စည်းကမ်း မဖောက်ဖျက်သည့် အသင်းသားများကိုသာ ပြန်လည် ဝေငှ ချထားမည်။
- အသင်းသားများသို့ ခွဲဝေချထားသည့်မြေကို ရောင်းချခြင်း၊ ပေါင်နှံခြင်း မပြုရ။
- နယ်သစ်ဖွင့်မင်းကြီး၏ ခွင့်ပြုချက် မရရှိဘဲ ခွဲစိတ်ခြင်း၊ လဲလှယ်ခြင်း၊ သီးစားချခြင်း၊ အငှားချထားခြင်း မပြုရ။



mgyoe.com

mgyoe.com SAMPLE BOOK

- စည်းကမ်း ပျက်ကွက်သူများထံမှ ခွဲဝေ ချထားပေးခဲ့သော မြေများကို အသင်းက ပြန်လည် သိမ်းယူမည်။
- အဆိုပါ စည်းကမ်းပျက်မှုအရ အသင်းမှ ပြန်သိမ်းမြေကို အရည်အချင်းနှင့် ပြည့်စုံသူများသို့ General Meeting တွင် အများသဘောတူ ချထားနိုင်သည်။

## နယ်သစ်ဖွင့်ခဲ့သော ဧရိယာများ

နယ်သစ်ဖွင့်ဌာနက ချထားစီမံခဲ့တဲ့ မြေတွေဟာ ပမာဏ မသေးငယ်လှတာကို တွေ့ရပါတယ်။ တော်လှန်ရေးကောင်စီ မတက်မီ စာရင်းဇယားတွေအရ ဧရိယာ ပေါင်း ၂၄၄,၇၁၀ ဧက ရှိပြီး အသင်းနဲ့ အသင်းသားပိုင် ကျွဲနွား ကောင်ရေ ပေါင်း ၂၁၅၇၇ ရှိကြောင်း၊ ပဲခူးခရိုင်အသင်းတွေမှာ အသင်းပိုင် လယ်ထွန်စက် နှစ်စီး ရှိကြောင်း သိရပါတယ်။

## နယ်သစ်ဖွင့် ဧရိယာ တိုးချဲ့ရန် လျာထားခဲ့မှု

နယ်သစ်ဖွင့်ဌာနက ရေးဆွဲထားတဲ့ future plan တွေကို လေ့လာကြည့်တဲ့အခါ စစ်တွေ၊ သံတွဲ၊ တောင်ငူ၊ ပဲခူး၊ ဟံသာဝတီခရိုင်တို့ရှိ ဧက ၂၀၀ ထက် ကျော်ပြီး တစ်ဆက်တစ်စပ်တည်း ရှိတဲ့ မြေရိုင်းတွေ (Waste Land) နဲ့ Waste Land Grant ချထားမြေတွေကို နယ်သစ်ဖွင့်ဌာနရဲ့ အသင်းမြေတွေအဖြစ် ပြောင်းလဲ တိုးချဲ့ဖို့ လယ်ယာမြေ နိုင်ငံပိုင်ပြုလုပ်ရေး ဝန်ကြီးဌာနနဲ့ ၁၉၅၇ ခုနှစ်ကတည်းကပဲ ညှိနှိုင်း သဘောတူထားတာကိုလည်း တွေ့ရှိရပါတယ်။ ဒါပေမဲ့ အကောင်အထည်ဖော်နိုင်မှု မရှိခဲ့ပါဘူး။

## အသင်းလှုပ်ရှားမှုများ

နယ်သစ်ဖွင့်ဒေသ သမအသင်းတွေရဲ့ ဖွဲ့စည်းပုံ၊ အုပ်ချုပ်ပုံ၊ စည်းမျဉ်းစည်းကမ်း တွေအကြောင်း အထက်မှာ ရှင်းလင်းတင်ပြခဲ့ပြီးနောက် အခု ဆက်လက်တင်ပြ မယ့် အကြောင်းအရာကတော့ နယ်သစ်ဖွင့် သမအသင်းတွေရဲ့ စုငွေ၊ ချေးငွေ နဲ့ သီးနှံကြိတ်ခွဲရောင်းဝယ်ရေး ကိစ္စရပ်တွေ ဖြစ်ပါတယ်။

နယ်သစ်ဖွင့်ဒေသများမှာ နာမည်ကြီး ကိုလိုနီ ဖြစ်တဲ့ စစ်တောင်း ကိုလိုနီ ခေါ် ပဲခူးခရိုင်နဲ့ ဟံသာဝတီခရိုင်တွေမှာ ၁၉၂၄ က စတင် တည်ထောင်ခဲ့တဲ့


mgyoe.com

mgyoe.com SAMPLE BOOK

နယ်သစ်ဖွင့်သမအသင်း ၁၅ သင်း ရှိပါတယ်။ အဲဒီအသင်းတွေဟာ တစ်သင်းကို အစုငွေ ကျပ် ၁၀၀၀ စီ ထည့်ဝင်ပြီး သမဝါယမ အက်ဥပဒေနဲ့အညီ အဲဒီတုန်းက ပြဋ္ဌာန်းထားတဲ့ ငွေစုငွေချေးလုပ်ငန်းရပ်တွေ ဆောင်ရွက်ဖို့ ငွေစု ငွေချေးဘဏ် တည်ထောင်ပါတယ်။ စစ်တောင်းကိုလိုနီဘဏ်လို့ အမည်တွင်ပါတယ်။ အသင်းအဖွဲ့အမည်ကို စစ်တောင်း ကိုလိုနီဘဏ် အမှုဆောင်အဖွဲ့လို့ မှတ်ပုံတင်ခဲ့ပါတယ်။

ဘဏ်လို့သာ အမည်ခံပေမဲ့လည်း Commercial Bank တွေလို ဘဏ်အဆောက်အအုံ၊ ရုံးအဖွဲ့၊ လုပ်ငန်းဌာနချုပ် သီးခြား မရှိပါဘူး။ ပဲခူး ဗဟိုသမဝါယမဘဏ်နဲ့ ချိတ်ဆက်ပြီး လုပ်ငန်းတွေ ဆောင်ရွက်ရပါတယ်။ စစ်တောင်းကိုလိုနီဘဏ် အမည်ခံပြီး ထူထောင်စ အသင်းသစ်တွေကို ငွေချေးပေးတဲ့ လုပ်ငန်း၊ တည်ထောင်ပြီး အသင်းဟောင်းတွေအနက်က ငွေကြေး အခက်အခဲ ရှိတဲ့ အသင်းတွေကို ငွေထုတ်ချေးတဲ့ လုပ်ငန်းတွေကို လုပ်ကိုင်ပါတယ်။ ၁၉၂၄ ကနေ ၁၉၃၂ ခုနှစ်အထိ စစ်တောင်းကိုလိုနီဘဏ်ရဲ့ လုပ်ငန်းတွေ လည်ပတ်ခဲ့တာ တွေ့ရပါတယ်။

၁၉၃၀ မှာ ကမ္ဘာနဲ့ချီပြီး ဖြစ်ခဲ့တဲ့ စီးပွားပျက်ကပ်ကြီး ဒဏ်ကို မြန်မာနိုင်ငံလည်း ခံခဲ့ရပြီး စပါးဈေးတွေ ထိုးကျသွားပါတယ်။ လယ်ယာ လုပ်ကိုင်သူ တောင်သူ လယ်သမားတွေ၊ အသင်းသားတွေအနေနဲ့ မြေခွန်တော်၊ လူခွန်တော်တွေကိုပဲ ပေးဆောင်ဖို့ ထားဘိဦး၊ ဝမ်းစာတောင် အနိုင်နိုင် မထားနိုင်တဲ့ ကြွေးတင်နွံနစ် အဖြစ်ဆိုးကြီး ဆိုက်ရောက်ရပါတယ်။ စီးပွားရေးမကောင်းတော့ ကုန်သည်ပွဲစားတွေကလည်း သီးနှံဈေးကောင်း မပေးတော့ဘဲ နှိမ်ဝယ်တဲ့ဒဏ်ကို လယ်သမားတွေ ခံရပါတယ်။ အဲဒီမှာ နယ်သစ်ဖွင့် အသင်းတွေအနေဖြင့် မိမိတို့သီးနှံကို ဈေးနှိမ်ဝယ်နေတဲ့ ကုန်သည်ပွဲစားတွေဆီ မရောင်းဘဲ ကုန်သည်ကြီးတွေဆီ တိုက်ရိုက် ရောင်းချနိုင်မယ့် နည်းလမ်း ရှာကြဖို့ ကြိုးပမ်းကြပါတယ်။

တလင်းထဲ လာဝယ်တဲ့သူဆီ သူတို့ သတ်မှတ်တဲ့ Farm Gate Price နဲ့ ရောင်းမယ့်အစား ဈေးကွက်မှာ အမှန်ပေါက်ဈေး (market price) နဲ့ ရောင်းချနိုင်ဖို့ အမြင်ပွင့်လာပါတယ်။ ဒါကြောင့် မိမိတို့ သီးနှံတွေကို Value Added ဖြစ်ဖို့ ကိုယ်တိုင် ကြိတ်ခွဲ ရောင်းချနိုင်ဖို့ စီစဉ်ပါတယ်။

စစ်တောင်း ကိုလိုနီဘဏ်ဟာ ရန်ကုန်တစ်ဖက်ကမ်း ဆိပ်ကြီး ဂျောင်ဝိုင်းရှိ ဆန်စက်ဟောင်းတစ်လုံးကို အရစ်ကျ ငွေချေစနစ်နဲ့ ဝယ်ယူပြီး အမှတ် (၄) ဆန်စက်အမည်နဲ့ အသင်းသားတွေရဲ့ လယ်ထွက်သီးနှံ စပါးတွေကို စုပေါင်း


mgyoe.com

mgyoe.com
SAMPLE BOOK

သို့လျှောင် ကြိတ်ခွဲရောင်းချခြင်းလုပ်ငန်းကို ၁၉၃၃ ခုနှစ်မှာ ဆောင်ရွက်ပါတယ်။ လုပ်ငန်း အောင်မြင်ပါတယ်။ အဲဒီအတွက် စစ်တောင်းကိုလိုနီဘဏ်ကို ပဲခူး ဇဟို သမဝါယမဘဏ်မှာ ပူးတွဲ ထားရှိရာကနေ ခွဲထွက်ပြီး ရန်ကုန်မြို့ ကုန်ဈေး တန်းလမ်း၊ အမှတ် (၇၃/၈၁) မှာ ဌာနချုပ် ရုံးခန်းဖွင့်လှစ် ဆောင်ရွက်လာနိုင် ပါတယ်။

နယ်သစ်ဖွင့်အသင်းတွေရဲ့အဖွဲ့ဝင် အသင်းသားတွေရဲ့စပါးတွေကို အအပ် ခံ၊ သို့လျှောင်ပြီး လက်ခံ ကြိတ်ခွဲပြီးလို့ ပြည်ပကို တိုက်ရိုက် တင်ပို့ ရောင်းချ တဲ့ ကုမ္ပဏီကြီးတွေဆီ ရောင်းချပေးတဲ့လုပ်ငန်းကို တွင်တွင်ကျယ်ကျယ် ဆောင် ရွက်ပါတယ်။ အဲဒီတုန်းက နိုင်ငံခြားကို ဆန်စပါး တိုက်ရိုက်တင်ပို့ ရောင်းချနေ တဲ့ ပုဂ္ဂိုလ်တွေ၊ ကုမ္ပဏီကြီးတွေ ရှိပါတယ်။ ဖျာပုံဦးဘသင်၊ ဖဲယာဝယ်သာ ဦးဘအေး၊ စတီးဘုရားသားကုမ္ပဏီ စသဖြင့် ရှိကြပါတယ်။

စစ်တောင်း ကိုလိုနီကနေပြီး အသင်းသားတွေဆီကနေ စပါး ရယူ ကြိတ်ခွဲတဲ့ နည်းစနစ်က ရိုးရှင်းပါတယ်။ ခရမ်း၊ သုံးခွ၊ ကဝ စတဲ့ ကိုလိုနီနယ်မြေတွေမှာ အသင်းသားတွေကိုယ်တိုင် ပါဝင်တဲ့ အသင်းလိုက် တာဝန်ပေးထားတဲ့ စပါးသိမ်း အဖွဲ့တွေ ဖွဲ့စည်းပါတယ်။ အဲဒီအဖွဲ့တွေဆီ ကြိတ်ခွဲရောင်းချလိုတဲ့ အသင်းသား က အဲဒီအမှုဆောင်တွေဆီ စပါး အပ်ပါတယ်။ အပ်တဲ့ စပါးတွေကို အမျိုးအစား နှစ်မျိုး ခွဲပါတယ်။ ဆပ်တမ်းစပါးနဲ့ အပိုရောင်းစပါး ဆိုပြီး စာရင်းခွဲ လက်ခံပါ တယ်။ ဆပ်တမ်းစပါး ဆိုတာ အသင်းသားတွေရဲ့ ကိုလိုနီဘဏ်က ချေးယူထား ငွေတွေအတွက် ခွဲတမ်းကျ ပြန်ဆပ်ရမယ့်စပါး ဖြစ်ပါတယ်။ ချေးငွေအတွက် အဆပ် ဖြစ်ပါတယ်။ ချေးငွေကို ငွေသားနဲ့ ပြန်ဆပ်ဖို့ မလိုဘဲ ပစ္စည်းအားဖြင့် တန်ဖိုးထား ပြန်ပေးဆပ်နိုင်တဲ့ စနစ်ပါ။

အဲဒီ ဆပ်တမ်းထက် ပို အပ်တဲ့ စပါးက အသင်းသားအတွက် ရောင်းပေးဖို့ အပ်စပါး ဖြစ်ပါတယ်။ သိမ်းယူ ရရှိတဲ့ စပါးတွေကို အသင်းတွေကနေ အသင်း ကြီးပိုင် ဆန်စက်ဆီ ပို့ဆောင် ကြိတ်ခွဲပါတယ်။ ကိုလိုနီဘဏ်ကနေ ကုမ္ပဏီကြီး တွေကို တိုက်ရိုက် ရောင်းပေးပါတယ်။ ရရှိတဲ့ ရောင်းရငွေကနေ အသင်းက ရဖို့ ရှိတာတွေ၊ စရိတ်ကြေးငွေတွေ ခုနှိမ် ဖယ်နုတ်ပြီး လက်အောက်အသင်းတွေ နဲ့ အသင်းသားတွေကို ပြန်ပေးချေပါတယ်။ အသင်းသားတွေ စုပေါင်းကြိတ်ခွဲ ရောင်းချတဲ့စနစ် ဖြစ်ပါတယ်။ အသင်းသားတွေအနေနဲ့ ကုန်သည်ပွဲစားတွေရဲ့ ဈေးခုနှိမ် အမြတ်စားတာ မခံရဘဲ တိုက်ရိုက်အကျိုးခံစားခွင့် ရရှိစေပါတယ်။


mgyoe.com

mgyoe.com SAMPLE BOOK

အသင်းသားတွေ အကျိုးဖြစ်ထွန်းစေတဲ့အတွက် လုပ်ငန်း အောင်မြင်ပြီး နယ်သစ်ဖွင့်အသင်းတွေ တိုးတက်လာပါတယ်။

**အရေးကောင်း ဒိန်းဒေါင်းဖျက်ခြင်း**

'အရေးကောင်း ဒိန်းဒေါင်းဖျက်' ဆိုသလိုပါပဲ။ အသင်းထွက် လယ်ယာသီးနှံတွေကို စုပေါင်းကြိတ်ခွဲ ရောင်းချတဲ့စနစ် အရှိန်ရလာဆဲမှာဘဲ ၁၉၃၇ ခုနှစ်မှာ ပြဿနာ ပေါ်ပေါက်ပါတယ်။ အဲဒီနှစ် စပါးပေါ် ချိန်မှာ မြန်မာပြည် အနှံ့အပြားအချိန်အခါမဲ့မိုး သည်းသည်းထန်ထန် ရွာခဲ့ပါတယ်။ စပါးခင်းတွေ မိုးမိပျက်စီးထိခိုက်ပါတယ်။ ရေမြုပ်ခံရပါတယ်။ ရေနစ်၊ မိုးမိ၊ မိုးစို ပျက်စီးတဲ့ စပါးတွေကို အသင်းကနေ စုပေါင်းကြိတ်ခွဲ ရောင်းချပေးပေမဲ့ ဆန်ဖြူဆန်ကောင်း မရတော့ပါဘူး။ ဒါကြောင့် အောက်ဈေးသာ ရပြီး အရှုံးပေါ်ပါတယ်။

အဲဒီ အဖြစ်အပျက်ကို အသင်းက သင်ခန်းစာ ယူပါတယ်။ အဲသလို မိမိတို့ပိုင် စပါး အမြောက်အမြား မိုးစို ပျက်စီးမှု ဖြစ်ရင် ရေစိုဆန် ကြိတ်ခွဲ ရောင်းချမယ့်အစား ပြုတ်ဆန် ကြိတ်ခွဲ ရောင်းချနိုင်ရင် အကျိုးအမြတ် မထိခိုက်နိုင်လို့ တွက်ဆပါတယ်။ ဒါကြောင့် ပြုတ်ဆန် ပြုလုပ် ကြိတ်ခွဲနိုင်တဲ့ စက်တစ်လုံး ထပ်မံ ဝယ်ယူပါတယ်။ St. Paul ကျောင်းက Brother Patric ဆီကနေ ကမာရွတ်မှာ ရှိတဲ့ ဆန်စက်အမှတ် (၁၀) ခေါ် Knight Mill ကို အဖိုးငွေ ကျပ် ၅၀၀၀၀ (ကျပ်ငါးသောင်း) နဲ့ ဝယ်ယူပြီး အသင်းပိုင်အဖြစ် အသုံးပြုပါတယ်။

ဘဏ်အနေနဲ့ ငွေချေးရုံသာမကဘဲ အသင်းသားတွေအတွက် လိုအပ်တဲ့ ဝါ၊ ဓနိ၊ ထင်း၊ အိမ်သုံးပစ္စည်းတွေကို သက်သာချောင်ချိရေးဆိုင်တွေ ဖွင့်လှစ် ရောင်းချပေးခြင်း၊ ရက်ကန်းကျောင်း တစ်ကျောင်းကို ခရမ်းမြို့မှာ တည်ထောင်ပေးပြီး အသင်းသားတွေရဲ့ သားသမီးတွေကို ကျောင်းအိပ် ကျောင်းစားနဲ့ အခမဲ့ ပညာသင်ပေးခြင်း၊ ပညာသင်ပြီးလို့ မိမိကျေးရွာ ပြန်တဲ့အခါ အဲဒီ သင်တန်းသားအတွက် ရက်ကန်းစင်ကို အရစ်ကျ ဆပ်စေတဲ့ အကြွေးစနစ်နဲ့ ဝယ်ပြီး လုပ်ငန်းထူထောင်ပေးခြင်းအားဖြင့် အသင်းသားတွေရဲ့ လူနေမှုဘဝ စီးပွားရေးဘဝ မြှင့်တင်မှုတွေ ဆောင်ရွက်ပေးပါတယ်။ ၁၉၂၄ ကနေ ၁၉၄၀ အတွင်း နယ်သစ်ဖွင့် လုပ်ငန်းတွေ အောင်မြင် ဖြစ်ထွန်းခဲ့ပြီး အသင်းပိုင် ကျေးရွာတွေ၊ လယ်ယာမြေတွေ၊ ဆန်စက်တွေ၊ ရက်ကန်းကျောင်း၊ အစည်းအဝေးခန်းမ၊ ပစ္စည်းဂိုဒေါင်တွေ ပိုင်ဆိုင်တဲ့အဆင့် ရောက်လာခဲ့ပါတယ်။


mgyoe.com

mgyoe.com SAMPLE BOOK

နယ်သစ်ဖွင့် လုပ်ငန်းတွေ ပိုမိုအောင်မြင်ဖို့အတွက် သမဝါယမ တွဲဖက်မင်းကြီး ဦးတင် (ICS) ကို နယ်သစ်ဖွင့် မင်းကြီးအဖြစ် ၁၉၃၉ မှာ တာဝန်လွှဲအပ်ပြီးနောက် စစ်တောင်းကိုလိုနီဘဏ်ကို အစိုးရ နယ်သစ်ဖွင့် သမဝါယမဘဏ် လုပ်ကိုင်ရေးနှင့် ရောင်းဝယ်ရေးလီမိတက်အဖြစ် ပြောင်းလဲခဲ့ပါတယ်။ အစိုးရ နယ်သစ်ဖွင့် သမဝါယမဘဏ် လုပ်ကိုင်ရေးနှင့် ရောင်းဝယ်ရေးလီမိတက် နည်းဥပဒေတွေကို ရေးဆွဲ အုပ်ချုပ်ပါတယ်။

## ဂျပန်ခေတ်ကာလ

ဒုတိယကမ္ဘာစစ်မီး မြန်မာပြည်ဆီ ကူးစက်ပြီး ဂျပန်တွေ ဝင်ရောက်သိမ်းပိုက်လာတဲ့အခါ ၁၉၄၃ ဗမာအစိုးရ လက်ထက်မှာ ICS ဦးတင်ကိုပဲ နယ်သစ်ဖွင့်ဌာနကို ပြန်လည်ဖွဲ့စည်း အုပ်ချုပ်စေပါတယ်။ ဒါပေမဲ့ သမဝါယမလက်အောက်မထားတော့ဘဲ ကုန်စည် ဖြန့်ဖြူးရေးနှင့် သယ်ယူပို့ဆောင်ရေးဝန်ကြီးဌာန လက်အောက် ရောက်သွားပါတယ်။ ဂျပန်ခေတ်မှာပဲ ၁၉၄၄ ခုနှစ်မှာ အသင်းပိုင်ကျောင်ဝိုင်းဆိပ်ကြီးက ဆန်စက်ကို ပြန်လည် ပြုပြင် လည်ပတ်ခဲ့ပြီး ဂျပန်ခေတ်တစ်ခေတ်လုံးမှာ ဗမာအစိုးရပိုင် စပါးတွေကို ကြိတ်ခွဲပေးခဲ့ရပါတယ်။

## ဒုတိယကမ္ဘာစစ် ပြီးဆုံးကာလ

စစ်ကြီး ပြီးဆုံးလို့ အင်္ဂလိပ်တွေ ပြန်လည် ဝင်ရောက်လာတဲ့အခါ ၁၉၄၅ ဒီဇင်ဘာလ ၂၂ ရက်နေ့မှာ နယ်သစ်ဖွင့်ဌာန ပြန်လည်ဖွင့်လှစ်ပြီး ဦးချမ်းသာ-ICS မှ နယ်သစ်ဖွင့် မင်းကြီး ဖြစ်လာပါတယ်။ အဲဒီအခါတုန်းက အသင်းပိုင်ဆန်စက် နှစ်လုံးဟာ စစ်ဒဏ်ကြောင့် အင်္ဂါ မစုံလင် ပျက်စီးယိုယွင်းမှု ဖြစ်နေပါပြီ။ အဲဒါကြောင့် ဆိပ်ကြီးရှိ ဆန်စက်ရဲ့ အစိတ်အပိုင်းတွေကို ကမာရွတ်ဆန်စက်အမှတ် (၁၀) ကို ပြောင်းရွှေ့ ပေါင်းစပ်ခြင်းဖြင့် စက်တစ်လုံးနဲ့ ကြိတ်ခွဲနိုင်အောင် ဆောင်ရွက်ခဲ့ပါတယ်။

နယ်သစ်ဖွင့်လုပ်ငန်းတွေကို စစ်အပြီး ပြန်လည်ထူထောင် ဆောင်ရွက်ပေမဲ့လည်း ၁၉၆၀ ပြည့်နှစ်ဝန်းကျင်လောက်မှာတော့ အသင်းလုပ်ငန်းတွေ လုံးပါးပါးလာတာကြောင့် အရှုံးပေါ်လာပါတယ်။ ဒီလိုနဲ့ နောက်ဆုံးတော့ ၁၉၆၁ ဧပြီလမှာ နယ်သစ်ဖွင့် အသင်းပိုင် ကမာရွတ်ဆန်စက် အမှတ် (၁၀) နဲ့ မြေနေရာ၊ မြေ ပေါ်ရှိ ဂိုဒေါင်တွေကို တန်ဖိုးငွေ (၅၀၂,၄၃၀ိ/) ကျပ်သင့်ပြီး ပကရဖ SAMB နိုင်ငံတော် ကောက်ပဲသီးနှံရောင်းဝယ်ရေးအဖွဲ့ကို ပေးဖို့ ရှိတာတွေ


mgyoe.com

mgyoe.com
SAMPLE BOOK

အတွက် စာရင်းခုနှိမ် အပ်နှံလိုက်ရပါတယ်။ အသင်းရဲ့ နယ်သစ်ဖွင့်လုပ်ငန်းတွေ ပျက်စီးသွားတဲ့ အခြေအနေ ရောက်ခဲ့ပါတယ်။

## အတုယူစရာကောင်းသည့် နယ်သစ်ဖွင့်ဒေသ ထူထောင်ခြင်းလုပ်ငန်း

အခုခေတ်ကာလမှာ Land less (လယ်မဲ့ယာမဲ့) တွေ၊ လုပ်ကွက်ငယ် (Small Holder) တွေကို အထောက်အပံ့ပေး မြေယာတည်ထောင်ပေးတဲ့ Land Reform Project ဆိုပြီး ကြီးကြီးကျယ်ကျယ် plan တွေဆွဲ၊ ပါတီနှင့် ဒေသအစိုးရတွေဆီ လာရောက်ရှင်းပြ၊ နိုင်ငံခြား အဖွဲ့အစည်းတွေဆီကနေ ထောက်ပံ့မှုတွေရယူ ချေးငှားပြီး မြန်မာ့ရေမြေနဲ့ တောင်သူလယ်သမား သဘာဝ၊ မြေယာလုပ်ထုံးလုပ်နည်းတွေ မကျေညက်ဘဲ ဟန်ပြ လုပ်နေတဲ့ NGO တွေ အများကြီးရှိပါတယ်။ သူတို့ ရည်မှန်းနေတဲ့ လျာထားတဲ့ လုပ်ငန်းတွေ၊ လုပ်ပေးမယ် ရှင်းပြထားတဲ့ လုပ်ငန်းတွေ၊ လက်တွေ့အနေအထားအရ အောက်ခြေမှာ ဒီကနေ့အထိ ပီပီပြင်ပြင် မဖြစ်သေးတာ လောက်လောက်လားလား လက်မထောင်ပြစရာ မရှိသေးပါဘူး။ Donor တွေ လာရင် သူတို့ NGO ရဲ့ ပေးစာကမ်းစာ ယူထားတဲ့ လူတစ်စုလောက်ကို စု၊ မစားရ ဝခမန်းတွေ ပြော၊ မိုးလုံးလေလုံးတွေ ပစ်ပြတာနဲ့သာ ပြီးနေတဲ့၊ ဖြီးနေတဲ့ လုပ်ငန်းရပ်တွေ ဖြစ်ပါတယ်။

အဲဒီ NGO တွေရဲ့ လုပ်ရပ်တွေကို ကြည့်ရင်း စိတ်ချဉ်ပေါက်ပြီး အားမလိုအားမရ ဖြစ်ရပါတယ်။ အဲဒီအခါ ရှေးက မြေမဲ့ယာမဲ့တွေကို မြေလွတ်မြေရိုင်းတွေ တည်ရှိရာ မြို့ပြနဲ့ အလှမ်းကွာလှတဲ့ နိုင်ငံရဲ့ အစွန်အဖျားဒေသတွေက ပင်လယ်သောင်စပ် သစ်တောပျက်၊ တောတောင် ရေကြမ်း မြေကြမ်းတွေမှာ အမှန်တကယ် စိုက်ပျိုးဧရိယာတွေ တိုးချဲ့ ဖော်ထုတ် လုပ်ကိုင်နိုင်အောင်၊ အခြေချနေထိုင် အသက်မွေးနိုင်အောင် နည်းလမ်းချမှတ် ပံ့ပိုးကူညီ ရှေ့ဆောင် ကွပ်ကဲခဲ့တဲ့ နယ်သစ်ဖွင့်လုပ်ငန်းကြီးရဲ့ တန်ဖိုးအနှစ်သာရကို ခံစား သဘောပေါက်လာရပြီး ရှေးလူတွေရဲ့ စေတနာနဲ့ အရည်အချင်းကို တစိမ့်စိမ့်တွေး ချီးကျူးဖြစ်ပါတယ်။

အင်မတန်မှ အခြေချ နေထိုင်ဖို့ ခက်ခဲတဲ့ အုပ်ချုပ်ရေး၊ ဆက်သွယ်ရေး၊ လုံခြုံရေး၊ စားဝတ်နေရေး ခက်ခဲတဲ့ အရပ်ဒေသတွေမှာ နယ်သစ်ဖွင့် အသင်းတွေ ဖွဲ့စည်းတည်ထောင်နိုင်ဖို့ ဆိုတာရော၊ အဲဒီအသင်းတွေကို လိုအပ်တဲ့ အထောက်အပံ့တွေ ပြုလုပ်စီစဉ်ဖို့ရော၊ ပံ့ပိုးတဲ့ ချေးငွေတွေ ပလုံဘဝ မရောက်စေဘဲ အကျိုးရှိရှိ အသုံးချနိုင်တဲ့ အခြေအနေ ရောက်ရှိအောင်၊ အရင်းအနှီးတွေ


mgyoe.com

mgyoe.com SAMPLE BOOK

တိုးပွားလာစေရန် ကြိုးကြပ်ကွပ်ကဲ ဆောင်ရွက်နိုင်စွမ်း ရှိတာရော၊ လက်ချည်း သက်သက်နဲ့ စလာရတဲ့ အနေအထားကနေ အသင်းသားတွေ အိုးပိုင်အိမ်ပိုင် မြေပိုင် ဖြစ်၊ စိုက်ပျိုး ဖော်ထုတ်မှုတွေ အခြေတကျ ဖြစ်ပြီး ကုန်ထုတ်လုပ်မှုတွေ တိုးတက် မြင့်မားလာပြီး အသင်းပိုင် ငွေကြေး၊ စက်ကိရိယာတွေ ထူထောင် လာနိုင်တဲ့ အဆင့်အထိ အောင်မြင်လာအောင် လုပ်နိုင်စွမ်းဟာ အခုခေတ်လို အာပလာသမားများနဲ့ နှိုင်းစာရင် သူမတူ ထက်မြက်တဲ့စွမ်းရည် ဖြစ်တဲ့အတွက် နယ်သစ်ဖွင့်လုပ်ငန်းကို မူဝါဒချမှတ် ကြီးကြပ် ဆောင်ရွက်ခဲ့သူတွေကို ချီးကျူး ရမှာ ဖြစ်ပါတယ်။

## ဆောင်ရွက်ခဲ့သူများအား ရုပ်လုံးဖော်ခြင်း

(၁) နယ်သစ်ဖွင့်ဌာနကို မူလက သမဝါယမဌာနလက်အောက်မှ ဌာနစိတ် ကလေးအဖြစ်နဲ့ ၁၉၁၄-၁၉၁၅ မှာ စတင် တည်ထောင်ပါတယ်။ သမ ဝါယမမင်းကြီး (Commissioner of Cooperative) ရဲ့လက်အောက်မှာ ထားပါတယ်။ တွဲဖက် သမဝါယမ မင်းကြီးက အုပ်ချုပ်ပါတယ်။ သမဝါယမ စနစ်နဲ့ နယ်သစ်ဖွင့် မြေချထားခြင်း ဆောင်ရွက်ပါတယ်။ ၁၉၂၄-၁၉၂၅ မှာ နိုင်ငံရဲ့ စီးပွားရေး ဆုတ်ယုတ်လာရာက ချေးငွေတွေ ပြန်မဆပ်နိုင်မှုကို အကြောင်းပြုပြီး နယ်သစ်ဖွင့် သမအသင်း မြေငှားစနစ်ကို မဆောင်ရွက် တော့ဘဲ နယ်သစ်ဖွင့်ဌာနကို သမဝါယမ လက်အောက်ကနေ ဘဏ္ဍာတော် မင်းကြီး လက်အောက်ရှိ အစိုးရပိုင် သီးသန့်မြေများဌာနအဖြစ်ကို ပြောင်း လဲပစ်လိုက်ပါတယ်။

(၂) အဲဒီအခါ ဘဏ္ဍာတော်မင်းကြီးက အစိုးရပိုင် မြေလွတ်မြေရိုင်းတွေကို ခရိုင်ဝန်တွေ အစီအမံနဲ့ မြေငှားခ သတ်မှတ်ချထားတဲ့စနစ် ပြောင်းလဲ ကျင့်သုံးပါတယ်။

(၃) ၁၉၃၈ ခုနှစ်မှာတော့ မြေနှင့်စိုက်ပျိုးရေးကော်မတီရဲ့ ထောက်ခံချက်အရ သမဝါယမစနစ်နဲ့ နယ်သစ်ဖွင့်လှစ်ခြင်းကို ပြန်လည် ဆောင်ရွက်ပါတယ်။ ကျေးလက်ကြီးပွားတိုးတက်ရေးလုပ်ငန်းကိုလည်း နယ်သစ်ဖွင့် သမလုပ်ငန်း နဲ့ ပူးတွဲဆောင်ရွက်စေပါတယ်။ ၁၉၃၈ ဩဂုတ်လ ၁ ရက်နေ့မှာ အစိုးရ သီးသန့် မြေဌာနကို အစိုးရ နယ်သစ်ဖွင့်ဌာနလို့ အမည် ပြောင်းလဲပြီး လယ်ယာစိုက်ပျိုးရေးနှင့် သစ်တောရေးဝန်ကြီးဌာနလက်အောက် လွှဲပြောင်း ပေးခဲ့ပါတယ်။


mgyoe.com

mgyoe.com SAMPLE BOOK

အစိုးရနယ်သစ်ဖွင့်ဌာနအဖြစ် လယ်ယာစိုက်ပျိုးရေးနှင့် သစ်တောရေး ဝန်ကြီးဌာနလက်အောက် လွှဲပြောင်းခဲ့ပေမဲ့ လုပ်ဆောင်ရမယ့် လုပ်ငန်းတွေက အရင် သမဝါယမဌာနက ဆောင်ရွက်ခဲ့တဲ့ နယ်သစ်ဖွင့် ငွေစုငွေချေး ဖက်စပ် မြေဌား သမအသင်းပုံစံ ပြန်လည် အကောင်အထည် ဖော်ရမှာ ဖြစ်ပါတယ်။ ဒါ့အတွက်ကြောင့် အတွေ့အကြုံ ရှိထားတဲ့ သမဝါယမဌာနက တွဲဖက်မင်းကြီး ဦးတင် (အိုင်၊စီ၊အက်စ်) ကို လယ်ယာစိုက်ပျိုးရေးနှင့် သစ်တောရေးဝန်ကြီးဌာန လက်အောက်ရွှေ့ပြီး နယ်သစ်ဖွင့်မင်းကြီးအဖြစ် တာဝန်ပေးအပ်ပါတယ်။ အစိုးရ နယ်သစ်ဖွင့် သမဝါယမဘဏ်လုပ်ငန်းနှင့် ရောင်းဝယ်ရေး လီမိတက်ကိုလည်း အုပ်ချုပ်စေပါတယ်။ နယ်သစ်ဖွင့် သမဝါယမဘဏ်လုပ်ငန်းနှင့် ရောင်းဝယ်ရေးလီမိတက်အတွက် လယ်ယာ စိုက်ပျိုးရေးနှင့် သစ်တောရေးဌာနရဲ့ ၁၉၃၉ ခုနှစ် ဒီဇင်ဘာလ ၁၉ ရက် ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ် (၅၅၆) နဲ့ ထုတ်ပြန်ထားတဲ့ နည်းဥပဒေတွေနဲ့အညီ အုပ်ချုပ်စေခြင်း ဖြစ်ပါတယ်။ လီမိတက်ဥက္ကဋ္ဌအဖြစ် အစိုးရက ခန့်ထားတာဝန်ပေးသူ (နယ်သစ်ဖွင့်မင်းကြီး) က ဆောင်ရွက်ရပြီး လီမိတက် ဒါရိုက်တာအဖွဲ့ကို အစိုးရခန့် ၆ ဦး၊ နှစ်ပတ်လည် အစည်းအဝေးကြီးမှာ အသင်းသားတွေထဲက ရွေးချယ်တင်မြှောက်သူ ၆ ဦးနဲ့ လုပ်ငန်းဆောင်ရွက်စေခဲ့ပါတယ်။

(၄) နယ်သစ်ဖွင့်လုပ်ငန်းတွေ ၁၉၃၉ မှာ စပြီး ဆောင်ရွက်လို့ အရှိန်ယူနေဆဲကာလမှာ ဒုတိယကမ္ဘာစစ်မီး ကူးစက်လာတဲ့အတွက် အသင်းလုပ်ငန်းများ ဖရိုဖရဲ ဖြစ်ရပါတယ်။ ဒါပေမဲ့ နယ်သစ်ဖွင့်မင်းကြီး ဦးတင်ဟာ ဂျပန်က မြန်မာကို (အတုအယောင်) လွတ်လပ်ရေး ပေးလို့ ပေါ်ပေါက်လာတဲ့ ၁၉၄၃ ဗမာအစိုးရ ဖွဲ့စည်းလိုက်တာနဲ့တစ်ပြိုင်နက် နယ်သစ်ဖွင့်ဌာနကို သူ၏ ဦးဆောင်မှုနဲ့ ပြန်လည်ဖွဲ့စည်းပါတယ်။ အဲဒီအချိန်မှာ အင်္ဂလိပ်အစိုးရရဲ့ ၁၉၃၉ မှာ ဖွဲ့စည်းပေးခဲ့တဲ့ လယ်ယာစိုက်ပျိုးရေးနှင့် သစ်တောရေး ဝန်ကြီးဌာနလက်အောက်တွင် မဟုတ်ဘဲ ကုန်စည်ဖြန့်ဖြူးရေးနှင့် သယ်ယူပို့ဆောင်ရေးဌာန လက်အောက် ရောက်သွားပါတယ်။

(၅) ဦးတင်ရဲ့ ကြိုးပမ်းမှုနဲ့ ဂျောင်ဝိုင်း-ဆိပ်ကြီး ဆန်စက်ကို ဂျပန်ခေတ်မှာ ပြန်လည်ပြုပြင်လို့ လည်ပတ်နိုင်ပြီး အစိုးရစပါးတွေကို ကြိတ်ခွဲပေးနိုင်ပါတယ်။ ဂျပန်တွေ ဆုတ်ခွာသွားပြီး အင်္ဂလိပ်တွေ ပြန်ဝင်လာတဲ့အခါ အုပ်ချုပ်ရေး ယန္တရားတွေ ပြန်ထူထောင် ဖွဲ့စည်းပါတယ်။


mgyoe.com

mgyoe.com SAMPLE BOOK

(၆) အဲဒီအခါ နယ်သစ်ဖွင့်မင်းကြီး ဦးတင်ဟာ လယ်ယာစိုက်ပျိုးရေးနှင့် သစ်တောရေးဝန်ကြီးဌာနရဲ့ အတွင်းဝန် ဖြစ်သွားတာမို့ သူ့ရဲ့တာဝန်ကို အိုင်စီအက်စ် ဦးချမ်းသာဆီ လွှဲအပ်တာကြောင့် စစ်အပြီး နယ်သစ်ဖွင့်ဌာန မင်းကြီးအဖြစ် အိုင်စီအက်စ် ဦးချမ်းသာ ဆောင်ရွက်ပါတယ်။ စစ်ပြီးကာလ ပြန်လည်ထူထောင်ရေး လုပ်ငန်းတွေထဲမှာ ခက်ခဲကြမ်းတမ်းတဲ့ လုပ်ငန်းအဖြစ် နယ်သစ်ဖွင့်ဌာနကို ပြန်လည် တည်ထောင် ဖွဲ့စည်းမှုဟာလည်း မှတ်ကျောက်တင်ထိုက်တဲ့ လုပ်ငန်းတစ်ရပ် ဖြစ်ပါတယ်။ မူလ ဆန်စက်နှစ်စက် ရှိတာမှာ စစ်ဒဏ်ကြောင့် ပျက်စီးကုန်ပါပြီ။ နှစ်လုံးကို တစ်လုံးဖြစ်အောင် ပေါင်းပြီး ကမာရွတ်ဆန်စက်ကို လည်ပတ် ကြိတ်ခွဲနိုင်ခဲ့ပါတယ်။ စစ်မဖြစ်မီက တည်ရှိခဲ့တဲ့ အသင်းတွေရဲ့ အစုငွေတွေ၊ အသင်းပိုင်ပစ္စည်းတွေလည်း နတ္ထိ ဖြစ်ကုန်ပါပြီ။ အသင်းသားတွေလည်း ချွေးတပ် ချောဆွဲခံရသူ၊ ရောဂါဘယဒဏ် ခံရသူနဲ့ လူမစုံတော့ပါဘူး။ တိုင်းပြည် လွတ်လပ်ရေးရပြီးစမှာ လွတ်လပ်ရေးနဲ့အတူ ပေါ်ပေါက်လာတဲ့ ဆူပူသောင်းကျန်းမှုဒဏ်ကိုလည်း ရှောင်မလွတ်ပါဘူး။ မူလကတည်းက မြို့နဲ့ အတော် ဝေးကွာတဲ့ အစွန်အဖျား တောကြိုအုံကြားမှာ တည်ထောင်ထားတဲ့ နယ်သစ်ဖွင့်အသင်းတွေရဲ့ စီးပွားရေး၊ လူမှုရေး၊ လုံခြုံရေး အခြေအနေတွေ ဘက်စုံချွတ်ယွင်းနေပါတယ်။ အခက်အခဲမျိုးစုံ၊ ပြဿနာမျိုးစုံအကြားက အသင်းဟောင်းတွေ ပြန်လည် တည်ထောင်တာ၊ စာရင်းရှင်းလင်း ဖျက်သိမ်းတာ၊ အသင်းသစ်တွေ ဖွဲ့စည်းတာတို့ကို ဦးချမ်းသာ ဆောင်ရွက်ပေးနိုင်မှုဟာ အံ့သြလောက်ပါတယ်။

(၇) အသင်းပိုင်စုငွေတွေ မရှိတော့တဲ့ အခြေအနေ၊ ဘဏ္ဍာရေး ချွတ်ခြုံကျနေတဲ့ အခြေအနေမှာ လိမ်လိမ်မာမာ ပါးပါးနပ်နပ်နဲ့ ဦးချမ်းသာက အသင်းလည်ပတ်ငွေ ရရှိရေး ဆောင်ရွက်ခဲ့တဲ့ အကွက်ကလေးတွေက အတုယူစရာပါ။ အရင်က အသင်းမှာ မြေ ရှိတယ်၊ စိုက်ပျိုးသူ အသင်းသား ရှိတယ်၊ ထုတ်ကုန် ရှိတယ်၊ စက် ရှိတယ်။ အဲဒီ ထုတ်ကုန်တွေကို အသင်းပိုင်စက်နဲ့ ကြိတ်ခွဲ ရောင်းချတယ်။ အသင်းက အပ်တဲ့ စပါးတွေကိုလည်း ပြည်ပ ပို့တဲ့ ကုန်သည်ကြီးတွေဆီ တိုက်ရိုက် ဆက်သွယ် ရောင်းချတယ်။ အခု အလုပ်တွေ အကုန် အခြေပျက်ကုန်ပြီ။ ဒါပေမဲ့ ဦးချမ်းသာက အသင်းကို ဆန်စပါးအဝယ်တော် ကိုယ်စားလှယ် ရအောင် လုပ်ပါတယ်။ မိမိတို့ State Colony



mgyoe.com

mgyoe.com SAMPLE BOOK

အသင်း အများစု အခြေချနေတဲ့ ဟံသာဝတီခရိုင်နဲ့ ပဲခူးခရိုင်တွေအတွက် လွတ်လပ်ရေး ရအပြီး အစိုးရ တည်ထောင်တဲ့ ပကရဖ ခေါ် နိုင်ငံတော် ကောက်ပဲသီးနှံ ရောင်းဝယ်ရေးအဖွဲ့ကြီးရဲ့ ဆန်စပါးအဝယ်တော် ကိုယ်စားလှယ် လုပ်ပါတယ်။ အဲဒီနယ်မြေတွေမှာ ရှိတဲ့ စပါးတွေကို State Colony နယ်မြေ၊ နိုင်ငံတော် ကောက်ပဲသီးနှံ ရောင်းဝယ်ရေးအဖွဲ့ရဲ့ ဇုန်အမှတ် (၁၁) လို့ အမည်တွင်စေပြီး ဆန်စပါး ကောက်ခံပေးသွင်းမှုကို ကော်မရှင်စား ဆောင်ရွက်ပါတယ်။ အသင်းတွေက ဒေသအတွင်း စပါးကောက်ပြီး ဇုန်ဒိုင်ကို နယ်သစ်ဖွင့် အမည်နဲ့ ရောင်းချပေးပြီး ကော်မရှင်ယူတာ ဖြစ်ပါတယ်။ နယ်သစ်ဖွင့် စပါးပွဲစားလို့ ခေါ်နိုင်ပါတယ်။

လုပ်ငန်းရည်ရွယ်ချက်က ဒေသခံ လယ်သမားတွေ ဈေးနှိမ် မခံရဖို့၊ ဈေးမှန် တင်းမှန် ဖြစ်စေဖို့၊ အကျိုးခံစားခွင့် ရှိစေဖို့ အသင်းက တာဝန်ခံ ဆောင်ရွက်ပေးတာ ဖြစ်ပါတယ်။ လုပ်ငန်းသဘောအရ အောင်မြင်ပေမဲ့လည်း အောက်ခြေအသင်းတွေရဲ့ စာရင်းအင်း မကျွမ်းကျင်မှုကြောင့် အရှုံးပေါ်လာပါတယ်။ တဖြည်းဖြည်း ရရန် ပေးရန်များ စာရင်း မရှင်းနိုင်ဘဲ လုံးပါးပါးလာပြီး ၁၉၆၁ ခုနှစ်မှာ စာရင်းမရှင်းနိုင်ရာက ကိုလိုနီပိုင် ကမာရွတ်က ဆန်စက်နဲ့ မြေနေရာကို တန်ဖိုးငွေ ကျပ် ၅၀၂၄၃၀ တန်ဖိုးသင့်ပြီး နိုင်ငံတော် ကောက်ပဲသီးနှံ ရောင်းဝယ်ရေးအဖွဲ့ဆီ ထိုးအပ်လိုက်ရပါတော့တယ်။

(၈) ၁၉၆၂ ခုနှစ် တော်လှန်ရေးအစိုးရ တက်လာခါစမှာ နယ်သစ်ဖွင့်ဌာန ရှိပါသေးတယ်။ နယ်သစ်ဖွင့် မင်းကြီးက ဦးသိန်းဖေ ဖြစ်ပါတယ်။ ၁၉၆၁ မှာ အရင်လို စပါးအဝယ်တော်အဆင့် မရတော့ပေမဲ့လည်း တစ်တန်ကို ပွဲခ ၅ နှုန်းနဲ့ တောပွဲစားသဘော ဆောင်ရွက်ပေးခွင့် ရပါတယ်။ အဲသလို စပါးပွဲစား ဆောင်ရွက်ပေးမှုကြောင့် ၁၉၆၁ မှာ စပါးတင်းပေါင်း ၇၇၉၈၃၃ တင်းကျော် ဝယ်ပေးနိုင်မှုအတွက် အသားတင်အမြတ် ကျပ် ၅၂၄၆၀၊ ၁၉၆၂ မှာ အမြတ်ငွေ ကျပ် ၂၅၀၀၀ ရရှိခဲ့တယ်လို့ပဲ မှတ်တမ်း တွေ့ရှိရပြီး ၁၉၆၂ နောက်ပိုင်း နယ်သစ်ဖွင့် လုပ်ငန်းတွေအကြောင်း မတွေ့မိတော့ပါဘူး။

နောက်ဆုံး တွေ့ရှိရတဲ့ နယ်သစ်ဖွင့်အသင်းတွေရဲ့ ၁၉၆၁-၁၉၆၂ အခြေအနေမှာ တစ်ဖက်ပါအတိုင်း ဖြစ်ပါတယ်။



mgyoe.com

mgyoe.com
SAMPLE BOOK

| စဉ် | အသင်း အမည် | အရေ အတွက် | အသင်း သား ဦးရေ | အစုငွေ | အသင်းမှ ပေးရန်/ရရန် | | အမြတ်/ အရှုံး | ရင်းနှီးငွေ |
|---|---|---|---|---|---|---|---|---|
| | | | | | အစိုးရသို့ | အခြားသို့ | | |
| ၁ | နယ်သစ်ဘဏ်လုပ်ကိုင်ရေးနှင့်ရောင်းဝယ်ရေးလီမိတက် | ၁ | ၅၇ | ၂၈၂၅၀ | ၁၁၈၉၁၉၁ | - | -၂၅၄၄၀ | ၁၁၉၂၀၀၁ |
| ၂ | သမဝါယမကျေးရွာလယ်ယာနှင့်လုပ်ငန်းပေါင်းစုံအသင်း | ၁၀၈ | ၅၃၀၅ | ၉၄၉၀၀ | ၄၇၈၄၅၅ | ၁၇၄၇၇၁ | +၁၉၅၃၁၉ | ၉၄၆၉၈၅ |

## ကိုလိုနီဘဏ်၏ အမှုဆောင်များ

အစိုးရ နယ်သစ်ဖွင့်လုပ်ငန်းကြီးကို အဓိက ပံ့ပိုးဆောင်ရွက်တဲ့ အဖွဲ့အစည်းကြီးကတော့ အစိုးရ နယ်သစ် သမဝါယမဘဏ် လုပ်ကိုင်ရေးနှင့် ရောင်းဝယ်ရေးအဖွဲ့ ဖြစ်ပါတယ်။ အဲဒီအဖွဲ့ကို အောက်ပါအတိုင်း ဖွဲ့စည်း ကြီးကြပ် ဆောင်ရွက်ခဲ့ပါတယ်။


ဥက္ကဋ္ဌ - နယ်သစ်ဖွင့်မင်းကြီး


အစိုးရခန့် ကော်မတီဝင်များ - ဒုတိယအတွင်းဝန်၊ လယ်/နိုင်ဝန်ကြီးဌာန။

- ဒု-အထွေထွေမန်နေဂျာ၊ နိုင်ငံတော် ကောက်ပဲသီးနှံရောင်းဝယ်ရေးအဖွဲ့။
- အမှုဆောင်အရာရှိချုပ် (စပါးတိုးချဲ့ရေး)၊ မြေကျေးရှင်း၊
- လက်ထောက် ကြေးတိုင်နှင့်မြေစာရင်း မင်းကြီး၊


mgyoe.com

mgyoe.com
SAMPLE BOOK



- အမှုဆောင်အရာရှိ လယ်/နိုင်အရာရှိချုပ်ရုံး၊

အသင်းဝင်များမှ ရွေးချယ် - ၆ ဦး (သင်းလုံးကျွတ် အစည်းအဝေးမှ ရွေးချယ် တင်မြှောက်)

အတွင်းရေးမှူး - မန်နေဂျာ၊ ဘဏ်အမှုဆောင်အဖွဲ့။

အဲဒီအဖွဲ့ကြီးနဲ့ နယ်သစ်ဖွင့်ဌာနရဲ့ လုပ်ငန်းဆောင်တာတွေကို လေ့လာနည်းယူရင် အခုခေတ် မြေယာမဲ့တွေကို မြေယာချထားရေးလုပ်ငန်းရပ်တွေမှာ apply လုပ်နိုင်တဲ့စနစ် တစ်ခုတလေတော့ ရနိုင်မယ်လို့ ယုံကြည်ပါသည်။

ဒီနေ့ကာလမှာ မြေလွတ်မြေရိုင်း လုပ်ပိုင်ခွင့် ချထားပြီး သတ်မှတ်ကာလအတွင်း မလုပ်နိုင်လို့ ပြန်လည်သိမ်းယူရမယ့် မြေတွေ အပါအဝင် နိုင်ငံတော်အတွင်းက ဖော်ထုတ် မြေယာတွေကို land less farmer တွေ၊ small holder တွေဆီ မြေပြန်လည်ချထားပေးမယ့် အစီအစဉ်တွေ စနစ်တကျ မရှိသေးပါဘူး။ အစီအစဉ် ချမှတ်ပေးမယ် ဆိုရင် ရှေးယခင် နယ်သစ်ဖွင့်ဌာနလုပ်ငန်းတွေအတိုင်း စီမံကွပ်ကဲရေးနည်းနာအသစ်တွေ၊ ခေတ်မီမြေဖော်ထုတ်နည်းလမ်းတွေ၊ နိုင်ငံတော်ရဲ့ ပံ့ပိုးမှုတွေနဲ့ စနစ်တကျ ပြန်လည် အကောင်အထည်ဖော် ဆောင်ရွက်မယ် ဆိုရင် အတိုင်းထက်အလွန် ဖြစ်နိုင်ကြောင်းပါခင်ဗျား။


mgyoe.com

mgyoe.com SAMPLE BOOK

# မြေခွန်တော်နှင့် သဿမေဓခွန်၊ လူခွန်တော်

ဝင်ငွေ ချို့တဲ့ပြီး အသက်မွေးဝမ်းကျောင်း မလုံလောက်သူတွေ၊ ဆင်းရဲနွမ်းပါးသူတွေကို ကောက်ခံရမယ့်စာရင်းက ပယ်ပေးပြီး အခွန်ထမ်းဆောင်ခြင်းကနေ ချမ်းသာရာ ရစေပါတယ်။ သူကြီး၊ ဆယ်အိမ်ခေါင်း၊ အင်္ဂလိပ်အစိုးရထံ စစ်မှုထမ်း အငြိမ်းစားတွေ၊ အညာဒေသမှာ ရပ်ရေးရွာမှုအတွက် ခိုင်းစေရတဲ့ မင်းအလင် (မင်းလုလင်) တွေလည်း ကင်းလွတ်ခွင့် ရပါတယ်။ မင်းတိုင်းကျေးလွတ်သူလို့ ပြောကြပါတယ်။

mgyoe.com

mgyoe.com SAMPLE BOOK

# မြေခွန်တော်နှင့် သဿမေဓခွန်၊ လူခွန်တော်

မြေခွန်တော်စနစ်တွေ အဆင့်ဆင့်ပြောင်းလဲလာပုံတွေကို လေ့လာရတာ စိတ်ဝင်စားဖို့ ကောင်းပါတယ်။ လွန်ခဲ့တဲ့ တစ်နှစ်ကျော်က ကျွန်တော် UN HABITAT က LAMP (Land Administration and Management Project) မှာ ကုလဝန်ထမ်းအနေနဲ့ Land Management Consultant အဖြစ် ယာယီအမှုထမ်းစဉ်က မြန်မာနိုင်ငံမှာ လက်ရှိ စည်းကြပ်နေတဲ့ မြေခွန်စနစ်ရဲ့ သမိုင်းဖြစ်စဉ်နဲ့ အနာဂတ်မှာ ပြောင်းလဲစည်းကြပ်သင့်တဲ့ မြေခွန်စနစ်အကြောင်း စာတမ်းတစ်ခု ရေးပေးထားခဲ့တာကို online ပေါ် တင်ပေးဖူးပါတယ်။ အထက်/ အောက် မြေနှင့် အခွန်တော်ဥပဒေ၊ ကြေးတိုင်ညွှန်ကြားချက်တွေပါ ပြဋ္ဌာန်းချက်တွေနဲ့ ဘဏ္ဍာတော်မင်းကြီး ဦးဘဌေးရဲ့ မြေခွန်စနစ်အကြောင်း စာတမ်းပါအချက်တွေသာမက ကျွန်တော်တို့ ကြေး/မြေ ၁၅၀ ထဲက RN 1 ဖြစ်တဲ့ ကိုအေးငြိမ်း (ဦးထွန်းအောင်ကျော်) ရဲ့ အမျိုးသားစာပေဆုရ 'မြေခွန်သမိုင်း' စာအုပ်ထဲက အချက်တွေကို အကျဉ်းချုပ် ထုတ်ယူ ရေးခဲ့တာ ဖြစ်ပါတယ်။

အဲဒီစာတမ်းမှာ လက်ရှိ စည်းကြပ်နေတဲ့ ကြေးတိုင်ညွှန်ကြားချက်တွေအရ ဆောင်ရွက်ထားတဲ့ နှုန်းတွေနဲ့ ဆိုရှယ်လစ်ခေတ် ဘဏ္ဍာအခွန် ဝန်ကြီးဌာန ပြန်တမ်း (၄၂၅) တို့အရ လက်ရှိ စည်းကြပ် မြေခွန်နှုန်းတွေဟာ ခေတ်စနစ်နဲ့ မလျော်ညီတော့တဲ့အတွက် ပြင်ဆင်ပြောင်းလဲသင့်တဲ့ မြေခွန်လမ်းကြောင်းကို အကျဉ်း တင်ပြခဲ့ပါတယ်။ ကြေး/မြေဌာနကြီး၏ ခေတ်အဆက်ဆက် မြေခွန်နှုန်းထား ပြင်ဆင်ဖို့ ဆောင်ရွက်တင်ပြဖူးတဲ့ စနစ်တွေကိုလည်း တင်ပြခဲ့ပါတယ်။



mgyoe.com

mgyoe.com SAMPLE BOOK

အခုခေတ်မှာ ရှေးကလို အင်မတန် လက်ဝင်တဲ့ ကြေးတိုင်ရပ်ကွက်တွေ ခွဲခြားတာ၊ မြေမျိုးခွဲတာ၊ Land Class တွေ သတ်မှတ်ပြီး မြေမျိုးနဲ့ မြေအတန်းအစားအလိုက် နှုန်းသတ်မှတ်ခြင်းအစား (အရင် ခွဲခဲ့တဲ့ မြေမျိုးတွေလည်း အောက်ခြေမှာ အများကြီး ပြောင်းနေပါပြီ၊ မကိုက်ညီတော့ပါဘူး။) မြေအသုံးချမှုကြောင့် မြေက ရတဲ့ ဝင်ငွေ၊ အသုံးစရိတ်များ၊ ကြွေးမြီတွေအပေါ် အခြေတည်တဲ့ Capitation tax / Property tax တွေနဲ့ စည်းကြပ်နိုင်အောင် New Farmland Tax စနစ် ထူထောင်ဖို့ ဖြစ်ပါတယ်။ Land Valuation Zone တွေ ခွဲခြားပြီး Capitation Rate အရ စည်းကြပ်ရင် ပြေစာတစ်စောင် ထွက်ဖို့ ခွဲတန်းရေး၊ စည်းကြပ်နှုန်းခွဲနဲ့ ရက် ၄၀ လောက် လုပ်ရတဲ့ အလုပ်ကို နေ့ဝက်အတွင်း မြေတိုင်းစာရေး Charge တစ်အုပ်စုလုံးရဲ့ ဦးပိုင်လိုက် မြေခွန်သင့်ငွေ ခွဲတမ်းစာရင်းတန်းထွက်လာတဲ့ လမ်းကြောင်းကို Pilot Survey လုပ်လို့ ရတဲ့ result အရ တင်ပြခဲ့ပါတယ်။ pilot test သာ ဖြစ်တဲ့အတွက် ပြည့်စုံမှုတော့ မရှိသေးဘူးပေါ့လေ။ ဌာနက ဆက်လက်လေ့လာ လုပ်ဆောင်ရမှာပါ။

မြေခွန်အကြောင်း လေ့လာရင်းနဲ့ ဘာကို သွားသတိထားမိသလဲ ဆိုတော့ အင်္ဂလိပ်တွေတောင်မှ သူတို့ရဲ့ ကိုလိုနီ ဖြစ်လာတဲ့ မြန်မာပြည်ကို မြေခွန်တော် စတင် စည်းကြပ်တော့ မြေစမ်း ခရမ်းပျိုးတွေ အများကြီး လုပ်ခဲ့ရပါကလား စမ်းတဝါးဝါးနဲ့ စခဲ့တာပါကလား ဆိုတဲ့အချက် ဖြစ်ပါတယ်။ အဲဒီအချက်တွေဟာ ကျွန်တော် ရေးတင်ထားတဲ့အထဲမှာလည်း ပါပါတယ်။ ဦးအေးငြိမ်း စာအုပ်မှာလည်း ပါပါတယ်။ Online မှာ ကြေး/မြေ ညွှန်မှူး (ငြိမ်း) ဆရာ ဦးစောလှိုင် တင်နေတဲ့ post တွေမှာလည်း အဲဒီအချက်တွေ ဖော်ပြပေးနေတာ တွေ့နိုင်ပါတယ်။

ကျွန်တော် ဆွေးနွေးပြချင်တာက အရင် မြန်မာဘုရင်တွေ ကောက်ခံနေတဲ့ အခွန်အခတွေကို အင်္ဂလိပ်က သူ့ကိုလိုနီ ဖြစ်လာတဲ့အခါ မြေနှင့်အခွန်တော် ဥပဒေလိုမျိုး အမျိုးမျိုးသော ဥပဒေတွေ၊ ညွှန်ကြားချက်တွေနဲ့ မြေခွန်စနစ် တစ်ရပ် ထူထောင်ခဲ့ရာမှာ အင်္ဂလိပ်တွေရဲ့ ပါးနပ်မှုကို ပြောပြချင်တာပါ။ မြေနှင့် အခွန်တော် ဥပဒေတွေ ပြဋ္ဌာန်းစဉ်ကာလ (LBLR - ၁၈၇၆၊ UBLR - ၁၈၈၉) မှာ လက်ရှိ အသုံးပြုနေတဲ့ ၁၉၂၉ Burma Settlement Instructions ကြေးတိုင် ညွှန်ကြားချက်တွေ မထွက်သေးပါ။ ၁၉၁၀ Settlement instructions တွေအရ ဆောင်ရွက်တဲ့နေရာမှာ မြေမျိုး အတန်းအစားအရ နှုန်းထား သတ်မှတ်တာတွေ ဆောင်ရွက်နိုင်မှု အနည်းငယ်သာ ရှိသေးပြီး တစ်ပြည်လုံးအတွက် စနစ်တကျ



mgyoe.com

mgyoe.com SAMPLE BOOK

မလုပ်နိုင်သေးဘဲ အများအားဖြင့် သမာဓိတွေနဲ့ ကြေးခွဲခန့်ရတဲ့သဘော၊ ကွင်းအလိုက်၊ ကျေးရွာအလိုက် ပုံသေနှုန်း၊ လုံးပေါင်းနှုန်းတွေနဲ့ သတ်မှတ် စည်းကြပ်မှုတွေ၊ ပတ္တာနှုန်း၊ Grant, Lease နှုန်းတွေနဲ့ စည်းကြပ်မှုတွေ ဆောင်ရွက်နေရချိန်ဖြစ်ပါတယ်။

အဲဒီ ခေတ်ဦး မြေခွန်တော် စည်းကြပ်စအချိန်က မြေခွန် ကောက်ခံရာမှာ အသုံးပြုခဲ့တဲ့ သဿမေဓခွန်နဲ့ လူခွန်တော် ဆိုတဲ့ စကားရပ် နှစ်ရပ်ဟာ အထက်/အောက် မြေနှင့်အခွန်ဥပဒေတွေမှာ မျက်စိယဉ်နေအောင် တွေ့မြင်နေရမှာ ဖြစ်ပါတယ်။ ဒါပေမဲ့ လူငယ်တွေအဖို့ အဲဒီအခွန်ဝေါဟာရ အဓိပ္ပာယ်တွေကို စစ်စစ်ပေါက်ပေါက် နားလည်ဖို့က နည်းနည်း လက်လှမ်းမမီသလို ဖြစ်နေပါတယ်။ အဲဒီအခွန်တွေဟာ လယ်ယာ လုပ်ကိုင်ခြင်းနဲ့ မဆိုင်တဲ့ ဝင်ငွေတွေအပေါ် မှာ စည်းကြပ်တဲ့ အခွန်တော်လို့ ဖွင့်ဆိုကြတဲ့အတွက် အဲဒီ အခွန် နှစ်ရပ်မှာ သဘောအားဖြင့် အတူတူပဲ ဖြစ်ကြောင်း၊ အထက်မြန်မာပြည်မှာ သဿမေဓခွန်လို့ သုံးပြီး အောက်မြန်မာပြည်မှာ လူခွန်တော်လို့ သုံးကြောင်း ရှေးဆရာတွေက ဖွင့်ဆိုပေမဲ့လည်း သေသေချာချာ လေ့လာတဲ့အခါ တူသလိုနဲ့ မတူတဲ့အကြောင်းတွေ ရှိပါတယ်။ အခြေခံ သဘောတရား ကွဲပြားပါတယ်။

သဿမေဓခွန်က အိမ်ထောင်စုအပေါ် စည်းကြပ်တာ ဖြစ်ပြီး လူခွန်တော်က လူတစ်ယောက်ချင်းအပေါ် အထူးသဖြင့် သတ်မှတ်သက်တမ်းအတွင်းက ယောကျ်ားသားတွေအပေါ်မှာသာ စည်းကြပ်ပါတယ်။

အထက်မြန်မာပြည်မှာ သဿမေဓခွန်ထမ်းဆောင်စေပေမဲ့လည်း မန္တလေးမြို့ဟာ သဿမေဓခွန် မထမ်းဆောင်ရကြောင်း တွေ့ရပါတယ်။ အောက်မြန်မာပြည်မှာ လူခွန်တော် ကောက်ခံပေမဲ့ စာရင်းဝင်မြို့ (Schedule Town) တွေ ဖြစ်တဲ့ ပုသိမ်၊ ဟင်္သာတ၊ ပြည်၊ သရက်၊ တောင်ငူ၊ စစ်တွေ၊ ကျောက်ဖြူ၊ ရန်ကုန်မြို့တို့မှာ လူခွန်အစား မြေမျိုးနှုန်းနဲ့ ကောက်ခံပါတယ်။ မြေမျိုးနှုန်းကို အဆောက်အအုံ ရှိတဲ့မြေအတွက် နှုန်းတစ်မျိုး၊ အဆောက်အအုံ မရှိတဲ့မြေအတွက် နှုန်းတစ်မျိုး ခွဲကောက်ပါတယ်။ ထူးခြားတာက ရခိုင်က မြို့နှစ်မြို့ဖြစ်တဲ့ ကျောက်ဖြူနဲ့ စစ်တွေမှာ လူခွန်အစား မြေနှုန်းကို ကောက်ခံတဲ့နေရာမှာ ရာခိုင်နှုန်း ၅၀ (ထက်ဝက်) ပဲ ကောက်ခံစေတာ တွေ့ရပါတယ်။ လူခွန်တော် ထမ်းဆောင်ရမယ့်သူတွေကတော့ အသက် ၁၈ နှစ်ကနေ အသက် ၆၀ အထိ ရှိတဲ့ ယောကျ်ားအားလုံး ထမ်းဆောင်ရပါတယ်။ ဒါပေမဲ့ အစိုးရ အမှုထမ်းတွေ၊ ကျောင်းဆရာတွေ၊ သာသနာ့ဝန်ထမ်း ရဟန်းသံဃာတွေ မထမ်းဆောင်ရပါဘူး။

mgyoe.com

mgyoe.com SAMPLE BOOK

သဿမေဓခွန်ရော၊ လူခွန်တော်မှာပါ တူညီတဲ့အချက်က ဝင်ငွေ ချို့တဲ့ပြီး အသက်မွေးဝမ်းကျောင်း မလုံလောက်သူတွေ၊ ဆင်းရဲနွမ်းပါးသူတွေကို ကောက်ခံရမယ့် စာရင်းက ပယ်ပေးပြီး အခွန်ထမ်းဆောင်ခြင်းကနေ ချမ်းသာရာ ရစေပါတယ်။ သူကြီး၊ ဆယ်အိမ်ခေါင်း၊ အင်္ဂလိပ်အစိုးရထံ စစ်မှုထမ်း အငြိမ်းစားတွေ၊ အညာဒေသမှာ ရပ်ရေးရွာမှုအတွက် ခိုင်းစေရတဲ့ မင်းဒလင် (မင်းလုလင်) တွေလည်း ကင်းလွတ်ခွင့် ရပါတယ်။ မင်းတိုင်းကျေလွတ်သူလို့ ပြောကြပါတယ်။

၁၉၂၉ ကြေးတိုင်ညွှန်ကြားချက်တွေနဲ့အညီ မြေခွန် သတ်မှတ်ခြင်းလုပ်ငန်းတွေ စနစ်တကျ ထူထောင်လာမှသာ မြေခွန်စည်းကြပ်ခြင်း စနစ်တကျ ဖြစ်လာပြီး အရင်ကတော့ သဿမေဓခွန်၊ လူခွန်၊ မြေနှုန်းခွန်တွေဟာ မြေခွန်တော်နဲ့ ရောနေပြီး မြေ မလုပ်ပေမဲ့ မြေပေါ် နေထိုင် အသက်မွေးဝမ်းကျောင်း ပြုသူတွေဆီက ကောက်ခံ ရရှိတဲ့ အခွန်အဖြစ် စာရင်းပေါက်တာ တွေ့ရပါတယ်။

သဿမေဓခွန်၊ လူခွန်၊ လူခွန်အစား မြေနှုန်းခွန်တွေရဲ့ ပမာဏဟာ သေးကွေးတဲ့ ပမာဏ မဟုတ်ဘူး ဆိုတာ တွေ့ရပါတယ်။

၁၉၂၆ ဇွန်လ နှစ်ချုပ်မှာ ကောက်ခံရရှိသော မြေနှင့်အခွန်တော်စာရင်းအရ အောက်ပါအတိုင်း တွေ့ရပါတယ်။

| | | | |
|---|---|---|---|
| ၁။ | မြေခွန်တော် | ကျပ် | ၃၇၄ သိန်း |
| ၂။ | သဿမေဓခွန် | ကျပ် | ၅၈. ၀၅ သိန်း |
| ၃။ | လူခွန်တော် | ကျပ် | ၄၃. ၀၄ သိန်း |
| ၄။ | လူခွန်အစား မြေခွန် | ကျပ် | ၁. ၃၈ သိန်း |

အဆိုပါ နှစ်ကာလတွေမှာ မြန်မာတစ်နိုင်ငံလုံးရဲ့ အခွန်အရပ်ရပ် ဝင်ငွေဟာ ကျပ်သိန်းပေါင်း ၁၀၀၀ ကျော် ၂၀၀၀ လောက်ပဲ ရှိတဲ့အနက် သဿမေဓခွန်၊ လူခွန်တော်၊ လူခွန်အစားမြေနှုန်း စုစုပေါင်း ရငွေဟာ ကျပ် ၁၀၂ သိန်းတောင် ရှိပါတယ်။ မြေခွန်တော် မပါသေးပါဘူး။ မြေခွန်ပါ ပေါင်းရင် အခွန်အရပ်ရပ်ရဲ့ ရာခိုင်နှုန်း ၅၀ လောက် ရှိပါတယ်။

## လူခွန်တော်နှင့် လူခွန်အစား မြေနှုန်းခွန်

ရှေ့က ဖော်ပြခဲ့တဲ့ အပိုင်းမှာ လူခွန်တော်တို့ သဿမေဓခွန်တို့ လူခွန်အစား မြေခွန်တို့ စတဲ့ ဝေါဟာရတွေ ပါဝင်နေပါတယ်။ အရင်က ကျွန်တော် ရေးခဲ့တဲ့ စာရင်းဝင်မြို့များ (Schedule Towns) ဆောင်းပါးကို မဖတ်ဖူးသေးသူတွေ

mgyoe.com

mgyoe.com SAMPLE BOOK

အတွက် လူခွန် ဆိုတာရယ်၊ လူခွန်အစား မြေခွန် ဆိုတာရယ်ကို မျက်စိထဲ တန်းမြင်မိမယ် မထင်ပါဘူး။ အခု ထပ်မံ ရှင်းလင်း တင်ပြပေးပါမယ်။

1st Anglo-Burma War ဟာ ခရစ်သက္ကရာဇ် ၁၈၂၄ မှာ စတင်ခဲ့ပြီး ၁၈၂၆ မှာ ပြီးဆုံးသွားတဲ့အခါမှာတော့ ရခိုင်နဲ့ တနင်္သာရီနယ်တွေကို အင်္ဂလိပ်က သိမ်းယူသွားပါတယ်။ တနင်္သာရီဒေသမှာ ၁၈၂၇ နှစ်နဲ့ ရခိုင်ဒေသမှာ ၁၈၂၈ နှစ်တွေက စပြီး အခွန်တော် စတင် ကောက်ခံတာကို တွေ့ရပါတယ်။ ရခိုင်မှာ အိမ်ခွန်အဖြစ်ရယ်၊ ဝင်ငွေခွန် အဖြစ်ရယ် ကောက်ခံပြီး တနင်္သာရီဒေသမှာတော့ မြန်မာမင်းတွေလက်ထက် အခွန်ကောက်တဲ့ စနစ်အပေါ် အခြေခံပြီး သီးနှံအထွက်အရ ဖြစ်ဖြစ်၊ စိုက်ပျိုးထားသော အပင် အရေအတွက်အရ ဖြစ်ဖြစ် အခွန် ကောက်ခံတာ တွေ့ရပါတယ်။

ဗြိတိသျှတို့ဟာ သူတို့ရဲ့ မြန်မာကိုလိုနီဒေသကို သိမ်းယူရရှိစ အချိန်ကတည်းက မြေခွန် စတင် စည်းကြပ်နေပြီ ဖြစ်ပေမဲ့ လက်ရှိ ကြေးတိုင်စနစ်လို ပီပီပြင်ပြင် ကြေးတိုင်စိုက်၊ မြေမျိုးခွဲ၊ မြေအဆင့်အတန်းခွဲပြီး အခွန်နှုန်း သတ်မှတ် စည်းကြပ်တာကို ချက်ချင်း မဆောင်ရွက်နိုင်သေးပါဘူး။ မြန်မာမင်းလက်ထက်ကလို သီးနှံစိုက်ပျိုးမှုနဲ့ သီးနှံအထွက် (gross produce) ပေါ် မူတည်ပြီး မြေခွန် စည်းကြပ်နှုန်း အမျိုးမျိုးကို အသုံးပြုနေတဲ့ အနေအထားသာ တွေ့ရပါတယ်။ စပါး တင်း ၁၀၀ ထွက်ရင် ၁၀ တင်းနှုန်း စတဲ့ သီးနှံခွန်ဖြင့် ကောက်ခံတဲ့သဘော တွေ့ရသလို သီးနှံအထွက်ရဲ့ ရာခိုင်နှုန်း ၂၀ ကနေ ၂၅ ရာခိုင်နှုန်းအထိ ကောက်ခံတဲ့ ကိစ္စရပ်တွေလည်း ရှိနေပါတယ်။ နောက်ပိုင်း သီးနှံနဲ့ ကောက်ခံတာအစား ကျသင့် သီးနှံကို လက်ရှိပေါက်ဈေးနဲ့ ငွေကြေးတန်ဖိုးသင့်ပြီး ကောက်ခံတာကို လည်း တွေ့ရပါတယ်။

၁၈၃၁ ခုနှစ်မှာ သုံးနှစ် ကြေးတိုင်တွေ စစိုက်ပါတယ်။ သီးနှံအထွက်ရဲ့ ငါးပုံ တစ်ပုံကို မြေခွန်အဖြစ် သတ်မှတ်ပြီး သုံးနှစ်တိုင် အဲဒီနှုန်းနဲ့ တစ်သမတ်တည်း ပေးစေတာ ဖြစ်ပါတယ်။ ဒါလည်း အခွန်တော်ကို တစ်နှစ်ထက် တစ်နှစ် ပိုပိုပြီး တိုးလိုချင်တဲ့ အင်္ဂလိပ်အဖို့ သိပ်အဆင်မပြေပါဘူး။

၁၈၅၂ မှာ 2nd Anglo-Burma War ထပ်မံ ဖြစ်ပွားပြီး ပဲခူးနဲ့ မုတ္တမဒေသတွေ အသိမ်းခံရပြန်ပါတယ်။ ပထမစစ်ပွဲတုန်းက သိမ်းပိုက်သွားတဲ့ တနင်္သာရီနဲ့ ရခိုင်ဒေသကို ဒုတိယစစ်ပွဲမှာ ထပ်မံ သိမ်းပိုက် ရရှိတဲ့ ပဲခူး၊ မုတ္တမဒေသတွေနဲ့ တွဲပြီး ၁၈၆၂ ခုနှစ်မှာ ဗြိတိသျှ မြန်မာပြည်လို့ ခေါ်တွင်စေပြီး အိန္ဒိယရဲ့



mgyoe.com

mgyoe.com
SAMPLE BOOK

ပြည်နယ်တစ်ခုအဖြစ် သတ်မှတ်လိုက်ပါတယ်။ ဒုတိယ အင်္ဂလိပ်-မြန်မာ စစ်ပွဲ အပြီးမှစပြီး ဗြိတိသျှ မြန်မာပြည် (အောက်မြန်မာပြည်) လို့ ဖြစ်တည်လာချိန် အတွင်း မြေခွန် စည်းကြပ်မှု ပုံသဏ္ဌာန်အသစ်တွေ စတင်ကျင့်သုံးလာတာ တွေ့ရ ပါတယ်။

၁၈၆၂ နောက်ပိုင်း စပါးစိုက်ပျိုးမှုဧရိယာတွေ တစ်ဟုန်ထိုး တိုးချဲ့လာတာနဲ့ အမျှ မြေခွန် တိုးတက် ကောက်ခံ ရရှိဖို့ ဗြိတိသျှအစိုးရက စီစဉ် ဆောင်ရွက်လာ ပါတယ်။ ကွင်းအလိုက် မြေခွန်နှုန်းတွေ သတ်မှတ်ပြီး သုံးနှစ်ကနေ ၁၀ နှစ် သက်တမ်းရှိ မြေငှားစနစ်နဲ့ မြေခွန်တော် ကောက်တဲ့စနစ်ကို ၁၈၆၃-၁၈၆၄ ခုနှစ်က စပြီး အောက်မြန်မာပြည်မှာ ကျင့်သုံးလာတာကို တွေ့ရပါတယ်။ အထက်ပါ စနစ်ဟာ စပါးစိုက် ဧရိယာတွေ တိုးတက်လာပေမဲ့လည်း ၁၀ နှစ် ကာလအထိ ပုံသေ မြေငှားခသာ ရရှိပြီး မြေခွန်တော် တိုးတက်မှု မရှိတာကြောင့် မြေနဲ့ ပတ်သက်တဲ့ အခွန်တော်တွေ စနစ်တကျ ပြဋ္ဌာန်းသတ်မှတ် ကောက်ခံ ဖို့ စီစဉ်ပြန်ပါတယ်။

၁၈၇၆ အောက်မြန်မာပြည် မြေနှင့်အခွန် ဥပဒေ စတင် ပြဋ္ဌာန်းပါတယ်။ ၁၈၇၆ အောက်မြန်မာပြည် မြေနှင့် အခွန်တော် ဥပဒေမှာ မြေခွန်တော်၊ တောင်ယာခွန်၊ သဿမေဓခွန်နှင့် အခြား အခွန်တော်တွေကို စည်းကြပ် ကောက်ခံတဲ့ စနစ်တွေကို စုစည်း ပြဋ္ဌာန်းထားပါတယ်။

အထက်မြန်မာပြည်ကို ၁၈၈၅ တတိယ အင်္ဂလိပ်-မြန်မာ စစ်ပွဲအပြီး ထပ်မံ သိမ်းပိုက်ပြီးတဲ့အခါမှာတော့ ၁၈၈၉ ခုနှစ် အထက်မြန်မာပြည် မြေနှင့်အခွန် တော် စည်းမျဉ်းဥပဒေ ထပ်ပြဋ္ဌာန်းလိုက်ပြီး မြန်မာတစ်နိုင်ငံလုံးက မြေတွေနဲ့ မြေပေါ်ရှိ လူတွေကို အထက်/အောက် မြေနှင့်အခွန်တော် ဥပဒေနှစ်ရပ်ဖြင့် စီမံအုပ်ချုပ်ခြင်း၊ မြေယာချထားခြင်း၊ အခွန်ကောက်ခံခြင်း ဆောင်ရွက်ပါတယ်။

၁၈၇၆ ဥပဒေ ပြဋ္ဌာန်းစဉ်ကစပြီး ဗြိတိသျှတို့ဟာ မြန်မာကိုလိုနီနယ်တွေ မှာ မြေခွန်အပြင် အခွန်သစ်တွေ ထပ်ပြီး သတ်မှတ်ပါတယ်။ အဲဒီထဲမှာ ထူးခြား တဲ့ အခွန်တွေ ပါဝင်လာပါတယ်။ ဒီလို မြေပေါ်က ရတဲ့ မြေခွန်တော်သက်သက် ချည်း မဟုတ်တဲ့ သဿမေဓအခွန်တွေ၊ လူခွန်တော်တွေ၊ တောင်ယာခွန် (ဓားခွန်)၊ ရေခွန်တွေ အပါအဝင် အခွန်ရလမ်း ရှိသမျှကို ပြဋ္ဌာန်းတဲ့ ဥပဒေ ဖြစ်တာကြောင့် မြေနှင့်အခွန်တော်ဥပဒေတွေကို Land Tax Act လို့ မသုံးနှုန်းဘဲ Land Revenue Act လို့ ပြဋ္ဌာန်းခဲ့တာ ဖြစ်ပါတယ်။


mgyoe.com

mgyoe.com
SAMPLE BOOK

## Thathameda tax and Capitation tax

အထက်မြန်မာပြည်မှာ သဿမေဓခွန် (Thathameda Tax) လို့ ခေါ်ပြီး အောက်မြန်မာပြည်မှာ လူခွန်တော် (Capitation Tax) လို့ ခေါ်တဲ့ အခွန် နှစ်မျိုးဟာ ထူးခြားပါတယ်။ မြေ အသုံးပြုနေထိုင်တဲ့ နိုင်ငံသားတွေရဲ့ လယ်ယာ လုပ်ကိုင်ခြင်းနဲ့ မသက်ဆိုင်တဲ့ ဝင်ငွေတွေအပေါ် စည်းကြပ်ခြင်း ဖြစ်ပါတယ်။ မြေကို စိုက်ပျိုး အသုံးပြုလို့ စည်းကြပ်တဲ့ မြေခွန်တော် မဟုတ်ပါဘူး။

သဿမေဓအခွန်ကို ဘယ်လို စည်းကြပ် ကောက်ခံတယ်၊ လူခွန်တော်ကို ဘယ်လို စည်းကြပ်တယ် ဆိုတာ အကျဉ်းရှင်းပြချင်ပါတယ်။ အမှန်ကတော့ ဒီအခွန်တွေဟာ နိုင်ငံသားအားလုံး ထမ်းဆောင်ဖို့အတွက် သင့်လျော် ညီညွတ်စွာ သတ်မှတ်ထားတဲ့ အခွန်တော်တစ်ရပ် (Capatition Tax) တွေ ဖြစ်ပါတယ်။

## သဿမေဓခွန်

သဿမေဓခွန်ကို စရှင်းပါမယ်။

အထက်မြန်မာပြည် မြေနှင့်အခွန်တော် စည်းမျဉ်းဥပဒေ (Upper Burma Land Revenue Regulation) ပုဒ်မ ၂၂ မှာ '..... Thathameda tax shall be leviable at such average rate per household or family, .....' လို့ ဖွင့်ဆိုထားတဲ့အတိုင်း သဿမေဓခွန် ဆိုတာ အိမ်ထောင်စုတစ်စု ဒါမှမဟုတ် မိသားစုတစ်စုအတွက် ပျမ်းမျှထားတဲ့ ထမ်းဆောင်ရမယ့် အခွန်တော် ဖြစ်ပါတယ်။ အဲဒီ သဿမေဓအခွန်ငွေကို နိုင်ငံတော် အစိုးရမင်းတွေက တာဝန်ပေးထားတဲ့ ပုဂ္ဂိုလ်တို့က ပြဋ္ဌာန်းထားတဲ့ နည်းဥပဒေတွေနဲ့အညီ စည်းကြပ်ဖို့ ဖြစ်ပါတယ်။ သဿမေဓ အခွန်နှုန်းထားတွေဟာ နေရာဒေသအလိုက် ကွဲပြားသတ်မှတ်ခွင့်ရှိကြောင်း တွေ့ရပါတယ်။ [Upper Burma Land Revenue Regulation; Section 22(1),(2)]

## သဿမေဓခွန် ပျမ်းမျှနှုန်းထား

Upper Burma Land Revenue Manual ရဲ့ Direction ၂၀၁ မှာ ပြဋ္ဌာန်းထားချက်တွေအရ သဿမေဓခွန် သတ်မှတ်နှုန်းထားဟာ အောက်ပါအတိုင်း ဖြစ်ပါတယ်။


mgyoe.com

mgyoe.com
SAMPLE BOOK

(က) ကြေးတိုင်စိုက်ပြီး စည်းကြပ်ရပ်ကွက် သတ်မှတ်ပြီးဖြစ်သော ဒေသများတွင် ကြေးတိုင်ပြန်တမ်းမှ သတ်မှတ်ထားသည့် တစ်အိမ်ထောင်အတွက် ကျသင့်နှုန်းကို လည်းကောင်း၊

(ခ) ကြေးတိုင် မစိုက်ရသေးသည့် ဒေသများအတွက် ပျမ်းမျှ ပုံသေတစ်အိမ်ထောင် ၁ဝိ/ နှုန်းဖြင့် ဖြစ်စေ၊ သို့မဟုတ် မြို့တစ်မြို့ချင်း ကျေးရွာ တစ်ရွာချင်းအတွက် လယ်ယာစိုက်ပျိုးရေးလုပ်ငန်းမှ မဟုတ်ဘဲ အခြား နည်းလမ်းများဖြင့် ရရှိနိုင် ဝင်ငွေများကို ချိန်တွက်ပြီး သင့်လျော်သောနှုန်းဖြင့် သတ်မှတ်သည့် နှုန်းထားကိုလည်းကောင်း

သဿမေဓခွန်အဖြစ် စည်းကြပ်ဖို့ ဖြစ်ပါတယ်။

## သဿမေဓခွန် စည်းကြပ်ခန့်ခွဲခြင်း

သဿမေဓခွန်ကို ဘယ်လို စည်းကြပ် ခန့်ခွဲရသလဲ ဆိုတာ ထပ်မံရှင်းပြပါမယ်။

- အထက်မြန်မာပြည်ရှိ မန္တလေးမြို့ကလွဲပြီး ရှိသမျှ မြို့ရွာတွေမှာ နေထိုင်သူ အိမ်ထောင်စုတွေ အားလုံးကို စည်းကြပ်ရပါတယ်။
- တစ်အိမ်ထောင်ကို အများဆုံး ၁၅၊ အနည်းဆုံး ၅ နှုန်း တွက်ချက် စည်းကြပ်တာ တွေ့ရပါတယ်။ အချို့ တောရွာတွေမှာ တစ်အိမ်ထောင် ၅ နှုန်းထက်တောင် လျော့နည်း စည်းကြပ်တာ တွေ့ရပါတယ်။
- ကောက်ခံပုံစနစ်ကတော့ မြို့/ရွာအလိုက် စာရင်း ကောက်ယူ ရရှိတဲ့ အိမ်ထောင်စုဦးရေကို အဲဒီရွာ၊ အဲဒီမြို့အတွက် သတ်မှတ်ထားတဲ့ နှုန်းထားနဲ့ မြှောက်ပြီး ရတဲ့ ပမာဏကို ပေးသွင်းစေခြင်း ဖြစ်ပါတယ်။ ဥပမာ- ကျေးရွာ တစ်ရွာအတွက် စာရင်းကောက် ရရှိတဲ့ အိမ်ထောင်စု ဒါမှမဟုတ် အိမ်ခြေ အရေအတွက်မှာ ၁၀၀ (H/H or Family) လို့ ဆိုပါစို့။ အဲဒီ ကျေးရွာအတွက် သတ်မှတ် နှုန်းထားက ၅/နှုန်း ဖြစ်တယ် ဆိုရင် ကျသင့် သဿမေဓခွန်က ၅၀ဝိ/ ဖြစ်ပါတယ်။ တစ်အိမ်ထောင်ချင်း ထမ်းဆောင်ရမယ့် အခွန်ငွေကို ကျေးရွာ သမာဓိတွေက ခန့်ခွဲပါတယ်။ အားလုံး တစ်အိမ်ထောင် ပုံသေ ၅/ စီနဲ့ ထမ်းဆောင်ဖို့လို့ မခန့်ခွဲရဘဲ ပစ္စည်း ရှိသူက ဘယ်လောက်၊ နွမ်းပါးသူက ဘယ်လောက် စသဖြင့် သင့်သလို ခန့်ခွဲပြီး တစ်ရွာလုံးအတွက် ကျသင့် ထမ်းဆောင်ရမယ့် ၅၀ဝိ/ ရရှိအောင် ကြေးဝှန်းရပါတယ်။ ကြေးထမ်းခွဲပါတယ်။


mgyoe.com

mgyoe.com
SAMPLE BOOK

- သူကြီး၊ ဆယ်အိမ်ခေါင်း၊ ရွာဆော် စသူတွေ မထမ်းဆောင်ရပါ။ သူကြီးဟောင်း၊ ဆယ်အိမ်ခေါင်းဟောင်းတို့လည်း ကင်းလွတ်ခွင့် ရပါတယ်။

## လူခွန်တော်

လူခွန်တော်ကို အောက်မြန်မာပြည် မြေနှင့် အခွန် ဥပဒေမှာတော့ Capitation tax လို့ သုံးစွဲပါတယ်။ Thathameda tax ရော Capitation tax ရော အခွန်နှစ်ရပ်လုံးဟာ Capitation Tax or Property Tax တွေသာ ဖြစ်ပါတယ်။ အဲဒီအခွန်နှစ်ရပ်အနေနဲ့ သဘောတစ်မျိုးတည်းလို့ပဲ ယူဆကြပါတယ်။

အင်္ဂလိပ်အစိုးရက သူ့ကိုလိုနီနယ်မြေပေါ်မှာ နေတဲ့ ပြည်သူတွေဆီကနေ ရနိုင်သမျှ အခွန်ကို နည်းမျိုးစုံ ခြစ်ကုတ် တောင်းခံတဲ့ သဘောပါ။ တစ်ခုက်ကောင်းတာက လူခွန်တော် ပေးဆောင်ရတာ မိန်းမသားတွေ မပါဘဲ ယောကျ်ားသားတွေကိုသာ ပေးဆောင်စေခြင်းပါ။ တစ်ချက်ခုတ် နှစ်ချက်ပြတ် သဘော အခွန်လည်း ရအောင်၊ မိမိတို့ အုပ်စိုးသူတွေကို တော်လှန်ပုန်ကန်နိုင်မယ့် အရွယ်ရောက် ယောကျ်ားသားတွေ စာရင်းကို ထိန်းချုပ် စောင့်ကြည့်နိုင်အောင် ဆိုတဲ့ ရည်ရွယ်ချက် ပါများပါနေမလား တွေးကြည့်မိပါတယ်။

လူခွန်တော် ထမ်းဆောင်ရမယ့် အမျိုးသားတွေကတော့ အသက် ၁၈ နှစ်အတွင်းကနေ အသက် ၆၀ အတွင်းရှိ အမျိုးသားတွေ ဖြစ်ပါတယ်။ ထမ်းဆောင်ရတဲ့ နှုန်းထားက အောက်ပါအတိုင်း ဖြစ်ပါတယ်။

- အိမ်ထောင်ရှိ ယောကျ်ားသားတွေကတော့ တစ်နှစ်ကို ၅ ကျပ် (5 rupee) ထမ်းဆောင်ဖို့၊
- အိမ်ထောင်မရှိ လူပျိုလူလွတ် ယောကျ်ားသားတွေအတွက် တစ်နှစ် ၂ ကျပ်ခွဲ (2 rupee and 8 annas၊ ၂/၈) ထမ်းဆောင်ဖို့ သတ်မှတ်ထားပါတယ်။

## လူခွန်အစား မြေခွန် (In Schedule Towns)

အထက်ပါ အခွန်အမျိုးအစားဟာ လူခွန်တော် ထမ်းဆောင်ရတဲ့ အောက်မြန်မာပြည်အတွက်သာ သတ်မှတ်ထားချက် ဖြစ်ပါတယ်။ အောက်မြန်မာပြည်ရှိ အသက် ၁၈ နှစ်အတွင်းကနေ အသက် ၆၀ အတွင်းရှိ အမျိုးသားတွေ လူခွန်ဆောင်ရမှာ ဖြစ်ပေမဲ့လည်း လူခွန်တော် မဆောင်ရတဲ့သူတွေ ရှိပါတယ်။ မြေနှင့်အခွန်တော် ဥပဒေတွေအရ Schedule Town (စာရင်းဝင်မြို့) အဖြစ် သတ်


mgyoe.com

mgyoe.com SAMPLE BOOK

မှတ်ထားတဲ့မြို့တွေမှာ နေထိုင်သူတွေဟာ အောက်မြန်မာပြည် မြေနှင့်အခွန်တော် အက်ဥပဒေ ပုဒ်မ ၃၄၊ ပုဒ်မခွဲ (က) နဲ့ အထက်မြန်မာပြည် မြေခွန်တော် စည်းမျဉ်း အမိန့်ဆင့်ဆိုချက် (၁၈၄) အရ လူခွန် မထမ်းဆောင်ရပါဘူး။ လူခွန် အစား မြေခွန်ကိုပဲ ထမ်းဆောင်ရပါတယ်။ (Schedule Towns in which land-rate in lieu of capitation-tax is levied :)

ဒါကြောင့် စာရင်းဝင်မြို့ ဆိုတာ လူခွန်အစား မြေခွန်သာ ကောက်ခံဖို့ စာရင်းထုတ်ပြန်ထားတဲ့ မြို့တွေလို့ အဓိပ္ပာယ် ဖွင့်ဆိုနိုင်ပါတယ်။

လူခွန်တော်အဖြစ် ထမ်းဆောင်ရမယ့် တစ်ယောက်ကို အိမ်ထောင်ရှိ ၅/၊ လူလွတ် ၂/၅ဝါး ကျသင့်မယ့် အခွန်ငွေကို မကောက်ခံဘဲ လူခွန်အစား မြေခွန် အဖြစ် ဘယ်လို ကောက်ခံသလဲ ဆိုတော့ အောက်မြန်မာပြည် မြေနှင့် အခွန် တော် အက်ဥပဒေပုဒ်မ ၃၅ မှာ သတ်မှတ်ထားတဲ့အတိုင်း ကောက်ခံပါတယ်။

- စာရင်းဝင် မြို့တွေမှာ နေထိုင်သူတွေအတွက် အိမ်ရာ ဆောက်လုပ် နေထိုင်သူ ဖြစ်ရင် ၁ စတုရန်းပေကို တစ်ပိုင်ခွဲ။ (one pie and a half per square foot) (၁ စ/ပေ= ၁ ပြားခွဲ)
- အိမ်ရာဆောက်လုပ်နေထိုင်ခြင်း မရှိသူအတွက် တစ်ဧကကို သုံးကျပ် (3 rupee)။

(ပိုင်တွေ၊ ပဲတွေက မူရင်းဥပဒေပါ စာသားတွေ ဖြစ်ပါတယ်။ ဗြိတိသျှ အင်္ဂလိပ်ကိုလိုနီခေတ်က မြန်မာရော အိန္ဒိယပါ Rupee သုံးပါတယ်။ ၁ ရူပီး = ၁ ကျပ်ပါ။ ၁ ကျပ်မှာ ၆၄ ပြား ဒါမှမဟုတ် ၁၆ ပဲ (16 Annas) ရှိပါတယ်။ ရူပီး စသုံးခါစကတော့ အိန္ဒိယမှာ သုံးနေတဲ့အတိုင်း 1 Rupee = 64 paise ထားဟန် ရှိပါတယ်။ မြန်မာပြည် လွတ်လပ်ရေး ရပြီး မကြာမီ decimalization ဆယ်လီစိတ်စနစ် ထုတ်ပြန် ကြေညာဆောင်ရွက်တဲ့အခါမှ ၁ ကျပ် = ၆၄ ပြား အစား ၁ ကျပ် = ၁၀၀ ပြား သတ်မှတ်တာ ဖြစ်ပါတယ်။ အဲဒီတုန်းက India Currency က 1 rupee was devided into 16 annas, 64 paise ၁ ကျပ်ကို ၁၆ ပဲ၊ ၆၄ ပြား လို့ ဆိုတဲ့အတွက် pai ကို ပြားလို့ မှတ်ယူဖို့ ဖြစ်ပါတယ်။)

**စာရင်းဝင်မြို့ (Schedule Town)**

အောက်မြန်မာပြည်မှာ အမျိုးသားတွေကို လူခွန်တော် ထမ်းဆောင်စေဖို့ ဆို ပေမဲ့လည်း လူခွန်တော် မကောက်ခံရဘဲ မြေခွန်နှုန်းသာ ကောက်ခံဖို့ ပြဋ္ဌာန်း



mgyoe.com

mgyoe.com SAMPLE BOOK

ထားချက်ကို Lower Burma Land Revenue Act မှာ အောက်ပါအတိုင်း ဖော်ပြထားပါတယ်။ အဲဒီ ဖော်ပြထားချက်အရ အောက်မြန်မာပြည်ရှိ The Schedule Town (စာရင်းဝင်မြို့) နေထိုင်သူတွေကို လူခွန်အစား မြေခွန် ကောက်ခံရခြင်း ဖြစ်ပါတယ်။

**Towns in which land-rate in lieu of capitation-tax is levied:-**

Section 34 : A capitation-tax shall be payable by all males between the ages of eighteen and sixty years, at such rates as the Governor may from time to time by notification direct:

Provided that such rates shall not exceed the following, that is to say:-

on married men,_ five rupees a year;

on men who have no wives,_two rupees and eight annas a year;

Provided also that this tax shall not be payable-

(a) by the residents of any of the towns mentioned in the schedule here to annexed ;

(b) by the residents of any town on which the Governor may impose a land-rate under section 35.

Section 35 ; In the towns mentioned in the schedule hereto annexed, and in such other towns as the Governor may from time to time by notification direct, there shall be levied, instead of the capitation-tax, an annual rate upon land, to be fixed from time to time by the Governor by notification, but not to exceed the following, that is to say:-

on land covered with buildings,_ one pie and a half per square foot;

on land not covered with buildings,_three rupee per acre.

The boundaries of the towns in which such rate is leviable shall be fixed from time to time, for the purpose of this section, by the Governor by notification, and may be so fixed as to include any suburbs of such towns.

Explanation.- The rate leviable on any land under this section shall be in addition to any land-revenue payable thereon.

ဥပဒေမှာ ဖော်ပြထားချက်အရ ဆိုရင် စာရင်းဝင်မြို့အဖြစ် မြို့အမည် အမည်ဖော်ပြ သတ်မှတ်ထားတဲ့ မြို့တွေမှာ နေထိုင်သူမှန်သမျှ အောက်မြန်မာ ပြည်မှာ Capitation Tax၊ အထက်မြန်မာပြည်မှာ Thathameda Tax လို့ ခေါ်တဲ့ အခွန်တော် မဆောင်ရဘဲ လူခွန်အစား မြေခွန်တော် (အိမ်ရာခွန် မြေနှုန်း ခွန်) အဖြစ် ပေးဆောင်စေတဲ့ ပြဋ္ဌာန်းချက် ဖြစ်ကြောင်း တွေ့ရပါတယ်။



mgyoe.com

mgyoe.com
SAMPLE BOOK

## တောင်ယာခွန်

အင်္ဂလိပ်က ပြဋ္ဌာန်းခဲ့တဲ့ နောက်ထပ် အခွန်တစ်မျိုးက တောင်ယာခွန် ဖြစ်ပါတယ်။ ဓားခွန်လို့လည်း ခေါ်ကြပါတယ်။

တောင်ယာ စိုက်ပျိုး အသက်မွေးဝမ်းကျောင်းပြုတဲ့ တောင်တန်းဒေသသားတွေ၊ တိုင်းရင်းသား မျိုးနွယ်စုတွေ၊ အိမ်ထောင်စုတွေအတွက် ကောက်ခံခြင်းဖြစ်ပါတယ်။ ကရင်နဲ့ တနင်္သာရီဒေသတွေမှာ ပထမ အင်္ဂလိပ်-မြန်မာ စစ်အပြီး အင်္ဂလိပ်လက်အောက် ရောက်ပြီး မကြာမီမှာဘဲ တောင်ယာခွန်အဖြစ် ဓားတစ်လက်၊ လူတစ်ယောက် ဘယ်လောက် ဆိုပြီး ကောက်ခံနေတယ်လို့ သိရပါတယ်။ တောင်ယာစိုက်ပျိုး အသက်မွေးဝမ်းကျောင်းပြုမယ့် တိုင်းရင်းသား ပြည်သူတွေကို အောက်မြန်မာပြည် မြေနှင့်အခွန်တော်အက်ဥပဒေ ပုဒ်မ ၂၁ အရနဲ့ အထက်မြန်မာပြည် မြေခွန်တော်ဥပဒေ နည်းဥပဒေ ၇၀-၇၄ ပြဋ္ဌာန်းချက်တွေအရ သင့်လျော်ရာ အရပ်ဒေသတွေမှာ တောင်ယာ ခုတ်ဖို့ မြေနေရာတွေ သတ်မှတ် ချထားပေးပြီး အဲဒီ မြေနေရာတွေမှာ စိုက်ပျိုး လုပ်ကိုင်တဲ့ မိသားစုတွေ၊ မျိုးနွယ်စုတွေကို အောက်မြန်မာပြည် မြေနှင့်အခွန်တော် အက်ဥပဒေ ပုဒ်မ ၃၃ အရ မြေခွန်အစား တောင်ယာခွန် စည်းကြပ်ပါတယ်။ အိမ်ထောင်စုအလိုက်ဖြစ်ဖြစ်၊ တစ်ဦးချင်းအနေနဲ့ဖြစ်ဖြစ် ထမ်းဆောင်ရမယ့် တောင်ယာခွန်တွေ သတ်မှတ်ပါတယ်။

တောင်ယာခွန် ပေးဆောင်ရမယ့် နှုန်းထားကတော့ အောက်ပါအတိုင်း ဖြစ်ပါတယ်။

- အသက် ၁၈ နှစ် ပြည့်ပြီးတဲ့ ယောကျ်ား ၁ ယောက်ကို ၂ ကျပ် (2 rupee) ဒါမှမဟုတ်
- အိမ်ထောင်စု တစ်စုကို ၂ ကျပ် သတ်မှတ်ပါတယ်။

အထက်က တင်ပြခဲ့တဲ့ အခွန်တွေဟာ အထက်/အောက် မြေနှင့် အခွန်တော် ဥပဒေများမှာ ပြဋ္ဌာန်းထားခဲ့ပေမဲ့လည်း လယ်ယာစိုက်ပျိုးမှု မြေအသုံးချမှုဆောင်ရွက်နေလို့ စည်းကြပ်ရတဲ့ မြေခွန်တော်တွေ မဟုတ်ပါဘူး။ မြေပေါ်က အိမ်ထောင်စုတွေ၊ အိမ်ထောင်သားစုဝင်တွေအတွက် မြေသုံးသည် ဖြစ်စေ၊ မသုံးသည် ဖြစ်စေ revenue အဖြစ် ကောက်ခံ ပေးသွင်းရတဲ့ အခွန်တော်တွေ ဖြစ်ပါတယ်။


mgyoe.com

mgyoe.com SAMPLE BOOK

နယ်ချဲ့အင်္ဂလိပ်တို့ဟာ အခွန်ကောက်ခံတဲ့နေရာမှာ စစ်စစ်ပေါက်ပေါက်နိုင်လှပြီး တော်တော် ပါးနပ်တယ်လို့ ပြောရမယ့် အချက်တွေ ဖြစ်ပါတယ်။

အထက်က တင်ပြခဲ့တဲ့ အခွန်တော်များမှာ ပါရှိတဲ့ သဿမေဓခွန်နဲ့ လူခွန်တော်စနစ်ကို ဗြိတိသျှ အုပ်ချုပ်နေစဉ် ကာလမှာပဲ ဖျက်သိမ်းဖို့ ဆောင်ရွက်ခဲ့ပုံလေးကို ထပ်မံ တင်ပြပါဦးမယ်။

## သဿမေဓနှင့် လူခွန်တော် ဖျက်သိမ်းရေး ပြဿနာ

အင်္ဂလိပ်တို့က မြန်မာနိုင်ငံမှာ ကောက်ခံနေတဲ့ သဿမေဓအခွန်နဲ့ လူခွန်တော်တွေဟာ ဖိနှိပ် ချုပ်ချယ်တဲ့သဘော ရှိခဲ့တယ်လို့ အခုခေတ် ပညာရှင်တွေက သုံးသပ်ကြပါသည်။ ဒါပေမဲ့လည်း အဲဒီခေတ်အခါက အဲဒီ အခွန်တွေကို ထမ်းဆောင်နေရတဲ့ မြန်မာပြည်သူတွေကတော့ အဲဒီ အခွန်တွေအစားအခြား ထပ်မံ ပြောင်းလဲ စည်းကြပ်မယ့် အခွန်တွေကို မထမ်းဆောင်လိုဘဲ သဿမေဓနဲ့ လူခွန်တော်တွေကိုပဲ ထမ်းဆောင်ဖို့ ဆန္ဒပြုခဲ့ကြကြောင်း သိရပါတယ်။

ဥပဒေပြု မင်းတိုင်ပင်အဖွဲ့ရဲ့ ၁၉၂၅ ခုနှစ် မတ်လ ၁၁ ရက်နေ့နဲ့ ၁၉၂၆ ခုနှစ် မတ်လ ၃ ရက်နေ့တို့မှာ ဆွေးနွေး ဆုံးဖြတ်ချက်တွေအရ အောက်မြန်မာပြည်မှာ စည်းကြပ်နေတဲ့ လူခွန်တော် (Capitation Tax) နဲ့ အထက်မြန်မာပြည်မှာ စည်းကြပ်နေတဲ့ သဿမေဓခွန် (Thathameda Tax) တွေအစား အခြား အခွန်နည်းလမ်းတွေနဲ့ အခွန်တော် ပြောင်းလဲ ကောက်ခံဖို့ကိစ္စအတွက် စုံစမ်းစစ်ဆေး တင်ပြဖို့ကို အစိုးရဟာ လူခွန်တော်နှင့် သဿမေဓခွန် စုံစမ်းရေး ကော်မတီ (Capitation and Thathameda Taxes Enquiry Committee- ၁၉၂၆-၂၇) ကို ၁၉၂၆ ခုနှစ် မေလ ၁၈ ရက်နေ့စွဲနဲ့ ဖွဲ့စည်းတာဝန်ပေးခဲ့ပါတယ်။ အဖွဲ့ဝင် ရှစ်ဦးနဲ့ ဖွဲ့စည်းခဲ့ပြီး အောက်မြန်မာပြည်က မင်းတိုင်ပင်အမတ် သုံးဦး၊ အထက်မြန်မာပြည်က မင်းတိုင်ပင်အမတ် သုံးဦးကို ပြည်သူတွေရဲ့ ဆန္ဒပြု ရွေးချယ်မှုအရ ပါဝင်စေပြီး အစိုးရခန့် မင်းတိုင်ပင်အမတ် တစ်ဦးနဲ့ ဘဏ္ဍာတော်မင်းကြီးတို့က အဖွဲ့ဝင်အဖြစ် ဆောင်ရွက်စေပါတယ်။ ကော်မတီရဲ့ အတွင်းရေးမှူးက ICS ဦးတင်ထွဋ် ဖြစ်ပါတယ်။

ပါဝင်သူတွေကတော့ မစ္စတာ တီကူးပါး (ဥက္ကဋ္ဌ)၊ ဦးရွှေထွန်း၊ ဦးရွှေဘ၊ ဦးချစ်ပု၊ ဦးဘိုးထွန်း၊ ဦးကျော်ဒွန်း၊ ဦးစံဖေ၊ ဝတ်လုံတော်ရ မစ္စတာအိုဒီ ဂလင်ဗီ၊


mgyoe.com

mgyoe.com
SAMPLE BOOK

စီ၊ OBE (မင်းတိုင်အဖွဲ့ ဥက္ကဋ္ဌအဖြစ် ရွေးချယ်ခံရတာကြောင့် နုတ်ထွက်သွား)၊ ဦးတင်ထွဋ် - ICS (အတွင်းရေးမှူး) တို့ ဖြစ်ကြောင်း တွေ့ရပါတယ်။

ကော်မတီဟာ အင်းစိန်ခရိုင်၊ ရခိုင်ပြည်နယ်၊ မြစ်ကြီးနားခရိုင်၊ အထက်ချင်းတွင်း၊ ချင်းတောင်၊ သံလွင်နယ်တို့မှတစ်ပါး မြန်မာပြည် တစ်ပြည်လုံးမှာရှိတဲ့ ခရိုင်အားလုံးဆီ အရောက်သွားပြီး စုံစမ်း စစ်ဆေးမှုတွေ၊ သက်သေထွက်ချက် ရယူခြင်းတွေ ဆောင်ရွက်ခဲ့ပါတယ်။ နယ်များဆီ မသွားရောက်မီ အိန္ဒိယဗဟို အစိုးရရဲ့ အခွန်တော်စုံစမ်းရေးကော်မတီ အစီရင်ခံစာထဲက ကောက်နုတ်ချက်တွေရယ်၊ အခြား သင့်လျော်ရာ အကြံပြုချက်ရယ်တွေကို စုစည်းထားတဲ့စာတမ်းကို စုံစမ်း မေးမြန်းခံရမယ့်သူတွေ လေ့လာနိုင်ဖို့ ကြိုတင် ဖြန့်ဝေပေးခဲ့ပါတယ်။

ကော်မတီက ဖြန့်ဝေထားတဲ့အထဲမှာ လူခွန်တော်နဲ့ သဿမေဓခွန်တွေ ရုပ်သိမ်းခဲ့မယ် ဆိုရင် အဲဒီအခွန်တွေ လျော့နည်းသွားမှုကို အခြားလမ်းကြောင်းတွေနဲ့ ကောက်ခံဖို့ အကြံပြု လျာထားချက်တွေ ပါဝင်ပါတယ်။ ဒါကြောင့်မို့ ကော်မတီထံ လာရောက်ထွက်ဆိုသူတွေ၊ အကြံပြုသူတွေ အားလုံးနီးပါးလောက် ဆန္ဒပြုချက်က အောက်ပါအတိုင်း ဖြစ်ပါတယ်။

> 'သဿမေဓခွန်နှင့် လူခွန်တော် ရုပ်သိမ်းပါက လျော့နည်းသွားမည့် အခွန်တော် ကျပ် သိန်း ၁၀၀ အတွက် အခြားအခွန်သစ်များဖြင့် အစားထိုး စည်းကြပ်ခြင်းကို လက်မခံလိုပါ။ နည်းလမ်းသစ်များဖြင့် အခွန် ခွဲခြင်းထက် ယခု ကောက်ခံနေသော လူခွန်တော်နှင့် သဿမေဓခွန်ကိုသာ ကောက်ခံစေလိုပါသည်။ အကြံပြုထားကြသော အခွန်တော် အသစ်အဆန်းများဖြင့် ခန့်ခွဲခြင်းမှ ချမ်းသာပေးစေလိုပါသည်။'

လို့ ဖြစ်ပါတယ်။

နယ်တွေကို ဖြန့်ဝေထားတဲ့ စာတမ်းတွေထဲမှာ အကြံပြုထားချက် တချို့ကတော့ သဿမေဓခွန်နဲ့ လူခွန်တော် မဖျက်သိမ်းဘဲ ဆက်လက် ကောက်ခံမယ် ဆိုရင် အစိုးရရဲ့ ဝင်ငွေထဲ မထည့်ဘဲ ဒေသန္တရ အဖွဲ့တို့ရဲ့ အသုံးစာရင်းထဲ ထည့်ပေးပြီး ပညာရေး၊ ကျန်းမာရေး၊ လမ်းပန်း ဆက်သွယ်ရေးတွေအတွက် သုံးစွဲစေဖို့ ဆိုတာရယ်၊ အိန္ဒိယ အစိုးရ အခွန်စုံစမ်းရေးကော်မတီရဲ့ အကြံပြုစာတမ်းမှာတော့ သဿမေဓခွန်နဲ့ လူခွန်တော်များကို ရုပ်သိမ်းပြီး ဒေသန္တရ


mgyoe.com

mgyoe.com SAMPLE BOOK

အဖွဲ့တွေအနေနဲ့ မိမိတို့ လုပ်ငန်း ဆောင်ရွက်နိုင်ဖို့ မိမိတို့ဘာသာ အခွန်ကောက်ခံသင့်ကြောင်း ဆိုတာရယ်တွေ ပါဝင်တာ တွေ့ရပါတယ်။

ကော်မတီကို ပေးထားတဲ့တာဝန်က အဲဒီ လူခွန်နဲ့ သဿမေဓခွန် နှစ်ရပ် ဖျက်သိမ်းဖို့ ဒါမှမဟုတ် ဆက်ကောက်ဖို့ သင့် မသင့်၊ အဲဒီအခွန်တွေ ရုပ်သိမ်းမယ် ဆိုရင် လျော့နည်းသွားတဲ့ အခွန်တော်ငွေ ပမာဏအတွက် ဘယ်လို နည်းလမ်းတွေနဲ့ အစားထိုးကောက်ခံဖို့ ဖြစ်နိုင် မဖြစ်နိုင်တို့ကို စုံစမ်းစစ်ဆေး တင်ပြဖို့ ဖြစ်ပါတယ်။

ကော်မတီက စုံစမ်းတွေ့ရှိချက် အစီရင်ခံစာကို ၁၉၂၇ ခုနှစ် မတ်လ ၁၄ ရက်နေ့မှာ ပြန်တင်ပါတယ်။ အစီရင်ခံစာက တစ်စောင်တည်း မဟုတ်ပါဘူး။ ကော်မတီရဲ့ အစီရင်ခံစာအပြင် ဥက္ကဋ္ဌ မစ္စတာ တီ-ကူးပါးနဲ့ အဖွဲ့ဝင် ဦးရွှေထွန်းတို့ နှစ်ယောက်ပေါင်း ရေးသားတဲ့ အကြံပြု စာတမ်း တစ်စောင်နဲ့ အဖွဲ့ဝင် ဦးရွှေဘက သီးခြားရေးတင်တဲ့ အဆိုပြုချက်တစ်စောင်ကိုပါ ကော်မတီရဲ့ အစီရင်ခံစာနဲ့အတူ ပူးတွဲ တင်သွင်းပါတယ်။ ကော်မတီဝင်တွေက Committee Voice အရဖြစ်ဖြစ်၊ Independently နဲ့ဖြစ်ဖြစ် လွတ်လွတ်လပ်လပ် ပွင့်ပွင့်လင်းလင်း တင်ပြခွင့် ရှိတာ တော်တော် စိတ်ဝင်စားဖို့ ကောင်းပါတယ်။

ကော်မတီအနေနဲ့ကတော့ လူခွန်တော် (Capitation Tax) နဲ့ သဿမေဓခွန်တို့ဟာ မြန်မာပြည် တစ်ပြည်ထဲမှာသာ ထူးထူးခြားခြား ကောက်နေတဲ့ အခွန်မဟုတ်ကြောင်း၊ Capitation Tax ဆိုတာ ကမ္ဘာပေါ်ရှိ နိုင်ငံအများအပြားမှာ ကောက်ခံတဲ့ အခွန် ဖြစ်ကြောင်း၊ ယိုးဒယားပြည်မှာ ငွေဒင်္ဂါး သိန်း ၉၀ နဲ့ ညီမျှတဲ့ Capitation tax ကို ကောက်ခံနေကြောင်း၊ ဖိလစ်ပိုင်၊ အမေရိကန်တို့မှာလည်း Capitation tax ကောက်ခံကြောင်း၊ အိန္ဒိယအစိုးရရဲ့ လက်အောက်ပြည်နယ် လေးပြည်နယ်မှာလည်း ဒေသန္တရ အသုံးအတွက် သဿမေဓခွန်နဲ့ ဆင်တူတဲ့ အခွန်တစ်မျိုးကို ကောက်ယူနေကြောင်း ဖော်ပြထားတာလည်း တွေ့ရပါတယ်။

စုံစမ်းရေး ကော်မတီက ဘယ်လိုမျိုး အကြံပြုချက်တွေ တင်ပြခဲ့တယ်၊ ဘယ်လို အခွန်နှုန်းထား နည်းလမ်းတွေ အဆိုပြုခဲ့တယ်၊ သီးခြား စာတမ်းရှင်တွေကလည်း ဘယ်အချက်တွေ တင်ပြခဲ့တယ် ဆိုတာတွေဟာလည်း စိတ်ဝင်စားဖွယ်ပါပဲ။ ဆက်လက် တင်ပြပါမယ်။


mgyoe.com

mgyoe.com SAMPLE BOOK

**ကော်မတီ၏ အစီရင်ခံစာ**

အထက်က တင်ပြချက်ထဲမှာ ဥပဒေပြု မင်းတိုင်ပင်အဖွဲ့ရဲ့ ၁၉၂၅ ခုနှစ် မတ်လ ၁၁ ရက်နေ့နဲ့ ၁၉၂၆ ခုနှစ် မတ်လ ၃ ရက်နေ့မှာ ဆွေးနွေး ဆုံးဖြတ်ချက်တွေအရ အောက်မြန်မာပြည်မှာ စည်းကြပ်နေတဲ့ လူခွန်တော် (Capitation Tax) နဲ့ အထက်မြန်မာပြည်မှာ စည်းကြပ်နေတဲ့ သဿမေဓခွန် (Thatha-meda Tax) တွေအစား အခြား အခွန်နည်းလမ်းတွေနဲ့ အခွန်တော် ပြောင်းလဲ ကောက်ခံဖို့ကိစ္စအတွက် စုံစမ်းစစ်ဆေး တင်ပြဖို့ လူခွန်တော်နှင့် သဿမေဓ ခွန် စုံစမ်းရေးကော်မတီ (Capitation and Thathameda Taxes Enquiry Committee-၁၉၂၆-၁၉၂၇) ကို ၁၉၂၆ ခုနှစ် မေလ ၁၈ ရက် နေ့စွဲနဲ့ ဖွဲ့စည်းခဲ့ရာမှာ ပြည်သူတို့က ရွေးချယ် တင်မြောက်ထားတဲ့ မင်းတိုင်ပင်အမတ် ခုနစ်ဦးနဲ့ ဘဏ္ဍာတော်မင်းကြီးတို့က အဖွဲ့ဝင်အဖြစ် ဆောင်ရွက်ကြကြောင်း၊ ကော်မတီမှာ အောက်မြန်မာပြည်က မင်းတိုင်ပင်အမတ် သုံးဦး၊ အထက်မြန်မာပြည်က မင်းတိုင်ပင်အမတ် သုံးဦး၊ နောက်ပိုင်း ဥပဒေပြု မင်းတိုင်ပင်အဖွဲ့ ဥက္ကဋ္ဌအဖြစ် အရွေးခံရတာကြောင့် ကော်မတီကနေ နုတ်ထွက်သွားသူ မင်းတိုင်ပင်အမတ် ဝတ်လုံတော်ရ မစ္စတာ O.D. Glanvy C, IE. OBE. တို့နဲ့ ကော်မတီရဲ့ အတွင်းရေးမှူးအဖြစ် ICS ဦးတင်ထွဋ် ဖြစ်ကြောင်း တင်ပြခဲ့ပြီး ဖြစ်ပါတယ်။

ကော်မတီကို ပေးထားတဲ့တာဝန်က အဆိုပါ လူခွန်နဲ့ သဿမေဓခွန် နှစ်ရပ် ဖျက်သိမ်းဖို့ ဒါမှမဟုတ် ဆက်လက် ကောက်ခံဖို့ သင့် မသင့်၊ အဲဒီအခွန်တွေ ရုပ်သိမ်းမယ် ဆိုရင် လျော့နည်းသွားတဲ့ အခွန်တော်ငွေ ပမာဏအတွက် ဘယ်လို နည်းလမ်းတွေနဲ့ အစားထိုး ကောက်ခံဖို့ ဖြစ်နိုင် မဖြစ်နိုင်တို့ကို စုံစမ်းစစ်ဆေး တင်ပြဖို့ ဖြစ်ပါတယ်။

လိုအပ်တဲ့ အချက်အလက်တွေ၊ သက်သေ ထွက်ဆိုချက်တွေ ရယူနိုင်ဖို့ နိုင်ငံတော် တစ်ဝန်းလုံးရှိ သင့်လျော်မယ် ထင်တဲ့ နေရာတွေဆီ သွားရောက် စစ်ဆေးနိုင်တဲ့ အခွင့်အာဏာကို ကော်မတီဆီ ပေးအပ်ထားပါတယ်။ ဘယ်လို အကြောင်းအရာတွေကိုသာပဲ စစ်ဆေးရမယ်၊ ဘယ်လို အချက်အလက်တွေကို သာပဲ အစီရင်ခံရမယ်လို့ သတ်မှတ်ထားတာ မရှိဘဲ လွတ်လွတ်လပ်လပ် ကျယ်ကျယ်ပြန့်ပြန့် လုပ်ငန်း ဆောင်ရွက်ခွင့် ပေးထားပါတယ်။ တော်တော် ကြီးလေးတဲ့ တာဝန် ဖြစ်ပါတယ်။


mgyoe.com

mgyoe.com
SAMPLE BOOK

ပြည်သူတွေရဲ့ လူမှုရေး၊ ပညာရေး၊ ကျန်းမာရေး၊ ဒေသန္တရ ဖွံ့ဖြိုး တိုးတက်ရေး လုပ်ငန်းတွေ ဆောင်ရွက်ဖို့ နိုင်ငံတော်ရဲ့ ဘဏ္ဍာငွေတွေ ရှာဖွေ ရယူရာမှာ ပြည်သူတွေဆီက ကောက်ခံနေတဲ့ အခွန်တော်တွေအပေါ် ပြည်သူရဲ့ သဘောထား ရရှိဖို့နဲ့ ထပ်မံ ကောက်ခံမယ့် အခွန်တော်တွေအတွက် ပြည်သူတွေက ဘယ်လို သဘောထားရှိတာကို နိုင်ငံတော် တစ်နံတစ်လျားက ပြည်သူတွေဆီ သွားရောက် တွေ့ဆုံ တင်ပြဆွေးနွေး၊ ပြည်သူတွေ၊ ပညာရှင်တွေရဲ့ ပါဝင် အကြံပြု ဆွေးနွေးတင်ပြချက်တွေ၊ ထောက်ခံချက်တွေ၊ သဘောထားတွေ ရယူပြီး အချက်အလက်ပေါင်းစုံ သုံးသပ်တင်ပြရတဲ့ လုပ်ငန်းကြီး ဖြစ်ပါတယ်။

ကော်မတီဝင်တွေအနေနဲ့ ပင်ကို ပညာအရည်အချင်း၊ အတွေ့အကြုံ၊ အတတ်ပညာ၊ စွမ်းရည်သတ္တိ ပြည့်စုံရမယ့်အပြင် အတော်ကို အပင်ပန်းခံ စေ့စေ့စပ်စပ် စုံစမ်း စိစစ် လေ့လာရမယ့် ပမာဏ ကြီးမားတဲ့ လုပ်ငန်းပါ။ ကော်မတီဟာ အင်းစိန်နယ်၊ ရခိုင်ပြည်နယ်ရှိ ဒီစတြိတ်တွေ၊ အစွန်အဖျားကျတဲ့ မြစ်ကြီးနား၊ အထက်ချင်းတွင်း၊ ချင်းတောင်၊ သံလွင်နယ်တွေမှတစ်ပါး မြန်မာပြည်ရှိ ဒီစတြိတ်အားလုံးဆီ အထက် ကသာခရိုင် ကောလင်းကနေ အောက် မြိတ်ခရိုင် တနင်္သာရီအထိ ခြောက်လတာ ကာလအတွင်း ခြေဆန့် အရောက်သွားပြီး အစိုးရ အရာရှိမဟုတ်တဲ့ သက်သေတွေကို စုံစမ်းစစ်မေးတာ၊ အသင်းအဖွဲ့ အစုအဝေးတွေနဲ့ ပြည်သူတွေကို ထိတွေ့ပြီး ကော်မတီရဲ့ လုပ်ငန်းရပ်တွေ၊ အခွန်ကိစ္စ သုံးသပ်ချက်တွေ ကြိုတင်ဖြန့်ဝေ တင်ပြ ရှင်းလင်း ဆွေးနွေး၊ လွတ်လပ်စွာ ပါဝင် အကြံပြုခွင့်ပေးခဲ့ပြီး အချက်အလက်ပေါင်းစုံ ရယူ သုံးသပ်ပြီးမှ အစီရင်ခံစာ တင်သွင်းတာ တွေ့ရပါတယ်။

ကော်မတီရဲ့ စုံစမ်းတွေ့ရှိချက် အစီရင်ခံစာကို ၁၉၂၇ ခုနှစ် မတ်လ ၁၄ ရက်နေ့မှာ ပြန်တင်တဲ့အခါ အစီရင်ခံစာက တစ်စောင်တည်း မဟုတ်တော့ဘဲ ကော်မတီရဲ့ အစီရင်ခံစာအပြင် ဥက္ကဋ္ဌ မစ္စတာ တီ-ကူးပါးနဲ့ အဖွဲ့ဝင် ဦးရွှေထွန်းတို့ နှစ်ယောက်ပေါင်း ရေးသားတဲ့ အကြံပြု စာတမ်းတစ်စောင်နဲ့ အဖွဲ့ဝင် ဦးရွှေဘက သီးခြား ရေးတင်တဲ့ အဆိုပြုချက်အပြင် အခြား ကျွမ်းကျင်သူများ၊ လုပ်ငန်းအတွေ့အကြုံရှိသူများ၏ အကြံပြုချက်များကိုပါ ကော်မတီရဲ့ အစီရင်ခံစာနဲ့အတူ ပူးတွဲ တင်သွင်းခဲ့ကြောင်း တွေ့ရပါတယ်။

ကော်မတီ Voice ကတော့ လူခွန်တော် (Capitation Tax) နဲ့ သဿမေဓခွန် (Thathameda Tax) တို့ဟာ မျှတတဲ့ အခွန်အဖြစ် ရှုမြင် ကာကွယ်တာ


mgyoe.com

mgyoe.com
SAMPLE BOOK

ကိုလည်း တွေ့ရပါတယ်။ အဲဒီ အခွန်နှစ်ရပ်ဟာ မြန်မာပြည် တစ်ပြည်ထဲမှာသာ ထူးထူးခြားခြား ကောက်ခံနေတဲ့ အခွန် မဟုတ်ကြောင်း၊ Capitation Tax ဆိုတာ ကမ္ဘာပေါ်ရှိ နိုင်ငံ အများအပြားမှာ ကောက်ခံတဲ့ အခွန် ဖြစ်ကြောင်း၊ ကော်မတီအနေနဲ့ အဲဒီ အခွန် နှစ်ရပ်ကို ဆက်လက် ထားရှိဖို့ တင်ပြတဲ့ ပြည်သူတွေရဲ့ သဘောထားကို ထောက်ခံကြောင်း ဖော်ပြထားပြီး သဿမေဓခွန် ဆက်ရှိရာမှာ အခွန် ခွဲတမ်းနဲ့ ခိုင်နှုန်းကြေးတွေ ပြင်ဆင် ကောက်ခံဖို့ မှတ်ချက်ပြုထားတာ တွေ့ရပါတယ်။။ ဘယ်လိုမျိုး အကြံပြုချက်တွေကို စုံစမ်းရေး ကော်မတီက တင်ပြခဲ့တယ် ဆိုတာနဲ့ ဘယ်လိုမျိုး အခွန်တော် နည်းလမ်းတွေကို ဘယ်လိုမျိုးနှုန်းထားတွေနဲ့ အစားထိုး ကောက်ခံဖို့ အဆိုပြုခဲ့ကြောင်း၊ သီးခြား စာတမ်းရှင်တွေကလည်း ဘယ်လိုမျိုး အချက်တွေ တင်ပြခဲ့ကြောင်းကို ဆက်လက် တင်ပြပါမယ်။

အစီရင်ခံစာရဲ့ ခေါင်းစည်းက လူခွန်တော်နှင့် သဿမေဓအခွန်တော် စုံစမ်းရေး ကော်မတီ၏ အစီရင်ခံစာ (၁၉၂၆-၂၇) [REPORT of the Capitation and Thathameda Taxes Enquiry Committee (1926-27)] ဖြစ်ပါတယ်။

## အပိုင်း (၁)
## ကော်မတီမှ ပယ်သော အကြံပြုချက်များ

အစီရင်ခံစာရဲ့ ကနဦး အစပိုင်းမှာ နိုင်ငံတစ်လွှား ပြည်သူတွေနဲ့ တွေ့ဆုံဆွေးနွေးစဉ် တင်ပြတဲ့ အကြံပြုချက်တွေအနက် သင့်လျော်မှု မရှိဘူးလို့ သုံးသပ်သဘောထားမှတ်ချက်နဲ့ ကော်မတီက ပယ်ခဲ့တဲ့ အချက်တွေကို ဦးဆုံး ဖော်ပြထားပါတယ်။

အောက်ပါ အကြံပြုချက်တွေကို ပယ်ခဲ့တာ ဖြစ်ပါတယ်။ အကျဉ်းချုပ် ဖော်ပြပါမယ်။

(၁) နိုင်ငံအတွင်း သွားလာသော သင်္ဘောများ ဆိပ်ကမ်းကပ်သည့်အခါ ကမ်းပါးများကို တိုက်စား ပဲ့ပြိုမှု ဖြစ်ရသည့်အတွက် ရေကြောင်းသွား သင်္ဘောများထံမှ အခွန်ကောက်ခံရန်၊

(၂) မြေကို ကိုယ်တိုင် မလုပ်၊ idle holding ပြုလုပ်နေသည့် မြေပိုင်ရှင်များထံမှ အခွန် တိုး၍ စည်းကြပ်ရန်၊


mgyoe.com

mgyoe.com SAMPLE BOOK

(၃) အထက်မြန်မာပြည်ရှိ အရာတော်မြေများအပေါ် အခွန်တော် တိုး၍ စည်းကြပ်ရန်၊

(၄) မကောင်းမှုဖြင့် အသက်မွေးသူများ၊ လောင်းကစားသမားများ၊ တရားရုံးတွင် မမှန် သက်သေလာခံသူများအပေါ် ဒဏ်ကြေးခွန် စည်းကြပ်ရန်၊

(၅) လူမျိုးကွဲများနှင့် အိမ်ထောင်ပြုသူများအပေါ် အခွန် စည်းကြပ်ရန်၊

(၆) အမှုထမ်းများအား ပေးနေသော ပင်စင်များကို ရပ်စဲ၍ ၎င်းတို့၏ အသက်မွေးမှုအဖြစ် မိမိတို့ တတ်ကျွမ်းသော ဘာသာရပ်အလိုက် ဆိုင်ရာရုံးများတွင် ရှေ့နေလိုက်ခွင့်ပြုရန်၊ တရားမ တရားသူကြီးများ အစား အမှုဖျန်ဖြေပေးမည့် ခုံသမာဓိများအဖြစ် ခန့်ထားပေးရန်၊

(၇) ငွေချေးစားသူများနှင့် ခွေးများအပေါ် အခွန်တော် စည်းကြပ်ရန်၊

(၈) တူရိယာပစ္စည်းများ၊ လက်နှိပ်ဓာတ်မီးများအပေါ် အခွန်ကောက်ရန်။

## အပိုင်း (၂)
## ကော်မတီမှ လက်ခံသုံးသပ်သော အကြံပြုချက်များ

တွေ့ဆုံဆွေးနွေး တင်ပြလာတဲ့ အကြံပြုချက်တွေအနက် တစ်ချက်ချင်းအပေါ် အသေးစိတ် သုံးသပ် တင်ပြထားတဲ့ အကြံပြုချက်တွေကို ဒုတိယပိုင်းအနေနဲ့ တင်ပြထားမှုက အောက်ပါအတိုင်း ဖြစ်ပါတယ်။

(က) **ကျေးရွာလိုက် ဝင်ငွေခွန် အမြတ်တော်ကြေး**

ကျေးရွာတွင်းနေထိုင်သူများ၏ ဝင်ငွေအပေါ် ဆူကြံနိမ့်မြင့် ခွဲခြား၍ ၅၀ဝိ မှ ၁၀၀ဝိ ထိ ရှိသူအား ၂ ပိုင်နှုန်း၊ ၁၀၀ဝိ မှ ၂၀၀ဝိ ထိ ရရှိသူတို့အား ဝင်ငွေ ဝိ လျှင် ၃ ပိုင်နှုန်းဖြင့် အမြတ်တော်ကြေး ကောက်ခံရန်။ ၅၀ဝိ အောက် ဝင်ငွေသမားများကို ကင်းလွတ်ခွင့် ပေးရန်။

(ခ) **Property Tax ကောက်ရန်**

ကျေးရွာသားများ၏ ပိုင်ဆိုင်မှုနှင့်ဝင်ငွေ အမျိုးအစားပေါ် မူတည်၍ အဆင့်များ ခွဲပြီး ၃၀ဝိ တန်းကို ၁ နှုန်း၊ ၅၀ဝိ တန်းကို ၃ နှုန်း၊ ၇၅၀ဝိ တန်းကို ၅ နှုန်း၊ ၁၀၀ဝိ တန်းကို ၁ဝိ နှုန်း စသည်ဖြင့် ပစ္စည်းနှင့် အခြေအနေပေါ် မူတည် စည်းကြပ်သည့် ရွာခွန် ကောက်ခံရန်။


mgyoe.com

mgyoe.com
SAMPLE BOOK

(ဂ) **သေရည်သေရက်ခွန်**
အရက်သေစာ သောက်စားသူများအပေါ် တစ်ဦးလျှင် ၁ဝိ နှုန်းဖြင့် ကောက်ခံရန်။

(ဃ) **ဘိန်းစားသုံးသည့် အခွန်နှင့် ဆေးခြောက်ခွန်**
ဘိန်းနှင့် ဆေးခြောက် သုံးစွဲသူများအပေါ် တစ်ဦးလျှင် အကောက်ငွေ ၁ဝိ နှုန်း ကောက်ယူရန်။

(င) **အစိုးရ၏ အသုံးစရိတ် လျှော့ချရေး**
ဌာနတိုင်း၏ အသုံးစားရိတ်ကို ငွေ ၁ဝဝိ လျှင် ၂ဝိ လျှော့သုံးရန်၊ (၂ဝ % ချွေတာရန်)၊ ယစ်မျိုးဌာနကို ဖျက်သိမ်း၍ ရာဇဝတ်ဌာန (ရဲ) မှ ယစ်မျိုးအလုပ် ပူးတွဲ တာဝန်ယူရန်၊ ခရိုင်မင်းကြီးများကို ဖြုတ်ပစ်ရန်၊ အမှုထမ်းများ၏ ခရီးစရိတ်များ လျှော့ချရန်။

(စ) **အိန္ဒိယအစိုးရ ရန်ပုံငွေမှ ကျခံစေရန်**
အခွန်နှစ်ရပ် ပယ်ဖျက်က ယင်းအခွန်များ၏ လိုငွေကို အိန္ဒိယ ဗဟို အစိုးရ လက်ကျန်ရန်ပုံငွေမှ ရယူရန်။

(ဆ) **မြေခွန်တော် တိုးမြှင့်ရန်**
အားလုံးသော မြေခွန်တော်များကို တစ်ဧကလျှင် ဒိ ဖြစ်စေ၊ ၈ ပဲ (၅ မူး) ဖြစ်စေ တိုးမြှင့် ရယူရန်။

(ဇ) **လှေနှင့် တံကင်းခွန်၊ လှည်းခွန်နှင့် ဆေးရွက်ခွန် ကောက်ခံရန်**
မြန်မာပြည်၌ ဆေးရွက်ကြီး စိုက်ပျိုးဧကပေါင်း ၁ဝဝဝဝဝ ခန့် ရှိ၍ တစ်နှစ်လျှင် ပြည်ပသို့ ဆေးရွက် ပေါင်ချိန် ၁၅ သန်း တင်ပို့နေ ကြောင်း၊ ဆေးရွက်ခွန် ကောက်ရန်။

(ဈ) **သဿမေဓနှင့် လူခွန်တို့အစား ဒေသန္တရနှုန်းအခွန်အဖြစ် ပြောင်းလဲရန်**
လယ်ယာလုပ်ကိုင်ခြင်းနှင့် စပ်ဆိုင်သောမြေများ၊ လယ်ယာစိုက်ပျိုး လုပ်ငန်းနှင့် မသက်ဆိုင်သော၊ လယ်ယာစိုက်ပျိုးမှုအတွက် အသုံးမပြု သော မြေများ၊ အဆောက်အအုံများမှ နှစ်စဉ် ရရှိဝင်ငွေ တန်ဖိုး တွက်ချက်၍ ဒီစတြိတ်ကောင်စီများနှင့် မြူနီစီပယ်ကော်မတီများက တန်ဖိုးအပေါ် သင့်လျော်သော ရာခိုင်နှုန်းဖြင့် ဒေသန္တရ ဖွံ့ဖြိုးမှု


mgyoe.com

mgyoe.com
SAMPLE BOOK

လုပ်ငန်းများ၊ ပညာရေး၊ လမ်းပန်းဆက်သွယ်ရေး၊ ကျန်းမာရေး လုပ်ငန်းများ ဆောင်ရွက်မည့် ကုန်ကျစရိတ်များအတွက် ဘဏ္ဍာငွေ ရှာဖွေ ကောက်ခံရန် ဖြစ်ပါတယ်။ သတ်မှတ် ရာခိုင်နှုန်းကို အသေ မထားဘဲ ဒေသန္တရအဖွဲ့များက ဆောင်ရွက်မည့် လုပ်ငန်းရပ်များ၏ ရန်ပုံငွေ လိုအပ်မှုအပေါ် အခြေခံ၍ ကောက်ယူရန်။ (ဥပမာ- ဦးပိုင် တစ်ခုအား သီးစားချ၍ ရငွေသည် ၄၀၀ိ ဖြစ်က ယင်းမြေ၏ ရရှိ ဝင်ငွေ အခသည် ၄၀၀ိ ဟု သတ်မှတ်၊ ကောက်ခံရန် သတ်မှတ် ရာနှုန်းသည် ၂၅ % ဆိုက ယင်းဦးပိုင်အတွက် အဆိုပါနှစ်အတွက် နှုန်းသင့်အခွန်သည် ၁၀၀ိ ဖြစ်မည်၊ သို့မဟုတ် ၃ိ လျှင် ၂ ပဲနှုန်း (၁၆ ပဲ= ၃ိ၊ ၂ ပဲ= ၁၂.၅ %) သတ်မှတ်က နှုန်းသင့်အခွန်သည် (၁၂.၅ x ၄၀၀ /၁၀၀) = ၅၀ိ ဖြစ်ပေမည်။

## အပိုင်း (၃)
## ကော်မတီ၏ ထောက်ခံတင်ပြချက်များ

လျှော့နည်းသွားမယ့် အခွန်တော် နှစ်ရပ်ကို အောက်ပါ အခွန် စည်းကြပ် ကောက်ခံမှုတွေနဲ့ ဖြည့်ဆည်း ကောက်ခံသင့်ကြောင်း စုံစမ်းရေးကော်မတီက ထောက်ခံ တင်ပြထားတာကို တွေ့ရပါတယ်။

(၁) ဗဟိုအစိုးရထံမှ အကောက်တော်နှင့် အမြတ်တော်ကို ဝေစု ခွဲဝေ ရယူခြင်း၊

(၂) ဓာတ်ဆီနှင့် ရေနံ ပြည်တွင်းခွန်မှ ဝေစုရယူခြင်း၊

(၃) ပြည်ပနှင့် အိန္ဒိယသို့ ဆန်စပါးတင်ပို့ ရောင်းဝယ်မှုမှ အကောက် ယူခြင်း၊

(၄) ကျွန်းသစ် တင်ပို့မှုအပေါ်မှ အကောက်ယူခြင်း၊

(၅) မြန်မာပြည်တွင် အမြဲ နေထိုင်သူ မဟုတ်သည့် ပုဂ္ဂိုလ်များထံမှ (နိုင်ငံခြားသားထံမှ) အခွန် ကောက်ယူခြင်း၊

(၆) လောင်းကစားခွန် စည်းကြပ်ခြင်း (ဘွတ်ကီဒိုင်များထံမှ မြင်းပွဲ လောင်းခွန် ကောက်ယူခြင်း)၊

(၇) ဆေးခြောက် ရောင်းခွန် ကောက်ခံခြင်း၊



mgyoe.com

mgyoe.com
SAMPLE BOOK

(၈) ဘိန်းစားသူ မြန်မာများအပေါ် လိုင်စင်ခွန် စည်းကြပ်ခြင်း၊
(၉) လက်နက်လိုင်စင်ခွန် ထမ်းဆောင်စေခြင်း၊
(၁၀) ပြည်ပထွက်ခွာသူများထံမှ ထွက်ခွန်ကောက်ခြင်း

တို့ကို ကောက်ခံရင် အောက်ပါ အခွန်ငွေတွေ ရရှိနိုင်ကြောင်း၊ လိုအပ်တာထက် ပိုမို ရရှိမှာ ဖြစ်ကြောင်း ကော်မတီရဲ့ အစီရင်ခံစာမှာ တင်ပြထားတာကို တွေ့ ရပါတယ်။

| စဉ် | အကြောင်းအရာ | ရရှိမည့် အခွန်ငွေ | မှတ်ချက် |
|---|---|---|---|
| ၁ | ဗဟိုအစိုးရ အကောက်ခွန်မှ ရမည့် ဝေစု | ၇၅၀၀၀၀၀ | |
| ၂ | ဗဟိုအစိုးရ အမြတ်ခွန်မှ ရမည့် ဝေစု | ၄၅၀၀၀၀၀ | |
| ၃ | Tax on Rice Export to India | ၃၉၀၀၀၀၀ | |
| ၄ | Tax on Rice Export except India | ၂၂၅၀၀၀၀ | |
| ၅ | ဓာတ်ဆီနှင့် ရေနံဆီ ပြည်တွင်းခွန် ဝေစု | ၁၉၀၀၀၀၀ | |
| ၆ | ကျွန်းသစ် တင်ပို့မှ အကောက် | ၂၀၀၀၀၀၀ | |
| ၇ | တိုင်းပြည်သို့ လာရောက် နေထိုင်သူများ | ၁၅၀၀၀၀၀ | |
| ၈ | လောင်းကစားခွန် | ၅၇၅၀၀၀ | |
| ၉ | ဆေးခြောက်ရောင်းခွန် | ၄၀၀၀၀၀ | |
| ၁၀ | ဘိန်းလိုင်စင်ခွန် | ၁၂၀၀၀၀၀ | |
| ၁၁ | သေနတ်လိုင်စင် တိုးမြှင့်ခွန် | ၁၂၅၀၀၀ | |
| ၁၂ | ပြည်ပထွက်ခွာသူများထံမှ ကောက်ခံခွန် | ၃၀၀၀၀၀ | |
| | စုစုပေါင်း ရရှိမည့်အခွန် | ၂၆၁,၅၀,၀၀၀ | |

ဒါပေမဲ့လည်း အထက်ပါ ကော်မတီဝင် အများစု သဘောတူညီချက်နဲ့ တင်ပြချက်တွေအပေါ် ဥက္ကဋ္ဌကိုယ်တိုင်နဲ့ ကော်မတီဝင်အချင်းချင်းကတောင် ကျေနပ် သဘောတူညီမှု မရှိခဲ့ကြတာကိုလည်း တွေ့ရပါတယ်။ ဒါကြောင့် ကော်မတီ ဥက္ကဋ္ဌနဲ့ အဖွဲ့ဝင်တချို့က သီးခြား အကြံပြုချက်တွေ တင်ပြလာတာကို လည်း တွေ့ရပါတယ်။ အထက်က ဖော်ပြခဲ့တဲ့ ကော်မတီက ထောက်ခံတဲ့ အခွန် တော်တွေအတွက် ကော်မတီရဲ့ စိစစ်သုံးသပ်ချက်တွေ၊ သီးခြား တင်ပြတဲ့ စာ တမ်းတွေမှာ အကြံပြုချက်တွေဟာလည်း စိတ်ဝင်စားစရာကောင်းပါတယ်။


mgyoe.com

mgyoe.com
SAMPLE BOOK

**ဥက္ကဋ္ဌ မစ္စတာ တီကူးပါးနှင့် အဖွဲ့ဝင် ဦးရွှေထွန်းတို့မှ သီးခြား တင်ပြသည့် စာတမ်း**

အဓိကအားဖြင့် အောက်မြန်မာပြည်မှာ လူခွန်တော်အစား ပစ္စည်းအခြေအနေခွန် Property Tax ကောက်ခံဖို့၊ အထက်မြန်မာပြည်မှာ သဿမေဓခွန်ကို ပြုပြင်ပြီး ဆက်လက် ထားရှိဖို့ အကြံပြုထားတာ တွေ့ရပါတယ်။

သူတို့ စာတမ်းပါ အချက်တွေဟာ အောက်ပါအတိုင်း ဖြစ်ပါတယ်။

ရုပ်သိမ်းသင့် မသင့် စဉ်းစားနေကြသော အခွန်သုံးရပ်မှ ရငွေမှာ အောက်ပါအတိုင်းဖြစ်ကြောင်း -

| | |
|---|---|
| သဿမေဓခွန် | ၅၈၀၄၈၉၄ ကျပ် |
| လူခွန်တော် | ၄၃၀၃၀၁၈ ကျပ် |
| လူခွန်အစား မြေနှုန်း | ၁၃၈၄၇၆ ကျပ် |

ယင်းအခွန် သုံးရပ်ပေါင်း ၁၀၂. ၅ သိန်း အခွန်တော်များကို ရုပ်သိမ်းလိုက ယင်းငွေ ပမာဏ ပြန်ရှာရပေမည်။

- အထက်မြန်မာပြည်တွင် ခရိုင်အများအပြား ကြေးတိုင်စိုက်ပြီး ဖြစ်ရာ ယင်းဧရိယာများတွင် လယ်ယာစိုက်ပျိုးမှုအတွက် အခွန်မှာ ကြေးတိုင်မြေခွန်တော်နှုန်းများ ဖြစ်ကြောင်း၊ ထို့ကြောင့် ထိုအရပ်ဒေသများတွင် ကောက်ခံသော အခွန်တော်သည် လယ်ယာ စိုက်ပျိုးခြင်းလုပ်ငန်းအပေါ် ကောက်ခံသည့် သဘော မဟုတ်ဘဲ အခြားလုပ်ငန်းများမှ ရရှိသော ဝင်ငွေများအတွက် ကောက်ခံသော အခွန်တော်ဟု မှတ်ယူသင့်ကြောင်း။
- နယ်စွန်နယ်ဖျား ဒီစတြိတ်များနှင့် အချို့သော ဒီစတြိတ်များ၏ အစွန်အဖျား ဝေးလံသီခေါင် တောကျသောနေရာ အနည်းငယ်တွင် ကြေးတိုင်မစိုက်ရသေးသည့်အတွက် ကြေးတိုင်နှုန်း မြေခွန်တော် မသတ်မှတ်နိုင်သေးကြောင်း၊ ယင်းဧရိယာများ၌ အိမ်ထောင်စုတိုင်းအတွက် သဿမေဓခွန်ကိုသာ တစ်အိမ်ထောင်လျှင် ၈/၊ ၉/၊ ၁၀/ နှုန်းများဖြင့် ကောက်ခံလျက်ရှိကြောင်း၊ အဆိုပါ သဿမေဓခွန်ကို ၁၈၈၅ ခုနှစ် မတိုင်မီက ၁၀/နှုန်း ပုံသေ ကောက်ခံခဲ့ကြောင်း၊ ယင်းနေရာများတွင် ကြေးတိုင်စိုက်ပြီးပါက လယ်ယာစိုက်ပျိုးမှုအတွက် ကြေးတိုင် မြေခွန်တော် ရှိသည့်အပြင် လယ်ယာ စိုက်ပျိုးခြင်းနှင့် မသက်ဆိုင်သော ဝင်ငွေအပေါ်၌ပါ


mgyoe.com

mgyoe.com
SAMPLE BOOK

(လျှော့ပေါ့ထားသော) သဿမေဓခွန် ကောက်ခံဦးမည် ဖြစ်က အစိုးရ အနေဖြင့် အခွန်နှစ်ရပ် ရမည် ဖြစ်ရာ မူလ သဿမေဓခွန်ထက် ပိုမိုရရှိနေမည် ဖြစ်ကြောင်း၊ ယခုလက်ရှိ စည်းကြပ်နေသော သဿမေဓအခွန်က နယ်စွန်နယ်ဖျား ဒီစတြိတ်များနှင့် အခြားဒီစတြိတ်များရှိ ကြေးတိုင် မစိုက်ရသေးသော နေရာများတို့တွင် အခွန် တစ်ရပ်သာ ဆောင်ရမှုကြောင့် ပြည်သူများ သက်သာခွင့် ရနေစေသည့်အတွက် ယင်းဒေသများတွင် ကြေးတိုင် မစိုက်မချင်း ယင်းသဿမေဓ အခွန်နှုန်းများကို မပြင်ဆင်သင့်ဘဲ ဆက်လက် ကောက်ခံသင့်ကြောင်း၊ ယင်းဧရိယာများအတွက် ၁၉၂၅-၁၉၂၆ တွင် ကောက်ခံ ရရှိသော သဿမေဓခွန်သည် ကျပ် ၆၅၈၈၈၆ ဖြစ်ရာ ယင်းအခွန်များအတိုင်း ဆက်လက်ထားပါက ပြန်လည် အစားထိုး ရှာဖွေရမည့် အခွန်ငွေ ကျပ် ၁၀၂၄၇၁၈၀ အနက် ၉၅၈၈၃၀၂ ကျပ်ကိုသာ အစားထိုး ရှာဖွေရမည် ဖြစ်ကြောင်း၊ ထို့ပြင် လူခွန်အစား မြေနှုန်းခွန် (၁၃၈၄၇၆ ကျပ်) ကို ဆက်လက် ကောက်ခံသင့်ပြီး သို့ဆိုပါက ထပ်မံ အစားထိုး ရှာဖွေရမည့် အခွန်ငွေမှာ ၉၄၄၉၈၂၆ ကျပ်သာ ရှိတော့မည် ဖြစ်ကြောင်း။

- ယင်းငွေများ ကောက်ခံနိုင်ရန် ကော်မတီ လူကြီးမင်းများနှင့်အတူ ထောက်ခံ အဆိုပြုထားငွေမှာ အောက်ပါအတိုင်း ဖြစ်ကြောင်း-

| | |
|---|---|
| လောင်းကစားခွန် | ၅၇၅၀၀၀ ကျပ် |
| ဆေးခြောက်ရောင်းခွန် အမြတ် | ၄၀၀၀၀၀ ကျပ် |
| ဘိန်းလိုင်စင် | ၁၂၀၀၀၀၀ ကျပ် |
| လက်နက်လိုင်စင်နှုန်းတိုး | ၁၂၅၀၀၀ ကျပ် |
| ပြည်ပထွက်ခွာအခွန် | ၃၀၀၀၀၀ ကျပ် |
| ပေါင်း | ၂၆၀၀၀၀၀ ကျပ် |

(ကျပ် နှစ်ဆယ့်ခြောက်သိန်း)

- ထိုအခါ ထပ်မံ ရှာဖွေရမည့် အခွန်ငွေမှာ ၆၈၄၉၈၂၆ ကျပ် ကျန်ရှိမည် ဖြစ်ကြောင်း၊ ယင်းအခွန်တော်များ ထပ်မံ ဖြည့်ဆည်းနိုင်ရန် ဆက်လက် ထားရှိမည့် သဿမေဓအခွန်နှုန်းကို ၃ ကျပ် ပုံသေထားပြီး လူခွန်တော်ကိုလည်း အခြေအနေခွန်အဖြစ် ပြောင်းပြီး ၃ ကျပ်နှုန်း ပုံသေထားပါက လိုငွေကို ဖြည့်နိုင်မည်ဟု ယူဆကြောင်း၊


mgyoe.com

mgyoe.com
SAMPLE BOOK

- ၁၉၂၅-၁၉၂၆ ခုနှစ်၌ သဿမေဓခွန် စည်းကြပ်ခံရသော အိမ်ထောင်စု ပေါင်းမှာ ၉၅၂၅၆၃ ဖြစ်ကြောင်း၊ သို့ရာတွင် ထိုစာရင်း၌ နယ်စွန်နယ် ဖျား ဒီစတြိတ်များနှင့် တောကျသော ဒေသများရှိ မြေခွန်တော်သဘော ပါဝင်သည့် သဿမေဓခွန် ထမ်းဆောင်နေသည့် အိမ်ထောင်စု ၈၁၂၀၆ ပါဝင်နေကြောင်း၊ ထို့ကြောင့် သဿမေဓခွန်သက်သက် ပေးဆောင်နေ သည့် အိမ်ထောင်စုမှာ ၈၇၁၃၅၇ ဖြစ်သဖြင့် ပုံသေ ၃ ကျပ်နှုန်း ဆိုပါက ၂၆၁၄၀၇၀ိ ရမည် ဖြစ်ကြောင်း။
- ထို့အတူ ၁၉၂၅-၁၉၂၆ ၌ လူခွန်တော် ပေးဆောင်ရသည့်သူ ဦးရေမှာ ၁၄၆၈၂၂၄ ယောက် ဖြစ်ရာ တစ်ဦးလျှင် ၃ ကျပ် ပုံသေနှုန်း ဆိုက ၄၄၀၄၆၇၂ ကျပ် ရမည် ဖြစ်ရာ အထက်မြန်မာပြည်နှင့် အောက် မြန်မာပြည် နှစ်ရပ်ပေါင်း ဆိုက ကျပ် ၇၀၁၈၇၄၃ ရနိုင်သည့်အတွက် လိုအပ်သည့်ငွေ ၆၈၄၉၈၂၆ ကျပ်ထက် ပိုရနိုင်ကြောင်း။
- အထက်မြန်မာပြည်တွင် သဿမေဓခွန်အား ဆက်ထားသင့်ပြီး ပျမ်းမျှ ရှာနှုန်း ၃ိ နှုန်းထက် မပိုသင့်ကြောင်း၊
- အောက်မြန်မာပြည်တွင် လူခွန်တော်ကို ဖြုတ်၍ ယင်းအစား သဿမေဓ နှင့် ဆင်တူသော အခွန်တစ်ရပ်ကို အခြေအနေခွန်ဟု အမည်တပ်၍ သတ်မှတ်သင့်ပြီး မူလနှုန်းကို ၃ိ/ ထားသင့်ကြောင်း

စသဖြင့် အဆိုပြု တင်ပြသွားတာကို တွေ့ရပါတယ်။ သူတို့ရဲ့ တင်ပြချက်မှာ သဿမေဓခွန်နဲ့ လူခွန်တော်အပေါ် ပြင်ဆင်ဖို့ သုံးသပ်ချက်တွေကိုပါ အောက်ပါ အတိုင်း လေ့လာ တွေ့ရှိရပါတယ်။

## သဿမေဓခွန်

အခြေခံ သဘောတရားအရ တရားမျှတသော အခွန်တစ်ရပ် ဖြစ်ကြောင်း၊ သို့ ရာတွင် စီမံမှု အားနည်းပါက ဆင်းရဲသား အိမ်ထောင်စုများအနေဖြင့် ၎င်းတို့ ထမ်းဆောင်နိုင်ဝန်ထက် ပို၍ ထမ်းရတတ်ကြောင်း၊ ရှာနှုန်းအရ ကျသင့်အခွန်ကို အိမ်ထောင်စု တစ်စုချင်းအတွက် သမာဓိများက ကြေးဝှန်းရာတွင် ချမ်းသာသူ များနှင့် ဆင်းရဲသောသူများကို ဥစ္စာဓနအလိုက် ခွဲခြားပေးဆောင်ရန် စီမံမှု


mgyoe.com

mgyoe.com
SAMPLE BOOK

အားနည်းသည့်အခါ ဥစ္စာအင်အား မရှိသူတို့သည် မတတ်နိုင်သည့် အခွန်ကြေးကို ထမ်းဆောင်ရသည့် အနေအထား ဖြစ်သွားရကြောင်း၊ ထိုအခါ ဆင်းရဲသားများအတွက် တရားသဖြင့် ပေးဆောင်ရသည့်အခွန်ဟု သတ်မှတ်နိုင်မည် မဟုတ်ကြောင်း၊ ထို့ကြောင့် ဆူကြုံနိမ့်မြင့် ကြေးမဝှန်းဘဲ လူတိုင်း ပေးဆောင်နိုင်မည့် ရွာနှုန်းကြေး သတ်မှတ်ပေးရန်နှင့် ရွာအလိုက် နှုန်းများကို အရေးပိုင်မင်းမှ လိုအပ်သည့်နေရာများတွင် ကြေးဝှန်းပေးသင့်ကြောင်း။

## လူခွန်အစား အခြေအနေခွန်

ကျေးရွာတစ်ရွာချင်း၊ ရပ်ကွက်တစ်ကွက်ချင်းအတွက် အသက် ၂၀ နှစ်ထက်ကျော်သော ယောကျ်ားသားများကို သူကြီးက စာရင်းကောက်ယူ ပြုစုရန်၊ ယင်းစာရင်းမှ အခွန်လွတ်ငြိမ်းချမ်းသာခွင့် ပြုသင့်သော အမည်များကို ဖယ်ထုတ်ရန်၊ ကျန်ပုဂ္ဂိုလ်များ၏ ဦးရေကို ၃ ကျပ်နှင့် မြှောက်၍ ရသော ကိန်းဂဏန်းသည် အဆိုပါ ရွာ သို့မဟုတ် ရပ်ကွက်မှ ပေးဆောင်ရမည့် အခွန် ဖြစ်ကြောင်း၊ တစ်ဦးချင်း ကျသင့်ငွေ ၃ ကျပ် ဆိုသော်လည်း ရွာအတွက် စုစုပေါင်း ကျသင့်ငွေကို ရွာနှုန်းမီအောင် ရွာရှိ အိမ်ထောင်စုများအပေါ် အိမ်ထောင်စု၏ စီးပွားရေး အခြေအနေအရ သမာဓိများက ကြေးဝှန်းရန် ဖြစ်ကြောင်း။

အခြေအနေခွန် ဆိုသည်မှာ ငွေပေးနိုင်မည့်အခြေအနေကို ဆိုလိုခြင်း ဖြစ်ကြောင်း၊ တစ်နည်းဆိုသော် ပစ္စည်းအင်အား အခြေအနေ (property) အပေါ် အခြေအနေအရ ထမ်းဆောင်စေသည့် အခွန် ဖြစ်ကြောင်း၊ အိမ်ထောင်စု၏ အခြေအနေအရ အခွန် ကြေးဝှန်းရာတွင်လည်း သမာဓိများအနေဖြင့် အကန့်အသတ်မရှိ အာဏာဖြင့် ကြေးဝှန်းချင်တိုင်း မဝှန်းနိုင်စေရန် အရွယ်ရောက်သော ယောကျ်ား တစ်ဦးထက် ပိုမို မရှိသည့် အိမ်ထောင်စုအတွက် ၅ ကျပ်ထက် ပို၍ မသတ်မှတ်ရန်၊ ဆင်းရဲသော အိမ်ထောင်စုအတွက် ယောကျ်ားတစ်ဦးသာ ရှိလျှင် အနည်းဆုံး ၁ ကျပ်နှုန်း ထမ်းဆောင်ရန်၊ ယောကျ်ားသား နှစ်ဦးရှိမည်သည့်အိမ်ထောင်စုမဆို ၁၀ ကျပ်ထက် မပိုစေရ၊ ၂ ကျပ်ထက် မနည်းစေရ၊ ယောကျ်ားသား သုံးဦး ရှိက ၁၅ ကျပ်ထက် မပိုစေရ၊ ၃ ကျပ်ထက် မနည်းစေရ၊ ယောကျ်ား အရေအတွက်အရ ထိုနှုန်းအတိုင်း သင့်ရန် ဖြစ်ကြောင်း။


mgyoe.com

mgyoe.com SAMPLE BOOK

**အထက်ပါအခွန်နှုန်းများအပေါ် မစ္စတာ တိကူးပါးနှင့် အဖွဲ့ဝင် ဦးရွှေထွန်းတို့မှ အဆိုပြုချက်**

အထက်ပါအခွန်သစ်သည် သဿမေဓခွန်နှင့် မတိမ်းမယိမ်း ဆင်ဆင်တူကြောင်း၊ ထို့ကြောင့် ယင်းအခွန်အစား အထက်တွင် စည်းကြပ်သည့် သဿမေဓခွန်ကိုသာ အောက်မြန်မာပြည်တွင် ပြောင်းလဲ စည်းကြပ်သင့်သည်ဟု အချို့က ယူဆကြကြောင်း၊ လူခွန်တော်ကို ပယ်ဖျက်ရန် အဆိုပြုရခြင်းမှာ ယောကျ်ားသားအားလုံးအတွက် ဆင်းရဲချမ်းသာမရွေး လူတိုင်းအပေါ် တစ်တန်းစားတည်း၊ တစ်နှုန်းတည်း ထမ်းဆောင်ပေးရခြင်းသည် မမျှတ မကောင်းမွန်သည့်အတွက် ပယ်သင့်ကြောင်း။

**အခြေအနေခွန် ကောက်ခံစေခြင်း**

လူခွန်တော်အစား အခြေအနေခွန် ကောက်ခံရန် ထောက်ခံရသည့် အချက်မှာ လူခွန်တော် ကောက်ခံသည့် အောက်မြန်မာပြည်တွင် စာရင်းဝင်မြို့ (Schedule Town) များ၌ လူခွန်အစား မြေနှုန်းခွန် ကောက်ရာတွင် တရားမျှတမှု မရှိခြင်းကြောင့် ဖြစ်ကြောင်း၊ လူခွန်အစား မြေခွန်ကို ယင်းမြို့များရှိ အမြဲတစေ နေထိုင်သူတို့အပေါ်၌သာ ကောက်ခံရန် ပြဋ္ဌာန်းထားရာ ထိုမြို့များသို့ ခေတ္တနေထိုင်လာရောက် အလုပ်လုပ်ကိုင်သူများ၊ ယာယီသမားများသည် ထမ်းဆောင်ခြင်းမှ ကင်းလွတ်နေကြောင်း၊ ခေတ္တနေထိုင်သူ ယာယီသမားများအတွက် အဆိုပါ တိုက်ရိုက်ခွန်မှ ကင်းလွတ်ရခြင်းသည် အခွန်ကို မျှတစွာ ထမ်းဆောင်မှု မဖြစ်ကြောင်း၊ ယင်းကို ကုစားရန် ပုသိမ်၊ တောင်ငူ၊ စစ်တွေ၊ ကျောက်ဖြူ၊ ပြည်၊ ဟင်္သာတ၊ သရက်မြို့တို့တွင် လူအားလုံး အိမ်ထောင်စုအားလုံးအတွက် အခြေအနေခွန်အဖြစ် ပြောင်းလဲ သတ်မှတ်စည်းကြပ်သင့်ကြောင်း၊ သို့မဟုတ် ယာယီသမားများကို ၃ ကျပ်နှုန်းဖြင့် ကောက်ခံသင့်ကြောင်း၊ လက်ရှိအားဖြင့် အထက်မြန်မာပြည်ရှိ မန္တလေးတွင် သဿမေဓ မကောက်ခံ၊ အောက်မြန်မာပြည်ရှိ ရန်ကုန်နှင့် မော်လမြိုင်တွင် လူခွန်တော် မကောက်ခံသည့်စနစ်ကို ပယ်ဖျက်ရန် မသင့်သေးဟု ယူဆကြောင်း ဆိုပြီး မစ္စတာ တိကူးပါးနဲ့ ဦးရွှေထွန်းတို့က ၁၉၂၇ ခုနှစ် မတ်လ ၁၄ ရက် နေ့စွဲနဲ့ တင်ပြခဲ့တာကို တွေ့ရပါတယ်။



mgyoe.com

mgyoe.com SAMPLE BOOK

## အစီရင်ခံစာများ၏ ကွဲလွဲမှု

လူခွန်တော်နှင့် သသသမေအခွန်တော် စုံစမ်းရေးကော်မတီရဲ့ အစီရင်ခံမှာ ကျွန်တော် အထူး စိတ်ဝင်စားတဲ့ အချက်က ကော်မတီဝင်တွေ အားလုံး သဘောတူညီ လက်ခံပြီး ထောက်ခံအဆိုပြုတဲ့ အချက်တွေကို Committee Voice အဖြစ် စုပေါင်းလက်မှတ်ရေးထိုး တင်ပြတဲ့နည်းတူ သဘောမတူ အမြင်ကွဲလွဲမှုတွေကို မိမိတို့ဘာသာ သီးခြား အဆိုပြု စာတမ်းတွေနဲ့ ရေးသား တင်ပြခွင့် ရှိကြခြင်း ဖြစ်ပါတယ်။

ဆန္ဒ မတူညီပေမဲ့လည်း သီးခြား အကြံပြု တင်ပြခွင့် ရှိတာ၊ မတူ ကွဲပြားတဲ့ အမြင်နဲ့ တင်သွင်းတဲ့ အစီရင်ခံစာတွေကိုပါ အစိုးရထံ စုပေါင်း တင်သွင်းခွင့် ရှိတာ၊ ပုဂ္ဂလိကတွေ၊ သက်ဆိုင်သူတွေ၊ ကော်မတီဝင်တွေဟာ မိမိတို့ရဲ့ ပုဂ္ဂလိကအမြင်တွေကိုပါ အစိုးရက သင့်လျော်သလို စီမံ ဆောင်ရွက်နိုင်ဖို့ ဖွင့်ဆိုနိုင်ခဲ့တာဟာ အတုယူစရာ ဖြစ်ပါတယ်။ အရေးကြီးတဲ့ လုပ်ငန်းစဉ်တွေအတွက် ဖွဲ့စည်း ဆောင်ရွက်တဲ့ ကော်မတီတွေဟာ Committee Voice သာမက ဘယ်သူ့မျက်နှာမှ မထောက်ဘဲ သီးခြား လွတ်လွတ်လပ်လပ် ဆန္ဒပြုခွင့် ပေးထားတာဟာ Decision Maker တွေအတွက်ရယ်၊ ပြည်သူတွေအတွက်ရယ် အကျိုး ဖြစ်ထွန်းမှု ရှိနိုင်တာကို အတုယူဖွယ် တွေ့ရတာ ဖြစ်ပါတယ်။

အထက်မှာ ဥက္ကဋ္ဌ မစ္စတာ တီကူးပါးနဲ့ အဖွဲ့ဝင် ဦးရွှေထွန်းတို့ နှစ်ဦးပေါင်း တင်သွင်းတဲ့ အကြံပြုစာတမ်းအကျဉ်းကို တင်ပြခဲ့ပြီး ဖြစ်ပါတယ်။ ဥက္ကဋ္ဌ တီကူးပါးနဲ့ ကော်မတီဝင် ဦးရွှေထွန်းရဲ့ စာတမ်းပါ အဓိက အချက်တွေ ဖော်ပြခဲ့ပြီး ဖြစ်ပေမဲ့လည်း သူတို့ရဲ့စာတမ်းမှာ အောက်ပါအချက်တွေလည်း ပါရှိခဲ့ကြောင်း ထပ်မံ တင်ပြလိုပါတယ်။

- အိန္ဒိယနှင့် မြန်မာပြည်အကြား အနှောင့်အယှက် ကုန်ကူးသန်း ရောင်းဝယ်နိုင်မှုသည် အိန္ဒိယ ပို့သော ဆန်အပေါ် အကောက်ယူမှုကြောင့် ပျက်စီးနိုင်သည်။
- မိမိတို့က ပြည်ပပို့ကုန် အခွန်ကောက်သကဲ့သို့ အိန္ဒိယမှ တင်သွင်းသော ငါး၊ ဟင်းသီးဟင်းရွက်၊ ကြက်သွန်၊ အုန်းဆီ၊ နှမ်း၊ ကွမ်းသီး၊ လက်ဖက်ခြောက်၊ ဆေး စသော ကုန်များအပေါ် အကောက်ပေးရမည်



mgyoe.com

mgyoe.com SAMPLE BOOK

ဖြစ်ရာ တန်ဖိုး ပိုလာ၍ ပြည်တွင်း ဆင်းရဲသားများ အကုန်အကျ ပို များမည်။

- အိန္ဒိယပို့သော ဆန်အပေါ် အကောက် မယူသင့်။

ယခု ထပ်မံ၍ ဥက္ကဋ္ဌ မစ္စတာ တီကူးပါးကိုယ်တိုင် သီးခြား တင်သွင်းတဲ့ စာတမ်း၊ အဖွဲ့ဝင် ဦးရွှေဘက သီးခြား တင်သွင်းတဲ့စာတမ်းနဲ့ အိန္ဒိယ ဗဟို အစိုးရရဲ့ အခွန်တော် စုံစမ်းရေးကော်မတီက အကြံပြုချက်တွေအနက် အဓိက ကျတဲ့ အချက်တွေကို ကောက်နုတ်ပြီး ဆက်လက် တင်ပြသွားပါမယ်။

## ဥက္ကဋ္ဌ တီကူးပါး၏ သီးခြားစာတမ်း

Committee Voice အရ သူကိုယ်တိုင် ပါဝင် အတည်ပြုပြီး ကော်မတီက ထောက်ခံ အဆိုပြု တင်ပြပြီးတဲ့ အချက်တွေ ဖြစ်ပေမဲ့လည်း အောက်ပါအချက် တွေကို သဘောမတူကြောင်း မစ္စတာ တီကူးပါးက သီးခြား ကန့်ကွက် တင်ပြခဲ့ တာ တွေ့ရပါတယ်။

- နိုင်ငံခြားသို့ တင်ပို့သည့် ဆန်နှင့် ကျွန်းသစ်များအပေါ် အကောက်ခွန်နှင့် ဓာတ်ဆီနှင့် ရေနံဆီအပေါ် ကောက်ယူသည့် ပြည်တွင်း ကောက်ခံခွန် များကို အိန္ဒိယ ဗဟိုအစိုးရထံမှ ဝေစု ပိုမို တောင်းခံရန်အချက်။
- မြန်မာပြည်သို့ ဝင်လာသူများအပေါ် ၎င်းတို့ ပြည်တွင်းနေထိုင်သော ပထမ ငါးနှစ်အတွင်း အခွန်ယူရန်အချက်။ (ယင်းမှာ ကုလားကူလီများ ကို ထိခိုက်မည်၊ ဤသို့ အခွန် စည်းကြပ်လေက မြန်မာနိုင်ငံ လုပ်ငန်းများ တွင် လုပ်သား လိုအပ်သလောက် ကုလားကူလီများ မလာရောက်ဘဲ နေက အခက်တွေ့မည်။)
- ယခု ထမ်းဆောင်နေရသော လူခွန်တော်နှင့် သဿမေဓခွန်များ ဖျက်သိမ်းမည့်အချက်။ (လက်ရှိ အခွန်အရပ်ရပ်ပေါ်၌ ထမ်းဆောင်နေ ရသော အခွန်သည် များသည်ဟု မဆိုနိုင်၊ အခြားနိုင်ငံများရှိ နိုင်ငံသား တစ်ဦးချင်း ဝင်ငွေနှင့် ထမ်းဆောင်နေရသည့် အခွန်ထက် မြန်မာ ပြည်သားများ ထမ်းဆောင်ရမှု သက်သာနေသည်။)

ကော်မတီအဖွဲ့ဝင် ဆရာရွှေဘကလည်း သီးခြား စာတမ်းတစ်စောင် တင်သွင်းခဲ့ပါတယ်။


mgyoe.com

mgyoe.com
SAMPLE BOOK

**ဆရာရွှေဘ**

ကော်မတီရဲ့ အကြံပြုချက်ပါ ဘိန်းစား လိုင်စင်အခွန် ကောက်နိုင်ဖို့ ဘိန်းစားတဲ့ မြန်မာတို့ကိုပါ စာရင်းကောက်တာဟာ ဆိုးကျိုးသာ ဖြစ်နိုင်လို့ သဘောမတူကြောင်း သုံးသပ် ဖော်ပြထားပါတယ်။

**အိန္ဒိယအစိုးရ အခွန်တော် စည်းကြပ်မှု စုံစမ်းစစ်ဆေးရေးကော်မတီ၏ အကြံပြုချက်**

- လူခွန်တော်နှင့် သဿမေဓအခွန်တော် နှစ်ရပ်လုံး ဆောလျင်နိုင်သမျှ စောစွာ ရပ်စဲသင့်သည်။
- ဥစ္စာဓန ပစ္စည်းအင်အား ပေါကြွယ်မှုကို အခြေခံ၍ ကောက်ယူသော အခွန်တော်အဖြစ်သို့ ပြောင်းလဲသင့်သည်။

**အခြားသော အကြံပြုချက်များ**

- အရက်သေစာ သောက်စားသူများအပေါ် တစ်ဦးလျှင် ၁၀ ကျပ်နှုန်း ကောက်ခံရန် (ဦးချစ်လှိုင်မှ အကြံပြု၊ လူမှုရေးအရ အမည်၊ ဂုဏ်သိက္ခာ ထိပါးမှု ဖြစ်နိုင်၍ ကော်မတီမှ လက်မခံ)၊
- ဝင်ငွေအပေါ် မူတည်၍ အမြတ်ခွန် ကောက်ရန် (ဦးချစ်လှိုင်မှ အကြံပြု၊ ၅၀၀ိ - ၁၀၀၀ိ ကြား ဝင်ငွေများအတွက် ၁ ကျပ်လျှင် ၂ ပိုင်နှုန်း၊ ၁၀၀၀ိ-၂၀၀၀ိ ကြား ဝင်ငွေများအတွက် ၁ ကျပ်လျှင် ၃ ပိုင်နှုန်း)၊
- အရက်ချက်ရန် လိုင်စင်တစ်ခုလျှင် ၅ ကျပ်နှုန်းဖြင့် ထုတ်ပေးရန်၊
- ပျော်ပွဲရှင်ပွဲအခွန်၊ စီးပွားရေးလုပ်ငန်းများ၊ ပညာသည် လုပ်ငန်းများမှ အခွန်ကောက်ရန်၊
- ပစ္စည်းများနှင့် အခြေအနေအပေါ် အခွန်တော် ကောက်ခံရန်

စသဖြင့် လူခွန်တော်နှင့် သဿမေဓအခွန်တော် စုံစမ်းရေးကော်မတီရဲ့ အစီရင်ခံစာမှာ ထောက်ခံချက်တွေ၊ ကန့်ကွက်ချက်တွေ၊ အဆိုပြုချက်တွေ စုံစုံလင်လင်တွေ့ရှိရပါတယ်။


mgyoe.com

mgyoe.com
SAMPLE BOOK

## လူခွန်တော်နှင့် သဿမေဓအခွန်တော်များ၏ နိဂုံး

အထက်မှာ တင်ပြခဲ့သလို သဿမေဓခွန်နဲ့ လူခွန်တော်နှစ်ရပ် ကောက်ခံနေရာက စုံစမ်းရေးကော်မတီရဲ့ အစီရင်ခံစာ အပိုဒ် (၈) မှာ အဲဒီ အခွန်တော်နှစ်မျိုးအနက် အောက်မြန်မာပြည်မှာ ကောက်ခံနေတဲ့ လူခွန်တော်ကို ဖျက်သိမ်းဖို့ ကော်မတီဝင်အားလုံးက သဘောတူကြောင်း တင်ပြထားတာကို တွေ့ရပါတယ်။ အိန္ဒိယအစိုးရ အခွန်တော် စည်းကြပ်မှု စုံစမ်းစစ်ဆေးရေးကော်မတီရဲ့ အကြံပြုချက်မှာတော့ မြန်မာပြည်ရှိ လူခွန်တော်နဲ့ သဿမေဓ အခွန်တော် နှစ်ရပ်လုံး ဆောလျင်နိုင်သမျှ စောစွာ ရပ်စဲသင့်ကြောင်း အကြံပြုထားတာကို တွေ့ရပါတယ်။

ဥက္ကဋ္ဌ မစ္စတာတီကူးပါးနဲ့ ကော်မတီဝင် ဦးရွှေထွန်းတို့က သီးခြား တင်သွင်းတဲ့ အစီရင်ခံစာမှာ အောက်မြန်မာပြည်မှာ လူခွန်တော်အစား ပစ္စည်းပိုင်ဆိုင်မှုခွန် (ပစ္စည်းအခြေအနေခွန်) (property tax) ကို အသစ် ပြဋ္ဌာန်းကောက်ခံဖို့နဲ့ အထက်မြန်မာပြည်မှာ သဿမေဓခွန်ကို ပြန်လည် ပြင်ဆင်ပြီးနောက် ဆက်လက် ထားရှိဖို့ ထောက်ခံ တင်ပြခဲ့တာ တွေ့ရပါတယ်။ အိန္ဒိယအစိုးရ အခွန်စည်းကြပ်မှု စုံစမ်းရေးကော်မတီနဲ့ ကျန်ကော်မတီဝင် တချို့ကတော့ လူခွန်တော်သာမက သဿမေဓခွန်ပါ ဖျက်သိမ်းပြီး ဒေသန္တရခွန်တွေ စည်းကြပ်သင့်ကြောင်း သဘောတူကြတာကို တွေ့ရပါတယ်။ ကော်မတီဝင်အများစုအနေနဲ့ သဿမေဓခွန်ဟာ မျှတတဲ့အခွန် ဖြစ်တာကြောင့် မပယ်ဖျက်သင့်ကြောင်းကို အတော်ကလေး ဇောင်းပေး ကာကွယ် ပြောဆိုနေတာကိုလည်း တွေ့ရပါတယ်။

ဒါပေမဲ့ ကော်မတီရဲ့ အကြံပြုချက်အတိုင်း အဲဒီ အခွန် နှစ်ရပ်အနက် ဘယ်အခွန်ကို ပယ်ဖျက်တယ်၊ ဘယ်လို ပြင်ဆင်တယ် ဆိုတဲ့ အမိန့်တွေကို ဘယ်လို ချမှတ် ဆုံးဖြတ်ခဲ့တာကို အဲဒီ ကာလပိုင်းမှာ ရှိတဲ့ အမိန့် ကြော်ငြာစာတွေမှာ ရှာဖွေ မတွေ့ရှိခဲ့ပါဘူး။ ကျွန်တော် လက်လှမ်း မမီ၊ ရှာဖွေ မတွေ့ရှိတာလည်း ဖြစ်နိုင်ပါတယ်။

## သဿမေဓခွန် ရုပ်သိမ်း ပယ်ဖျက်ခြင်း

ဒါပေမဲ့ သဿမေဓခွန်ကို တရားဝင် ဖျက်သိမ်းခဲ့မှု အထောက်အထားကို The Upper Burma Land and Revenue Regulation (Amendment) Act, 1947 (Burma Act No. VII of 1947) မှာ တွေ့ရှိရပါတယ်။


mgyoe.com

mgyoe.com SAMPLE BOOK

အဲဒီ ပြင်ဆင်ချက် ဥပဒေမှာ အထက်မြန်မာပြည်မှာ ကောက်ခံနေတဲ့ သဿမေဓ အခွန်တော်ကို ပယ်ဖျက် နုတ်ပယ်ကြောင်း ပြဋ္ဌာန်း ပြင်ဆင်ချက် ထုတ်ပြန်ခဲ့တာကို တွေ့ရပါတယ်။ အဲဒီ ပြင်ဆင်ချက် ဥပဒေမှာ It shall extend to the whole of British Burma. လို့ ဖော်ပြချက်အရ အဆိုပါ သဿမေဓ အခွန်တော် နုတ်ပယ် ရပ်စဲတဲ့ ပြဋ္ဌာန်းချက်ဟာ မြန်မာတစ်နိုင်ငံလုံးအတွက် လွှမ်းခြုံတယ်လို့ ယူဆနိုင်ပါတယ်။ သဿမေဓခွန်ဟာ အထက်မြန်မာပြည်နဲ့ပဲ သက်ဆိုင်ပေမဲ့လည်း အဲသလို whole of British Burma လို့ သုံးနှုန်းတာဟာ စဉ်းစားစရာ ဖြစ်ပါတယ်။

အထက်မြန်မာပြည်ကို ဗြိတိသျှတို့ ၁၈၈၅ မှာ မသိမ်းယူမီက သူတို့ သိမ်းပိုက်ထားတဲ့ ရခိုင်၊ တနင်္သာရီ၊ ပဲခူး၊ မုတ္တမနယ်တွေ (သရက်ခရိုင်နဲ့ ပြည် အပါအဝင်) အောက်မြန်မာနိုင်ငံကို British Burma လို့ သတ်မှတ်ခဲ့ပါတယ်။ ၁၈၈၅ မှာ မြန်မာတစ်နိုင်ငံလုံးကို သိမ်းပိုက်ထားနိုင်မှုအရ Whole of British Burma ဆိုတာဟာ အောက်မြန်မာပြည်သာမက အထက်မြန်မာပြည် အပါ အဝင်လို့ ဆိုနိုင်ပါတယ်။

အဲဒီ ၁၉၄၇ Amendment Act ဟာ Upper Burma Land and Revenue Regulation အတွက် ပြင်ဆင်ထုတ်ပြန်တာ ဖြစ်လင့်ကစား အောက် မြန်မာပြည် ပါ အကျုံးဝင်စေတယ်လို့ မှတ်ယူမယ် ဆိုရင် အထက်မြန်မာပြည်က သဿ မေဓခွန်သာမက အဲဒီ သဿမေဓခွန်နဲ့ အလားတူတဲ့ အောက်မြန်မာပြည်ရှိ လူခွန်တော်အတွက်ပါ အကျုံးဝင်မယ်ဟု ပညာရှင်တချို့က တွက်ဆ သတ်မှတ် ကြပါတယ်။

ဥပဒေ ပြင်ဆင်ချက်မှာ အောက်ပါအတိုင်း ဖြစ်ပါတယ်။

**THE UPPER BURMA LAND AND REVENUE REGULATION (Amendment) ACT, 1947**

**[ BURMA ACT No. VII of 1947 »**

1. (1) This Act may be called the Upper Burma Land and Revenue Regulation (Amendment) Act, ၁၉၄၇.
   (2) It shall extend to the whole of British Burma.
2. Section 22 and the heading "Thathameda – Tax" of the Upper Burma Land and Revenue Regulation (hereinafter referred to as the said Regulation), shall be omitted.


mgyoe.com

mgyoe.com SAMPLE BOOK

လွတ်လပ်ရေး မရမီ လပိုင်းမျှ အလိုကလေးမှာ မြန်မာပြည် ဘုရင်ခံက ထုတ်ပြန်ခဲ့တဲ့ ဥပဒေ ပြင်ဆင်ချက်နဲ့ အထက်ပါ အထက်မြန်မာပြည် မြေနှင့် အခွန်တော် စည်းမျဉ်း ပုဒ်မ ၂၂ ကို နုတ်ပယ်တဲ့ အမိန့်အရ အထက်မြန်မာပြည်မှာ ကောက်ခံနေတဲ့ သဿမေဓအခွန်တော်ဟာ ၁၉၄၇ ကပဲ ရပ်စဲသွားတဲ့ သဘော ရှိပါတယ်။

## လူခွန်တော် ဖျက်သိမ်းမှု

စုံစမ်းရေးကော်မတီရဲ့ အစီရင်ခံစာမှာ လူခွန်တော် ဖျက်သိမ်းသင့်ကြောင်း တင်ပြခဲ့မှုကို အစိုးရက ပယ်ဖျက်မှု ပြုခဲ့၊ မပြုခဲ့နဲ့ အောက်မြန်မာပြည် မြေနှင့် အခွန်တော် ဥပဒေ ပုဒ်မ ၃၄၊ ၃၅၊ ၃၆ တို့ကို ပြင်ဆင်တဲ့ ဥပဒေ ပြဋ္ဌာန်းမှုတို့ ရှိ မရှိ ဆက်လက် သုတေသန ပြုဆဲ ဖြစ်ပါတယ်။ လူခွန်တော် မပေးရေး တိုက်ပွဲဝင်ရာက အစပြုခဲ့တဲ့ ဆရာစံ အရေးတော်ပုံကြီး ဖြစ်ပေါ်လာရခြင်းအရ အဲဒီ ဖြစ်စဉ်ကာလ ၁၉၃၀ ဝန်းကျင်အထိ လူခွန်တော် ရှိနေသေးကြောင်း သုံးသပ် တွေ့ရှိရပါတယ်။

စုံစမ်းရေးကော်မတီရဲ့ အစီရင်ခံစာကို ၁၉၂၆-၁၉၂၇ မှာ တင်သွင်းပြီးနောက် အစီရင်ခံစာပါအတိုင်း လူခွန်တော် ပယ်ဖျက်ပေးခြင်း မရှိသေးဘူးလို့ ဆိုတယ်ထားဦး၊ အထက်ပါ ၁၉၄၇ ပြင်ဆင်ချက် ဥပဒေ (Amendment) ACT, ၁၉၄၇ အရ ပျက်ကောင်း ပျက်သွားနိုင်ပါတယ်။ ဘာကြောင့်ဆို လူခွန်တော်နဲ့ သဿမေဓခွန်ဟာ အခွန်အတန်းအစား အတူတူ ဖြစ်ကြောင်း၊ အောက်မြန်မာပြည်မှာ လူခွန်တော်လို့ သတ်မှတ်ပြီး အထက်မြန်မာပြည်မှာ သဿမေဓခွန်လို့ ခေါ်ကြောင်းနဲ့ မြေနှင့်အခွန်တော် ဥပဒေဘာသာရပ်ကို သင်ကြားနာယူစဉ်က တာဝန်ရှိသူတွေ၊ သင်ကြားသူ ဆရာသမားတွေက အကြိမ်ကြိမ် အထပ်ထပ် ပြောလေ့ရှိတာ နားရည်ဝခဲ့တာမို့ အထက်ပါ အထက်မြန်မာပြည် မြေခွန် စည်းမျဉ်း ၁၉၄၇ ပြင်ဆင်ချက် ဥပဒေနဲ့ သဿမေဓခွန်ကို ပယ်ဖျက်ခြင်းဟာ အောက်မြန်မာပြည်က လူခွန်တော်ပါ အကျုံးဝင်သွားနိုင်တဲ့အသွင် ရှိမှာလားမှတ်ယူပါတယ်။

ဆရာဦးဝင်းနိုင်ရဲ့ နိုင်ငံအကျိုးပြု ကြေးတိုင်နှင့်မြေစာရင်းသမိုင်း စာအုပ်မှာတော့ ၁၉၃၀ လူခွန်တော်တိုက်ပွဲမှာ ဆရာစံ အရေးတော်ပုံ ပေါ်ပေါက်ပြီးနောက်ပိုင်း ၁၉၃၆ မှာ သဿမေဓခွန်နဲ့ ၁၉၃၉ ခုနှစ်မှာ လူခွန်တော် စည်း


mgyoe.com

mgyoe.com
SAMPLE BOOK

ကြပ်မှုတွေ ပျောက်ကွယ်သွားတယ်လို့ ဆိုထားပေမဲ့လည်း ခိုင်လုံတဲ့ အထောက်အထား မဖော်ပြထားပါဘူး။ တွေ့လည်း မတွေ့သေးပါဘူး။ ဆရာဦးဝင်းနိုင်က ၁၉၃၆ မှာ သဿမေဓခွန် ဖျက်သိမ်းတဲ့သဘော ပြောပေမဲ့ ၁၉၄၇ ရောက်မှသာ အထက်မြန်မာပြည် မြေနှင့်အခွန်တော်စည်းမျဉ်း ပြင်ဆင်ချက်မှာ သဿမေဓခွန် ပယ်ဖျက်ကြောင်း အထောက်အထား တွေ့ရပါတယ်။ လူခွန်တော်အတွက် ပြင်ဆင်ချက် ဥပဒေတွေ ရှာဖွေဆဲ ဖြစ်ပါတယ်။

သေချာတာကတော့ လွတ်လပ်ရေးရပြီး နောက်ပိုင်း အခွန်နှုန်းထားတွေ ပြင်ဆင်ရာမှာ အဲဒီသဿမေဓနဲ့ လူခွန်တော် အခွန် နှစ်ရပ်အတွက် ဘယ်လို ပြင်ဆင် ကောက်ခံဖို့ ဆိုတဲ့ ပြင်ဆင်ညွှန်ကြားမှု ဖော်ပြချက်တွေ မတွေ့ရတော့တာပါပဲ။

လွတ်လပ်ရေး ရပြီးခေတ်မှာ ၁၉၅၂ ဇူလိုင်လ ၁ ရက်နေ့က အစပြုပြီး မြန်မာနိုင်ငံမှာ Decimalisation ၁၀ လီစနစ် ပြောင်းလဲ ကျင့်သုံးပြီး အရင်သုံးနေတဲ့ ပဲ၊ ပိုင်တွေအစား ပြား၊ မတ်၊ မူး ၁၀ လီ ဂဏန်းတွေ ပြင်ဆင်ပါတယ်။ အောက်မြန်မာပြည်ရှိ သီးစားခံ မြေလပ်ကို မြေခွန်နှုန်းပြည့်၊ နည်းဥပဒေ ၇၇ ကြေညာကွင်းတွေရှိ မြေလပ်ခွန်ကို အရင် ၂ ပဲနှုန်း (2 Annas) စည်းကြပ်ရာက ၁၃ ပြားနှုန်းလို့ ပြင်ဆင်ပါတယ်။ [ယခင်က ဒင်္ဂါး (1 Rupee) ကို ၆၄ ပြား၊ ၄ ပြား တစ်ပဲ၊ ၂ ပဲ တစ်မူး၊ ၁၆ ပဲ ဒင်္ဂါး သတ်မှတ်ခဲ့စဉ်က ၂ ပဲဟာ ၈ ပြားသာ ဖြစ်ပေမဲ့လည်း Decimalisation ပြင်ဆင်ချက်အရ ဒင်္ဂါး ဟာ ပြား ၁၀၀ ဖြစ်သွားတဲ့အတွက် မြေလပ်ခွန်ဟာ ၂ ပဲကနေ ၁၃ ပြားလို့ ပြောင်းလဲ သတ်မှတ်ခြင်း ဖြစ်ပါတယ်။]

အဲသလို ပြင်ဆင်တဲ့အခါ လူခွန်တော် ကောက်ခံတဲ့ နှုန်းတွေ ဖြစ်တဲ့ အိမ်ထောင်မရှိသူ ယောကျ်ားတစ်ကိုယ် ဆိုရင် နှစ်ကျပ်၊ ရှစ်ပဲ ဆိုတာရယ်၊ လူခွန်အစား မြေခွန် ကောက်ရတဲ့ စာရင်းဝင်မြို့တွေမှာ အိမ်ရာ ဆောက်လုပ်ထားတဲ့ မြေ ဖြစ်ရင် မြေနှုန်းခွန်အဖြစ် တစ်ပေပတ်လည် တစ်ပိုင်ခွဲ၊ အိမ်ရာ မဆောက်လုပ်ထားတဲ့မြေ သုံးကျပ် စတဲ့ ပိုင်တွေ၊ ပဲတွေနဲ့ အရင် သတ်မှတ်နှုန်းတွေကိုရယ်၊ ၁၉၅၂ ဇူလိုင်လ ၁ ရက်နေ့က အစပြုခဲ့တဲ့ Decimalisation ဆယ်လီစိတ်ငွေကြေးတန်ဖိုးနဲ့ ပြန်လည် ပြင်ဆင်မှု မတွေ့ရပါဘူး။ သဿမေဓခွန်နဲ့ လူခွန်တော်တွေအတွက် မူလသင့်ငွေ ပဲ၊ ပိုင်တွေအစား နည်း-၇၇ ကြေညာကွင်းလို


mgyoe.com